# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


## ညီညွတ်ခြင်းသည် ချမ်းသာခြင်း

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ **(ဓမ္မပဒ - ၁၉၄)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၄၀)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အရှေ့တောင်အာရှလေ့လာရေး ဂုဏ်ထူးဆောင်ပါမောက္ခနှင့် အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃



# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီများ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ**
**ကြေညာချက်အမှတ်၊ ၂ / ၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)**
**လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်အကြောင်းအရာများအပေါ် အခြေခံ၍ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ခ) လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ဂ) စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(ဃ) လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ
(င) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ

၂။ ထိုသို့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတစ်ခုလျှင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီများမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု ပင်လုံကိုယ်စားလှယ် ၄ ဦးစီနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၊ အတွင်းရေးမှူးအဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း ၁၅ ဦးစီဖြင့် ဖွဲ့စည်းရန် သဘောတူဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ သက်ဆိုင်ရာအစုအဖွဲ့များက လုပ်ငန်းကော်မတီများတွင် တာဝန်ပေးအပ်မည့် ကိုယ်စားလှယ် အမည်စာရင်းများကို ထောက်ခံတင်ပြလာပြီဖြစ်ပါ၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

**(က) နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဦးခင်ဇော်ဦး (တပ်မတော်)
(၂) ဒေါက်တာလျန်မှုန်းဆာခေါင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၃) စိုင်းကျော်ညွန့် (နိုင်ငံရေးပါတီ)
(၄) ဗိုလ်မှူးချုပ်တင်အောင် (တပ်မတော်)
(၅) ဗိုလ်မှူးချုပ် လှသန်းမောင် (တပ်မတော်)
(၆) ဦးဌေးဝင်းအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၇) ဦးကျော်ကျော်ဟန် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)
(၈) ဒေါက်တာစိုင်းဦး (တိုင်းရင်းသားလက်နက်ကိုင်)
(၉) စောအယ်ကလူစေး (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) စောစံငြိမ်းသူ (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) စောကူးကူ (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဦးဇမ်ဇမုန် (နိုင်ငံရေးပါတီ)
(၁၃) စိုင်းဘိုးအောင် (နိုင်ငံရေးပါတီ)
(၁၄) ဒေါက်တာတူးဂျာ (နိုင်ငံရေးပါတီ)
(၁၅) ဦးအောင်ကြည်ညွန့် (နိုင်ငံရေးပါတီ)

**(ခ) လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဦးဇော်ဌေး (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန)
(၂) ဦးစိုင်းလ (တိုင်းရင်းသားလက်နက်ကိုင်)
(၃) ဦးနိုင်ငံလင်း (နိုင်ငံရေးပါတီ)
(၄) ဗိုလ်ချုပ် နေလင်း (တပ်မတော်)
(၅) ဒေါ်ဇင်မာအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၆) ဦးနိုင်ဆွေဦး (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)
(၇) ဒေါက်တာစန်းစန်းအေး (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)
(၈) မိဆူးပွင့် (တိုင်းရင်းသားလက်နက်ကိုင်)
(၉) စောဆဲဗွယ် (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) ခွန်သောမက်စ် (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) နော်စန္ဒာဝိုင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဒေါ်အေးသီတာမြင့် (နိုင်ငံရေးပါတီ)
(၁၃) ဦးတင်ဆွေ (နိုင်ငံရေးပါတီ)
(၁၄) ဦးဆမ်းဆောင်ကား (နိုင်ငံရေးပါတီ)
(၁၅) ဦးရွှေမင်း (နိုင်ငံရေးပါတီ)

စာမျက်နှာ ၄ ကော်လံ ၁ ☀

## ဒုတိယသမ္မတ ဦးမြင့်ဆွေ မောင်တောဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

စာမျက်နှာ - ၄

## မျက်မှောက်ပကတိနိုင်ငံရေးအခြေအနေနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ KNU ကိုယ်စားလှယ်အဖွဲ့နှင့် KIO ဗဟိုကော်မတီတို့ ဆွေးနွေး

စာမျက်နှာ - ၁၂


ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့အခြေစိုက် ကမ္ဘာ့အရည်အသွေးစိစစ်သတ်မှတ်မှုပြိုင်ပွဲများတွင် CRYSTAL PRESTIGE TROPHY, INT'L HIGH QUALITY TROPHY ဆုများ အထူးရွှေတံဆိပ်ဆုနှင့်ရွှေတံဆိပ်များ ဆယ်စုနှစ်တစ်ခုတိုင်ရရှိခဲ့သော . . . ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်ထုတ်ကုန်များ



# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေး တို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

မြန်မာ့အလင်း

## မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာသော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီး

ချင်းပြည်နယ်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်က အကြောင်းကြားခဲ့သည်ဟုသိရသည်။ ဤသတင်းမှာ ချင်းပြည်နယ်ရှိ ပြည်သူများနှင့် နိုင်ငံရေးပါတီများ၊ ချင်းအမျိုးသားတပ်ဦး (CNF)အတွက်သာမက မကြာမီ ကျင်းပရန်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအတွက်လည်း သတင်းကောင်းတစ်ခုပင်ဖြစ်ပါသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) အရ လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို NCA လက်မှတ်ရေးထိုးပြီးသော ပြည်နယ်များ၌ ကျင်းပရန်ဖြစ်ပြီး ဒေသအလိုက် ဆွေးနွေးပွဲများကို တိုင်းဒေသကြီးများ၌ ကျင်းပရန်ဖြစ်သည်။ ယခု လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်၌ ကျင်းပခဲ့ပြီး ဒေသအလိုက် ဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး၌ အောင်မြင်စွာကျင်းပခဲ့ပြီး ဖြစ်ပါသည်။ ထပ်မံ၍ ကျင်းပရန်ရှိသော လူမျိုးအလိုက် ဆွေးနွေးပွဲများကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းဒေသနှင့် ရှမ်း(RCSS)ဒေသတို့တွင် သီးခြားစီ ကျင်းပသွားရန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရေး ပူးတွဲကော်မတီ (UPDJC)က သဘောတူထားပြီးဖြစ်သည်။ ထို့အပြင် ဒေသအလိုက် အမျိုးသားအဆင့်ဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး၌ ပြုလုပ်သွားမည်ဖြစ်သည်။ ထိုဆွေးနွေးပွဲများအတွက် ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၏ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ တပ်မတော်သားကိုယ်စားလှယ်တစ်ဦး၊ တိုင်းရင်းသား လက်နက်ကိုင်သုံးဦး၊ နိုင်ငံရေးပါတီသုံးဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်သည်။

ယခုခွင့်ပြုထားသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ယခုလ ၂၃ ရက်(သို့မဟုတ်) ထိုရက်နောက်ပိုင်းမှသာ ကျင်းပနိုင်ကြမည်ဖြစ်ရာ (၂၁)ရာစုပင်လုံကို မူလလျာထားချက်ဖြစ်သော ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပနိုင်မည်မဟုတ်ဘဲ မတ်လပထမပတ်(သို့မဟုတ်) ဒုတိယပတ်လောက်တွင် ပြောင်းလဲကျင်းပရမည်ဖြစ်ပါသည်။ ချင်းပြည်နယ်အဖို့မူ ချင်းပါတီ ရှစ်ပါတီအပြင် NLD၊ USDP၊ NUP စသည်ဖြင့် အခြားပါတီများနှင့်ပါ ပူးပေါင်းလုပ်ဆောင်သွားကြမည်ဟု သိရသည်။ နိဝင်ဘာလကတည်းက ပြင်ဆင်လာမှုများရှိသည့်အတွက် အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်ကြောင်းလည်း သိရပါသည်။

ယခုကျင်းပပြီးစီးခဲ့သော ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့်ဆွေးနွေးပွဲများကိုကြည့်လျှင် ပါဝင်ဆောင်ရွက်ဆွေးနွေးကြသူများကိုယ်တိုင် ကျေနပ်မှုရကြပြီး အမြင်ပေါင်းစုံ စုစည်းထားသော ရလဒ်ကောင်းများလည်း ရရှိကြသည်ကို တွေ့ရသည်။ ထို့အပြင် NCA လက်မှတ်ရေးထိုးပြီးအဖွဲ့များက နိုင်ငံရေးလမ်းပြမြေပုံအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် NCAလက်မှတ် မရေးထိုးရသေးသော အဖွဲ့များအတွက်လည်း ယုံကြည်မှုပိုမိုရရှိလာမည်ဖြစ်သည်။ မိမိတို့ပေးနိုင်သည်များနှင့် မိမိတို့ရပိုင်ခွင့်များအားလုံးကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် စုစည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင် တရားဝင်တင်သွင်းနိုင်မည်ဖြစ်ပါသည်။

အကြောင်းအရာအလိုက် ဆွေးနွေးပွဲများကို အရပ်ဘက်အဖွဲ့အစည်းများက နေပြည်တော်တွင် ဖေဖော်ဝါရီလကုန်၌ ဆွေးနွေးကြမည်ဖြစ်သော်လည်း (၂၁)ရာစုပင်လုံတွင် အစီရင်ခံစာတင်သွင်းနိုင်ဦးမည်မဟုတ်ဟု ဆိုပါသည်။

မည်သို့ဆိုစေ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ကျင်းပပြီး ဒေသအလိုက်ဆွေးနွေးပွဲများကို တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ကျင်းပခြင်းအားဖြင့် (၂၁)ရာစုပင်လုံတွင် ဆွေးနွေးပွဲများကို မြိုင်ဆိုင်လာစေမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာသဘာဝပတ်ဝန်းကျင်ကဏ္ဍ(၄)ခုတွင် ဆွေးနွေးရရှိချက်များမှ အများသဘောတူညီသောအချက်များ၊ ပြည်ထောင်စုအတွက် အကျိုးရှိစေသောအချက်များ၊ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်ဖြစ်စေမည့်အချက်များကို စုစည်းရယူနိုင်မည်ဆိုလျှင် (၂၁)ရာစုပင်လုံ၏ အောင်မြင်မှုပင်ဖြစ်ပါသည်။ ထိုသို့ (၂၁) ရာစုပင်လုံကို အကြိမ်အချို့ ကျင်းပနိုင်ပြီး အသင့်တော်ဆုံးနှင့်အဖြစ်နိုင်ဆုံး အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးသည်သာ အားလုံးအတွက် အန္တိမရည်မှန်းချက်ဖြစ်သင့်ပါကြောင်း တင်ပြရပါသည်။ ။

## ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် (အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ)ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းရေးနှင့် အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဖိတ်ကြားထားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များ စုပေါင်း၍ တက်ရောက်ဆွေးနွေးသူ ၆၀၀ ခန့်ဖြင့် ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်အတွက် အကြိုပြင်ဆင်ရေးဖိုရမ်ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ တောင်ကြီးမြို့၌လည်းကောင်း၊ တက်ရောက်ဆွေးနွေးသူ ၅၀၀ ခန့်ဖြင့် ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂(MICC-II)၊ နေပြည်တော်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဖိုရမ်၏ ရည်ရွယ်ချက်များ ထိရောက်အောင်မြင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးမှ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ်ဖြစ်မြောက်ရေးကော်မတီက ပန်ကြားထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ဂျပန်-မြန်မာ ပညာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ အခမဲ့ခွဲစိတ်ကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဂျပန်-မြန်မာ နှစ်နိုင်ငံ ပညာရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ကျူရှူးတက္ကသိုလ် Japanese Cleft Palate Foundation မှ ဒေါက်တာ တာကီရှီ မစ်ဆုရဆု ဦးဆောင်သော အဖွဲ့ဝင် ခြောက်ဦးသည် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ဆရာ ဆရာမများနှင့် ပူးပေါင်းပြီး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ခုတင် ၅၀ ဆံ့ ဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၆ ဦးအား ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အတွင်း အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နိုင်ငံရေးဆွေးနွေးပွဲ တောင်ငူ၌ ဆက်လက်ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၆**

တောင်ငူခရိုင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက တောင်ငူပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဖေဖော်ဝါရီ ၁၄ ရက်တွင် တောင်ငူခရိုင်အတွင်း မြို့နယ် ခြောက်မြို့နယ်မှ ဖတ်ကြားတင်သွင်းခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သယံဇာတဆိုင်ရာ စာတမ်းအနှစ်ချုပ်ကို မြို့နယ် ခြောက်မြို့နယ်မှ ကိုယ်စားလှယ်များက ဖတ်ကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက တင်ပြခဲ့သည့် စာတမ်းသုံးစောင်အပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက တောင်ငူခရိုင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၀၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၁၀/၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၃၀/၇၃၅ ကျပ် |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၇ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ ・ ၈၆ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၄ |
| တရုတ် | တစ်ယွမ် | ၁၉၈ ・ ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ・ ၆၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အရှေ့တောင်အာရှလေ့လာရေး ဂုဏ်ထူးဆောင်ပါမောက္ခနှင့် အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ Johns Hopkins တက္ကသိုလ် School of Advanced International Studies (SAIS) အရှေ့တောင်အာရှလေ့လာရေး ဂုဏ်ထူးဆောင်ပါမောက္ခ Dr. Karl D.Jackson နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် Johns Hopkins တက္ကသိုလ်၌ ပညာသင်ဆုများ ပေးအပ်ရေးနှင့် မြန်မာနိုင်ငံ၌ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**အယ်လ်ဂျီးရီးယား သံအမတ်ကြီးအား လက်ခံတွေ့ဆုံ**

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဘီရာအား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ထူးဆောင်ပါမောက္ခ Dr. Karl D.Jackson အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အယ်လ်ဂျီးရီးယား ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဘီရာတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးတင်မြင့် | ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန |
| (ခ) ဦးကံချွန် | ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးမျိုးတင့် ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးမင်းဆွေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဥပဒေစိစစ်ရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ် ဥပဒေစိစစ်ရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |

# ငြိမ်းချမ်းရေးဖော်ဆောင်မှုများတွင် တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ငြိမ်းချမ်းရေးဖော်ဆောင်မှု ကိစ္စရပ်များတွင် တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု၊ လူသားချင်း စာနာထောက်ထားမှုနှင့် ပတ်သက်ပြီး တိကျစွာ လိုက်နာဆောင်ရွက်နေမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိပါကလည်း ဖြေရှင်းရန်အဆင်သင့်ရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ဧည့်သည်တော် သံအမတ်ကြီးက လူ့အခွင့်အရေးအကြောင်းပြ၍ အစိုးရအပေါ် ဖိအားပေးနေမှုများနှင့် ပတ်သက်၍ ကြားသိရကြောင်း၊ မြန်မာနိုင်ငံ အရေးကိစ္စများ တည်ငြိမ်အေးချမ်းစေရန် မျှော်လင့်ကြောင်း၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း လိုအပ်သည်များ ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ငြိမ်းချမ်းရေး ဖော်ဆောင်မှုကိစ္စရပ်များအပေါ် နိုင်ငံတကာ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် နှိုင်းယှဉ်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi တို့ တွေ့ဆုံဆွေးနွေးစဉ်**

# ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/ဇလ)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မောင်တောဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

မောင်တော ဖေဖော်ဝါရီ ၁၆

**ရခိုင်ပြည်နယ် ကျီးကန်းပြင်၌ ရောက်ရှိနေသော စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တောဒေသ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုဇုန်အတွက် လျာထားသည့်မြေနေရာ၊ အဝေးပြေးယာဉ်ရပ်နားစခန်း ဆောက်လုပ်ရန် လျာထားမြေနေရာနှင့် ဆေးရုံဆောက်လုပ်ရန် လျာထားမြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ခုတင် ၅၀ ဆံ့ မောင်တောခရိုင်ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့ကညင်ချောင်းရှိ ကုန်သွယ်ရေးဇုန်သို့ရောက်ရှိရာ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ကုန်သွယ်ရေးဇုန်၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ တည်ဆောက်ပြီးဖြစ်သည့် အဆောက်အအုံများနှင့် ကညင်ချောင်းဆိပ်ခံတံတားတို့ကို လိုက်လံရှင်းလင်းပြသသည်။

ကညင်ချောင်း ကုန်သွယ်ရေးဇုန်သည် စီးပွားရေးဈေးကွက်စနစ်၏ လိုအပ်ချက်နှင့်အညီ ပြည်တွင်းထွက်ကုန်ပစ္စည်းများအပေါ် ဝယ်သူဈေးကွက်မှ ရောင်းသူဈေးကွက် ဖြစ်ပေါ်လာစေရန်၊ ကုန်သွယ်မှုပမာဏ တိုးမြင့်လာစေရန်နှင့် ကုန်တင်သင်္ဘောများ အချိန်မရွေး ဆိုက်ကပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းသည်။

မောင်တောခရိုင်သည် ဖွံ့ဖြိုးမှုအလားအလာကောင်းသည့် ဒေသတစ်ခုဖြစ်သည့်အပြင် တစ်ဖက်နိုင်ငံ၏ ဝယ်လိုအားပမာဏ များပြားခြင်းတို့ကြောင့် အခြား နယ်စပ်ဒေသကုန်သွယ်ရေးဇုန်များနှင့် နှိုင်းယှဉ်လျှင် သွင်းကုန်ထက် ပို့ကုန်ကို ဦးစားပေးဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မောင်တောခရိုင် ပြည်သူ့ဆေးရုံ၌ ကုသလျက်ရှိသော လူနာတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေကို ကြည့်ရှုစဉ် (သတင်းစဉ်)

*ရှေ့ဖုံးမှ*

**(ဂ) စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဦးလှမောင်ရွှေ (ငြိမ်းချမ်းရေးကော်မရှင်)
(၂) ဒေါ်စောမြရာဇာလင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၃) မင်းကျော်ဇေယျာဦး (နိုင်ငံရေးပါတီ)
(၄) ဗိုလ်မှူးချုပ် သိုက်စိုး (တပ်မတော်)
(၅) မိကွန်ချမ်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၆) ဦးဗရတ်ဆင်း (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)
(၇) ဦးအောင်နိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)
(၈) ဆလိုင်းထလာဟေး (တိုင်းရင်းသားလက်နက်ကိုင်)
(၉) ပဒိုစောတာဒိုမူး (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) စိုင်းလျန်း (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) ခွန်တင်ရွှေဦး (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဦးထွန်းနိုင် (နိုင်ငံရေးပါတီ)
(၁၃) ဦးသိန်းထွန်း (နိုင်ငံရေးပါတီ)
(၁၄) ဦးမားကို့စ် (နိုင်ငံရေးပါတီ)
(၁၅) ဦးသာထွန်းလှ (နိုင်ငံရေးပါတီ)

**(ဃ) လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဗိုလ်ချုပ် စိုးနိုင်ဦး (တပ်မတော်)
(၂) ဦးမျိုးဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၃) ဦးတာလှဖေ (နိုင်ငံရေးပါတီ)
(၄) ဗိုလ်ချုပ်တင်မောင်ဝင်း (တပ်မတော်)
(၅) ဗိုလ်မှူးချုပ် စိန်ထွန်းလှ (တပ်မတော်)
(၆) ဦးအင်ထုံးခါးနော်ဆမ် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၇) ဒေါက်တာချောချောစိန် (ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်)
(၈) စဝ်ဘောင်ခေး (တိုင်းရင်းသားလက်နက်ကိုင်)
(၉) ပဒိုစောအောင်ဝင်းရွှေ (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) ပူးထက်နီ (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) ဦးခိုင်ထွန်းဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဒေါက်တာအောင်မြတ်ဦး (နိုင်ငံရေးပါတီ)
(၁၃) ဦးစောထွန်းအောင်မြင့် (နိုင်ငံရေးပါတီ)
(၁၄) ဦးမြင့်နိုင် (နိုင်ငံရေးပါတီ)
(၁၅) ဒေါ်နန်းခင်စိန်မြင့် (နိုင်ငံရေးပါတီ)

**(င) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

(၁) ဦးအောင်စိုး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၂) ခွန်မြင့်ထွန်း (တိုင်းရင်းသားလက်နက်ကိုင်)
(၃) ဦးမြင့်စိုး (နိုင်ငံရေးပါတီ)
(၄) ဗိုလ်မှူးချုပ် အောင်သိန်းဦး (တပ်မတော်)
(၅) ဦးစိုးဝင်း (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)
(၆) ဦးဇော်မင်းလတ် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)
(၇) ဒေါက်တာဝါဝါမောင် (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)
(၈) ဦးဆန်နီ (တိုင်းရင်းသားလက်နက်ကိုင်)
(၉) စောဒဲနယ်လ် (တိုင်းရင်းသားလက်နက်ကိုင်)
(၁၀) စောလေ့စေး (တိုင်းရင်းသားလက်နက်ကိုင်)
(၁၁) စိုင်းစိုင်းငင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၁၂) ဒေါ်ဒွဲဘူ (နိုင်ငံရေးပါတီ)
(၁၃) ဦးလှခိုင် (နိုင်ငံရေးပါတီ)
(၁၄) ခွန်ထွန်းရွှေ (နိုင်ငံရေးပါတီ)
(၁၅) ဦးအိုက်ဆော (နိုင်ငံရေးပါတီ)

၄။ အထက်ဖော်ပြပါ လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ငန်းကော်မတီများသည် မိမိတို့အား တာဝန်ပေးအပ်ထားသည့် အကြောင်းအရာကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်နှင့် အဆိုပြုချက်များကို ရေးဆွဲပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။

(ခ) လုပ်ငန်းကော်မတီများသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ တင်ပြလာသော အကြံပြုချက်နှင့် အဆိုပြုချက်များအား အကျေအလည်စေ့စပ်ညှိနှိုင်းဆွေးနွေးပြီး ရွေးချယ်ရန် နည်းလမ်း ၃ ခုထက် မပိုသော မူဝါဒအဆိုပြုလွှာများကို စိစစ်ရွေးချယ်ပြုစုပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။

(ဂ) လုပ်ငန်းကော်မတီများ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား လိုအပ်လျှင် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

(ဃ) လုပ်ငန်းကော်မတီတစ်ခုအတွင်း (သို့မဟုတ်) ကော်မတီများအကြား မဖြေရှင်းနိုင်သည့် သဘောထားကွဲလွဲမှုများ ရှိလာပါက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

(င) လုပ်ငန်းကော်မတီများသည် မိမိတို့၏ သက်ဆိုင်ရာ အကြောင်းအရာအလိုက် လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(စ) လုပ်ငန်းကော်မတီများသည် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် အကြောင်းအရာအလိုက် အစည်းအဝေးများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၏ ရည်ရွယ်ချက် အခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းကော်မတီများသည် မိမိတို့နှင့်သက်ဆိုင်သည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ငန်းကော်မတီအဆင့်တွင် အကျေအလည် ဆွေးနွေးအဖြေရှာသွားရမည်။ လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆရသည့် အသိပညာရှင်၊ အတတ်ပညာရှင်နှင့်ကျွမ်းကျင်သူများအား လည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးသွားနိုင်သည်။

(ဇ) လုပ်ငန်းကော်မတီများသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရမည်။

(ဈ) လုပ်ငန်းကော်မတီများသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ အတည်ပြုချက်ဖြင့် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ကြီးကြပ်လမ်းညွှန်မှု ပေးရမည်။

(ည) လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးသော ဆွေးနွေးချက်များနှင့် အစည်းအဝေးမှတ်တမ်းများကို သတင်းထုတ်ပြန်ရန် ခွင့်ပြုချက်မရရှိဘဲ မည်သူ့ကိုမျှ ပြောကြားခြင်းမပြုရန် ကော်မတီဝင်များမှ ထိန်းသိမ်းရမည်။

(ဋ) လုပ်ငန်းကော်မတီများသည် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင် အတည်ပြုထားရမည်။

(ဌ) သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းအစီရင်ခံစာကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသို့ တင်သွင်းရမည်။

၅။ လုပ်ငန်းကော်မတီများ၏ သက်တမ်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ ရာစုပင်လုံ ကျင်းပသည့် သက်တမ်းအတိုင်းဖြစ်ပြီး လုပ်ငန်းကော်မတီဝင်များအား အစားထိုးလိုပါက သက်ဆိုင်ရာ ကိုယ်စားပြုအစုအဖွဲ့က ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ အတည်ပြုချက်ဖြင့် အစားထိုးနိုင်သည်။

၆။ လုပ်ငန်းကော်မတီဝင်များသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် တာဝန်အရ သွားလာရသည့် ခရီးစရိတ်၊ ချီးမြှင့်ငွေနှင့် လိုအပ်သည့် ထောက်ပံ့မှုများကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများနှင့်အညီ ခံစားခွင့်ရှိသည်။

**(ပုံ) အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

# အချက်အလက်များယွင်းဖော်ပြခဲ့မှုအတွက် Bullet News Journal က တောင်းပန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဖေဖော်ဝါရီ ၂ ရက်ထုတ် Bullet News Journal ပါ "ရွေးကောက်ပွဲကော်မရှင် ကန့်ကွက်လွှာစစ်ဆေးချက်များ နိုင်ငံတော်ပြန်တမ်း၌မပါခြင်းသည် နိုင်ငံတော်ပြန်တမ်းအဖွဲ့တွင် တာဝန်ရှိ" ဆိုသည့်သတင်းဖော်ပြမှုနှင့်စပ်လျဉ်း၍ ဖေဖော်ဝါရီ ၁၆ ရက်ထုတ် Bullet News Journal တွင် တောင်းပန်ချက် ပြန်လည်ဖော်ပြပေးထားကြောင်း သိရှိရသည်။

## BNJ သို့ အောက်ပါအတိုင်း ရှင်းလင်း

ဖေဖော်ဝါရီ ၂ ရက်ထုတ် ဂျာနယ်တွင်ဖော်ပြခဲ့သည့် သတင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးညွှန့်တင်က BNJ သို့ အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ကြောင်း၊ "၂၀၁၆ ခုနှစ် ၁ လပိုင်းမှစ၍ လက်ရှိအချိန်ထိ အမှုပေါင်း ၄၄ မှု စစ်ဆေးပြီးဖြစ်ပါကြောင်း၊ အမှုအလုံးစုံကို ရက်စွဲနှင့်တကွ စစ်ဆေးချက်အပြည့်အစုံအား ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ပြန်တမ်းသို့ ထုတ်ပြန်ရန်မှာ ပြန်ကြားရေးဝန်ကြီးဌာန၏တာဝန်သာဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်သည် အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိပါကြောင်း၊ နိုင်ငံတော်ပြန်တမ်းတွင် မပါခြင်းသည် ရွေးကောက်ပွဲကော်မရှင်၌ တာဝန်မရှိဘဲ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ပြန်တမ်းထုတ်ပြန်ရေးအဖွဲ့တွင်သာ အပြည့်အဝ တာဝန်ရှိလိမ့်မည်ဖြစ်ပြီး တစ်နှစ်ကျော်ကြာစစ်ဆေးပြီးသော ပြန်ကြားရေးသို့ ပေးပို့ပြီးဖြစ်သည့် အမှုတွဲများကိုပင် ထုတ်ပြန်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ၎င်းက စာရင်းဇယားများနှင့်တကွ Bullet News Journal သို့ ပြောကြားခဲ့သည်။ ညွှန်ကြားရေးမှူး ဦးညွှန့်တင်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်ပြန်တမ်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာရွက်စာတမ်းကုန်ကျစရိတ်ရှိပါက ရွေးကောက်ပွဲကော်မရှင်က အကုန်အကျခံသွားရန်အသင့်ရှိပါကြောင်း ဆက်လက်ပြောကြားသည်" ဟု ဖော်ပြထားသည်။

## ဆုံးဖြတ်ချက်လက်ကျန်မရှိ

အမှုပေါင်း ၄၆ ခုရှိသည့်အနက် အမှု ၄၄ မှုမှာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသို့ရောက်ရှိပြီး ထို ၄၄ မှုတွင်ပါရှိသော ဆုံးဖြတ်ချက်ခုနစ်ခုကို နိုင်ငံတော်ပြန်တမ်းတွင်ဖော်ပြပြီး ဖြစ်ကြောင်း၊ လက်ခံရရှိသည့်ဆုံးဖြတ်ချက်အားလုံးကို ဖော်ပြပြီးဖြစ်၍ နိုင်ငံတော်ပြန်တမ်းတွင်ဖော်ပြရန် ဆုံးဖြတ်ချက်လက်ကျန် မရှိကြောင်း၊ ကျန် ၃၇ မှုမှာ စီရင်ချက်နှင့် အမိန့်များသာဖြစ်ပြီး ဆုံးဖြတ်ချက်များ မဟုတ်ကြောင်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ သိရသည်။

## နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄(ခ) နှင့် ၇၅(ခ) တို့တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၄(ခ)နှင့် ၂၅(ခ)တို့တွင်လည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့ (သို့မဟုတ်) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်ဟု ဖော်ပြပါရှိကြောင်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၏ပြောကြားချက်အရ သိရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အဆိုပါသတင်းတွင် ဖော်ပြထားသော ဥပဒေကိုးကားချက်များနှင့် ပြောကြားချက်များသည် မှားယွင်းနေကြောင်းတွေ့ရှိရပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့အကြားတွင် လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ အပေါ် ပြည်သူလူထုအနေဖြင့်သော်လည်းကောင်း ထင်ယောင်ထင်မှားဖြစ်စေနိုင်ပြီး မလိုလားအပ်သည့်ပြဿနာများ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရသည့်အတွက် Bullet News Journal ၌ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ လုပ်ဆောင်နေမှုဖြစ်ရပ်မှန်ကို ပြန်လည်ဖော်ပြပေးနိုင်ရေး ဆောင်ရွက်ပေးရန် အကြောင်းကြားစာပေးပို့ခဲ့ရာ ဂျာနယ်ဘက်မှ ယခုအပတ်တွင် တောင်းပန်ချက် ပြန်လည်ဖော်ပြလာခဲ့ခြင်းဖြစ်သည်။

အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ (၇၄) ပုဒ်မခွဲ (ခ)မှာ ပုဒ်မခွဲ (က)အရ လျှောက်ထားရန်သတ်မှတ်ထားသည့် ကာလအတွင်း ကော်မရှင်သို့ လျှောက်ထားမှုမရှိလျှင် ကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ (သို့မဟုတ်) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်ဟု ပါရှိပါတယ်။ ကျွန်တော်တို့ လက်ခံရရှိပြီး ဆုံးဖြတ်ချက်အားလုံးကို ပြန်တမ်းမှာ ဖော်ပြပေးပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာဖော်ပြဖို့ ဆုံးဖြတ်ချက် ကျန်ရှိခြင်းမရှိတော့ပါဘူး" ဟု ပြောကြားသည်။

## တိုက်ရိုက်ဆက်သွယ်

ဦးမျိုးမြင့်မောင်က " အခုလို ဂျာနယ်က မှားယွင်းဖော်ပြတဲ့အတွက် ကျွန်တော်တို့အနေနဲ့ တရားစွဲဆိုခြင်း၊ သတင်းမီဒီယာကောင်စီကို တိုင်ကြားခြင်း စတဲ့နည်းလမ်းတွေကို အသုံးပြုခြင်းမရှိဘဲ ဂျာနယ်တိုက်ကို တိုက်ရိုက်ဆက်သွယ်ပြီး အဖြစ်မှန်ကို ပြန်လည်ဖော်ပြဖို့ ပျော့ပျောင်းညင်သာတဲ့ နည်းလမ်းနဲ့ ချဉ်းကပ်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျာနယ်တိုက်ဘက်က ဒီနေ့ထုတ်ဂျာနယ် စာမျက်နှာ ၆ မှာ တောင်းပန်ချက် ဖော်ပြပေးတာကို လက်ခံပါတယ်။ ဘာမှ ထပ်မံဆောင်ရွက်ဖို့မရှိပါဘူး" ဟု ပြောသည်။

## ရေးသားမှုများမှာ မမှန်ကန်

Bullet News Journal ၏ ဖေဖော်ဝါရီ ၂ ရက်ထုတ်တွင် ဖော်ပြထားသော သတင်းပါအချက်အလက်များနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျွမ်းကျင်သူ ဦးညွှန့်တင်အား သတင်းအဖွဲ့က ဖေဖော်ဝါရီ ၄ ရက်၌ သွားရောက်မေးမြန်းစဉ် မိမိပြောဆိုသည်ဟု ရေးသားမှုများမှာ မမှန်ကန်ကြောင်း ဖြေကြားခဲ့ပြီး "ဒီသတင်းကို ရေးသွားတာက သတင်းထောက် ခိုင်မင်းပါ။ မေးသွားတာက ဦးလှဆွေ ဖြစ်ပါတယ်။ ဒီသတင်းရေးသားဖို့ကိုလည်း ခိုင်မင်းက ကျွန်တော့်ဆီ ဆက်သွယ်လာခြင်းမရှိပါဘူး။ ဒီကိစ္စကိုလည်း ဦးလှဆွေနဲ့ တရားခွင်နားမှာ ပြောတာပါ။

"ဦးလှဆွေကို ဆက်သွယ်ပြီးတော့ ဒီရေးသားချက်တွေဟာ ကျွန်တော်မပြောတာတွေ ပါနေတယ်။ ဥက္ကဋ္ဌကြီးကလည်း သူ့ပုံရိပ်ကို ထိခိုက်တယ်လို့ ပြောနေတယ်။ ကျွန်တော်တို့လည်း ထိခိုက်တာပေါ့။ ဒါ့ကြောင့် ပြန်ရှင်းပေးဖို့ ကျွန်တော်ပြောခဲ့တယ်။ နောက်ပြီး ပြန်ကြားရေးကိုလည်း ပြန်ရှင်းပေးဦးဆိုတော့ အေးဆိုပြီး ဦးလှဆွေက ပြောသွားတယ်။ ကျွန်တော်သူ့ကို ရှင်းခိုင်းထားပါတယ်။ မရှင်းလို့ မရပါဘူး။ ကျွန်တော်လည်း ဝန်ထမ်းတစ်ယောက်ဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် ဦးညွှန့်တင်က "ငွေရေးကြေးရေးကိစ္စတွေကလည်း ကျွန်တော်မပြောပါဘူး။ ဒါနဲ့ပတ်သက်ပြီး ရှင်းပေးဖို့လည်း ပြောထားပါတယ်" ဟု ပြောသည်။

Bullet News Journal တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးညွှန့်တင်ဟု သတင်းရေးသားဖော်ပြမှုသည် မှားယွင်းနေပြီး အမှန်တကယ်တွင် ဦးညွှန့်တင်မှာ ကျွမ်းကျင်သူအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ဂျာနယ်တွင်ပါရှိသောခုံရုံး၏ဆုံးဖြတ်ချက်များ ပြန်တမ်းတစ်စောင်တွင်မှ ထည့်သွင်းမပေးခဲ့ကြောင်း ရေးသားထားမှုနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က "ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပြီးမှာ ဖြစ်ပေါ်လာတဲ့ကန့်ကွက်လွှာ၊ အယူခံမှုများနဲ့စပ်လျဉ်းတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ဆုံးဖြတ်ချက်တွေကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ထုတ် နိုင်ငံတော်ပြန်တမ်းအတွဲ ၆၉ အမှတ် ၃၅ ကစပြီး ဖော်ပြပေးခဲ့ပါတယ်။ အဲဒီမှာ ကြေညာချက်အမှတ် ၁၄/၂၀၁၆ ကို ဖော်ပြခဲ့ပါတယ်။

"နောက် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထုတ် အမှတ် ၄၁ မှာ ကြေညာချက်အမှတ် ၁၅/၂၀၁၆ နဲ့ ၁၆/၂၀၁၆၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ထုတ် အမှတ် ၄၄ မှာ ကြေညာချက်အမှတ် ၁၇/၂၀၁၆ ကို ဖော်ပြခဲ့ပါတယ်။ ပြီးတော့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ထုတ် အမှတ် ၄၆ မှာ ကြေညာချက်အမှတ် ၁၈/၂၀၁၆၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ် အမှတ် ၅၂ မှာ ကြေညာချက်အမှတ် ၂၉/၂၀၁၆ နဲ့ ၃၀/၂၀၁၆ တို့ကို ဖော်ပြပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ဖြေကြားသည်။

## ရွေးကောက်ပွဲဥပဒေသာရှိ

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေသာရှိပြီး ဘူးလက်ဂျာနယ်တွင်ဖော်ပြထားသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုသည်မှာ မရှိကြောင်းလည်း ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရှိရသည်။

နိုင်ငံတော်ပြန်တမ်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ ပြန်တမ်းတစ်စောင်တွင် ပုံမှန်အားဖြင့် စာမျက်နှာ ၅၆ မျက်နှာပါရှိပြီး တစ်စောင်ရောင်းဈေးမှာ ငွေကျပ် ၃၅၀ ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများအနေဖြင့် အမှာစာပေးပို့ပြီး တစ်နှစ်စာ ကြိုတင်ငွေပေးသွင်း၍ ဝယ်ယူနိုင်ကြောင်း၊ တစ်စောင်ချင်း ဝယ်ယူဖတ်ရှုမည်ဆိုပါကလည်း နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ကြားဖြတ်ရွေးကောက်ပွဲ ပထမကြိမ်မဲစာရင်းကို မဲပေးပိုင်ခွင့်ရှိသူ၏ ၇ ဒသမ ၈၇ ရာခိုင်နှုန်းသာ လာရောက်ကြည့်ရှု

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ပထမကြိမ်အဖြစ် ကပ်ထားကြေညာပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ သတ်မှတ်ကာလအတွင်း မဲစာရင်းလာရောက်ကြည့်ရှုသူ ၇ ဒသမ ၈၇ ရာခိုင်နှုန်းသာ လာရောက်ကြည့်ရှုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၃) ရပ်ကွက်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပထမကြိမ် မဲဆန္ဒရှင်စာရင်းကို ပြည်သူများ လာရောက်ကြည့်ရှုနေသည်ကို တွေ့ရစဉ်

"ပြည်သူတွေအနေနဲ့ မဲစာရင်း လာရောက်ကြည့်ရှုဖို့ လက်ကမ်းစာစောင်တွေလည်း ဝေတယ်၊ ဗီနိုင်းတွေနဲ့လည်း ကြော်ငြာ ကပ်ပေးထားပါတယ်၊ သတင်းထုတ်ပြန်မှုတွေလည်း လုပ်ပေးထားပါတယ်၊ ဒါပေမယ့် မဲပေးပိုင်ခွင့်ရှိသူရဲ့ ၇ ဒသမ ၈၇ ရာခိုင်နှုန်းပဲ မဲစာရင်း လာရောက်ကြည့်ရှုခဲ့ပါတယ်၊ မဲဆန္ဒရှင် ဦးရေနဲ့ လာရောက်ကြည့်ရှုသူဦးရေ ယှဉ်ကြည့်လိုက်ရင်တော့ အင်မတန်နည်းတယ်လို့ ယူဆရပါတယ်၊ Door to Door ကောက်ထားတာတွေလည်း ရှိတာကြောင့်ဖြစ်နိုင်ပါတယ်" ဟု အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းမှ ၁၄ ရက်အထိ သက်ဆိုင်ရာမြို့နယ်များအလိုက် ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာပေးခဲ့ရာ တိုင်းဒေသကြီးအတွင်း မဲပေးပိုင်ခွင့်ရှိသူ ၉၉၀၀၀၀ ကျော်ရှိသည့်အနက် သတ်မှတ်ကာလအတွင်း လာရောက်ကြည့်ရှုသူ ၇၇၀၀၀ ကျော် (၇ ဒသမ ၈၇ ရာခိုင်နှုန်း) သာ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်များစာရင်းမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပစဉ်က မဲဆန္ဒရှင်များစာရင်းကို အခြေခံထားသော်လည်း မရှိတော့သည့်သူများကို မဲစာရင်းမှဖယ်ရှားခြင်း၊ အသစ်ထပ်မံတိုးလာသည့်စာရင်းကို အစားထိုးထည့်သွင်းမှုများပြုလုပ်ခြင်း စသည့် စိစစ်မှုမျိုးများပြုလုပ်ကာ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တချို့တွေကလည်း အရင်တုန်းက မဲစာရင်းမှာ နာမည်ပါပြီးသားဆိုတော့ လာမကြည့်တဲ့သူတွေရှိတယ်၊ မဲစာရင်း ထုတ်ပြန်တဲ့အချိန်မှာ လာကြည့်ရမှာ ပြည်သူတွေရဲ့အလုပ်ပါ၊ ဒါမှလည်း အမည်မပါတာတွေ၊ မှားယွင်းနေတာတွေကို အချိန်မီ ပြင်နိုင်မှာပါ၊ ကျွန်တော်တို့ကတော့ မဲစာရင်းကပ်တဲ့နေ့မှာပဲ သွားကြည့်ဖြစ်တယ်၊ မဲပေးခွင့်ရှိတဲ့ မိသားစုဝင်လေးဦးစလုံး နာမည်ပါတယ်" ဟု လှိုင်မြို့နယ်မှ ဦးဝင်းဦးက မဲစာရင်း ကြည့်ရှုခဲ့မှုနှင့်ပတ်သက်၍ ပြောသည်။

တစ်နိုင်ငံလုံးတွင် သက်ဆိုင်ရာ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာတွင် အမျိုးသားလွှတ်တော် သုံးနေရာ၊ ပြည်သူ့လွှတ်တော် ကိုးနေရာ၊ တိုင်းဒေသကြီးလွှတ်တော် ခုနစ်နေရာတို့အတွက် မဲဆန္ဒနယ်များတွင်ပါဝင်သည့် မြို့နယ် ၂၂ မြို့နယ်ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ကော့မှူး စသည့် ၁၁ မြို့နယ် ပါဝင်ကြောင်း သိရသည်။

ပထမကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာပေးခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဲစာရင်းတွင် အမည်မပါရှိသည့်အတွက် ပုံစံ (၃)ဖြင့် ပြန်လည်လျှောက်ထားသူ ၇၀၀၀ ကျော်၊ ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ၉၀၀ ကျော်၊ အချက်အလက်မှားယွင်းမှုကြောင့် ပုံစံ ၄(က) ဖြင့် ပြန်လည်ပြင်ဆင်ရန် တောင်းဆိုသူ ၂၄၀၀ ကျော်ရှိပြီး ယင်းတို့အနက် လှိုင်သာယာမြို့နယ်သည် ပုံစံ (၃)ဖြင့် ၂၀၀၀ ကျော်၊ ပုံစံ (၄) ဖြင့် ၇၀၀ ကျော်၊ ပုံစံ ၄(က) ဖြင့် ၇၀၀ ကျော်ဖြင့် အများဆုံးပြန်လည်စိစစ်မှု ပြုလုပ်သွားရမည့် မြို့နယ်ဖြစ်ကြောင်း သိရသည်။

"လှိုင်သာယာမှာက မိုးလင်းကနေ မိုးချုပ်အထိ အလုပ်သွားကြတဲ့သူတွေများလို့ မဲစာရင်းတွေမှာမပါဘဲ ကျန်ခဲ့တာတွေရှိနိုင်ပါတယ်၊ အတတ်နိုင်ဆုံး ပြန်ပါအောင် ဆောင်ရွက်ပေးထားပါတယ်၊ လက်ရှိအနေကလည်း ကြေညာတဲ့အဆင့်ပဲရှိပါတယ်၊ နောက်ဆုံးမဲစာရင်း မဟုတ်ပါဘူး၊ တိကျမှန်ကန်မှုရှိအောင် ပြန်လည်ပြင်ဆင်ပြီး ဒုတိယအကြိမ်မှာ ထည့်သွင်းကြေညာပေးသွားမှာပါ" ဟု မဲစာရင်းစိစစ်မှုများပြုလုပ် သွားရမည့်အပေါ် အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခဲ့ရာတွင် လိုအပ်ချက်များကို ပြန်လည်စိစစ်ကာ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်၍ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကို မတ် ၁၇ ရက်တွင် ကပ်ထားကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

❒ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရသစ်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစတင်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အသစ်ပြန်လည်စတင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကိုလည်း အကျဉ်းချုပ်ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee-UPDJC) လုပ်ဆောင်ချက်များ၊ ဒေါက်တာတင်မျိုးဝင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ငြိမ်းချမ်းရေးကော်မရှင်အား အသစ်ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးကို အစိုးရအနေဖြင့် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး ဦးတည်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြင်ဆင်ဖွဲ့စည်းမှုတို့ကို အလေးပေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နိုင်ငံတစ်ဝန်းငြိမ်းချမ်း တည်ငြိမ်စေရေးအတွက် အလွန်အရေးကြီးသည်ဟု ထင်မြင်ပါကြောင်း၊ ထို့ကြောင့် လည်း ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်းလည်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အခြေအနေများကို မီးလောင်ရာလေပင့် မဖြစ်စေဘဲ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုနောက်ကျနေမှုများကို ဖြေရှင်းဆောင်ရွက်သွားမည်ဟု အစိုးရအနေဖြင့် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေး မှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် သီးခြားလွတ်လပ်သည့် ကော်မရှင်၏ ဆောင်ရွက်ချက်များက ရေရှည်ကာလအတွက် ဖြေရှင်းချက်များရှာဖွေရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ( Nationwide Ceasefire Agreement-NCA ) အကောင်အထည်ဖော်မှုအခြေအနေများ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကျင်းပနေမှု၊ လက်နက်ကိုင်ပဋိပက္ခများ၊ လက်မှတ်မထိုးရသေး သည့် အဖွဲ့များနှင့် ဆွေးနွေးနေမှုအခြေအနေများ စသည်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ် နောက်ဆုံးအခြေအနေနှင့် တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒေါက်တာတင်မျိုးဝင်းက အစိုးရအနေဖြင့် နှစ်လမ်းသွားလမ်းကြောင်းကို ရွေး ချယ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နည်းမှာ လက်မှတ်ရေးထိုးထားသည့် အဖွဲ့များ နှင့် NCA သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်ရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နောက်တစ်နည်းမှာ လက်မှတ်မထိုးရသေး သည့်အဖွဲ့များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ရောက်ရှိပါဝင်လာစေရေးအတွက် ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းက NCA တွင် အရေးကြီးသော အပိုင်း နှစ်ပိုင်းပါရှိကြောင်း၊ ပစ်ခတ်တိုက်ခိုက် မှုရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပဆောင် ရွက်ရန် ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee-JMC) အနေဖြင့် လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် ၎င်းတို့နှင့် တွေ့ဆုံပြီးဖြစ် ကြောင်း၊ တွေ့ဆုံမှုအကျိုးဆက်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ များအကြား သဘောထားကွဲလွဲမှုများ လျော့ပါးလာပြီး နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလုပ်ငန်းစဉ် ပိုမိုခိုင်မာလာခဲ့ကြောင်း ပြောကြားခဲ့သည်။

အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံရေးဆွေးနွေးပွဲများသည် ခွဲခြား၍ မရနိုင်ဘဲ တစ်ပေါင်းတစ်စည်းတည်းဖြစ်သည်ကို ပြသသည့်အနေဖြင့် (၂၁) ရာစုပင်လုံပထမအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဒေသများအလိုက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုခိုင်မာစေရန်အတွက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ စတင်ကျင်းပလျက်ရှိပြီး ယင်းဆွေးနွေးပွဲများမှ (၂၁) ရာစုပင်လုံအတွက် မတူကွဲပြားသည့် သဘောထားအမြင်များကို ရယူလျက်ရှိပါကြောင်းလည်း ရှင်းလင်း ပြောကြားခဲ့သည်။ ၎င်းအပြင် နိုင်ငံရေးဆွေးနွေးပွဲများသည် အဓိပ္ပာယ်ပြည့်ဝပြီး အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာရေးအတွက် အစိုးရအနေဖြင့် တပ်မတော်နှင့် လည်း နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း

**“ အကြီးမားဆုံးသော အမျိုးသားရေးရည်မှန်းချက်ကတော့ နိုင်ငံသားအားလုံးအတွက် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးဖို့ဖြစ်ပါတယ်။ ဒီရည်မှန်းချက်အောင်မြင်မှသာ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်မယ်ဆိုတာကို အခိုင်အမာယုံကြည်ထားပါတယ်။ ငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့၊ ဒီမိုကရက်တစ်မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ ကျွန်တော်တို့ ပြည်သူအားလုံး ဘေးကင်းလုံခြုံဖို့ဆိုတာ အဓိက ကျတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ် ”**

မတ်လအတွင်းကျင်းပရန်စီစဉ်ထားသည့် (၂၁)ရာစုပင်လုံညီလာခံ ဒုတိယ အစည်းအဝေးတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ အခြေခံမူဝါဒနှင့်စပ်လျဉ်းသည့် သဘော တူညီချက်တစ်ရပ် ထွက်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် UPDJC အနေဖြင့် သဘောတူဆုံးဖြတ်ထားပြီးဖြစ်သည်။

ပဋိပက္ခများလျှော့ချနိုင်ရန်အတွက် ခိုင်မာသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရှိရန်လိုအပ်သည်ဟု အစိုးရအနေဖြင့် ယုံကြည်ထားပါကြောင်း၊ NCA တွင် တိုက်ခိုက်မှုများ လျှော့ချနိုင်စေရန် လိုအပ်သည့်ဖွဲ့စည်းမှုနှင့် လိုက်နာရမည့် စည်းမျဉ်းများပါရှိကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံရေးဆွေးနွေးပွဲများ အရှိန်အဟုန်ကောင်းစွာရနေပြီဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး NCA လုပ်ငန်းစဉ်သို့ ပူးပေါင်းပါဝင်လာပြီ ဆိုပါက လက်နက်ကိုင်ပဋိပက္ခများလည်း လျော့နည်းသွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားကာ ရှင်းလင်းချက်ကို အဆုံးသတ်ခဲ့သည်။

ထို့နောက် နောက်ဆုံးရှင်းလင်းပြောကြားသူအဖြစ် ဦးသောင်းထွန်းက မိမိအနေ ဖြင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိကြောင်း၊ မိတ်ဆက်၍ နိုင်ငံတော်လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို စောင့်ကြည့်ရမည် ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက “အကြီးမား ဆုံးသော အမျိုးသားရေးရည်မှန်းချက်ကတော့ နိုင်ငံသားအားလုံးအတွက် ရေရှည် တည်တံ့တဲ့ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးဖို့ဖြစ်ပါတယ်။ ဒီရည်မှန်းချက် အောင်မြင်မှ သာ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်မယ်ဆိုတာကို အခိုင်အမာယုံကြည် ထားပါတယ်။ ငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့၊ ဒီမိုကရက်တစ်မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ ကျွန်တော်တို့ပြည်သူအားလုံး ဘေးကင်းလုံခြုံဖို့ဆိုတာ အဓိက ကျတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ရှင်းလင်းတိကျတဲ့ ဒီတာဝန်ကိုထမ်းဆောင်ဖို့ ဆိုတာ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်တဲ့ ကျွန်တော့်ရဲ့အခန်းကဏ္ဍ ပဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ဦးသောင်းထွန်းက အစိုးရ၏ ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်များနှင့် ၁၀ လကြာ တာဝန်ယူမှုအပြီး တိုးတက်မှုအခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။ စီးပွားရေးဆန်းသစ်ပြောင်းလဲရေးနှင့် နိုင်ငံတစ်ဝန်းလုံးမျှဝေခံစားနိုင်မည့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ချမှတ်နိုင်ရေးတို့အတွက် အစိုးရ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းခဲ့သည်။

“ကျွန်တော်တို့ရဲ့ စီးပွားရေးပြန်လည်တည်ဆောက်ဖို့ ရေရှည်ရည်မှန်းချက်တွေ ချမှတ်ထားပါတယ်။ ဒီဆောင်ရွက်ချက်တွေထဲမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဖို့၊ စာသင်ကျောင်းတွေနဲ့ ဆေးရုံတွေ တည်ဆောက်ပေးဖို့တို့လည်း ပါဝင်ပါ တယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံသားတွေအတွက် မျှတတဲ့ လူမှုရပ်ဝန်းတစ်ရပ် ဖန်တီးပေးဖို့၊ တရားဥပဒေစိုးမိုးမှု ခိုင်မာစေဖို့၊ အဂတိလိုက်စားမှုပပျောက်ဖို့၊ အရပ် ဘက်လူမှုအဖွဲ့အစည်းတွေ၊ ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေခိုင်မာစေဖို့ အစိုးရ စနစ် ဆန်းသစ်ပြောင်းလဲမှုတွေကိုလည်း စတင်ဆောင်ရွက်နေပါပြီ” ဟု ၎င်းက ပြောကြားခဲ့သည်။

မကြာသေးမီက ရခိုင်ပြည်နယ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုများနှင့် စပ်လျဉ်း သည့် စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးပြီး ရခိုင်ဒေသအတွင်းဖြစ်ပေါ်နေသော စိန်ခေါ် မှုများအတွက် ရေရှည်အဆင်ပြေမည့် အဖြေတစ်ခုရှာဖွေဖော်ထုတ်သွားရန် အစိုးရက သန္နိဋ္ဌာန်ချမှတ်ထားကြောင်း အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်က ပြောကြား ခဲ့သည်။

“အင်အားသုံးနှိမ်နင်းခြင်း၊ အခြေခံလူ့အခွင့်အရေးများ ချိုးဖောက်ခြင်းနဲ့ ရာဇဝတ် မှုလုပ်ရပ်တွေကို ခွင့်ပြုမှာမဟုတ်ပါဘူး။ တိကျသေချာခိုင်မာတဲ့ သက်သေအထောက် အထားတွေရှိရင် ထိုက်သင့်တဲ့အရေးယူမှုတွေဆောင်ရွက်ဖို့ အဆင်သင့်ဆိုတာ ပြောထားပြီးဖြစ်ပါတယ်။”

“အခုဆိုရင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ အခြေအနေတွေတည်ငြိမ်စပြုနေပြီ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးတွေ ရပ်ဆိုင်းသွား ပါပြီ။ ညမထွက်ရအမိန့်ကိုလည်း လျှော့ပေါ့ပေးထားပြီး ရဲတပ်ဖွဲ့တွေနဲ့ပဲ တည်ငြိမ် အေးချမ်းမှုကို ထိန်းသိမ်းနိုင်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အရေးပေါ်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုတွေ ထောက်ပံ့ပေးနေတဲ့အပြင် ရခိုင် ပြည်နယ်အတွက် စစ်မှန်ပြီးရေရှည်တည်တံ့တဲ့ ဖြေရှင်းချက်မျိုးကို ရှာဖွေဖော်ထုတ်နိုင်ဖို့ အတွက် ဒီကနေ့ ပစ်မှတ်ထားဆောင်ရွက်ပါတယ်”ဟု ရှင်းလင်းပြောကြားခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ သွားရောက်ပြီး ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ (၅၃)ကြိမ်မြောက် မြူးနစ်လုံခြုံရေးညီလာခံကို တက်ရောက်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

✼ ကျောဖုံးမှ

၂၄ နာရီကို တန် ၆၀ ရှိမယ်။ လျှပ်စစ်ထွက်တာကျတော့ တစ်နာရီ ကို ၇၀၀ ကီလိုဝပ် ထွက်မယ်။ ဒီလိုထွက်တဲ့အခါ ၃၀၀ ကီလိုဝပ်က တော့ စက်ကြီးအတွက် ပြန်သုံးမယ်။ သူ့စက်မှာ မော်တာတွေ ပါတယ်။ ထိန်းချုပ်တဲ့စနစ်တွေပါတယ်။ အဲဒီအတွက်သုံးပြီး တော့ ကျန်တဲ့ ၄၀၀ ကီလိုဝပ်ကိုတော့ ပင်မဓာတ်အားလိုင်း စနစ်ထဲကို ထည့်မှာပါ”ဟု ပြောကြားသည်။

စက်ရုံအတွက် အသုံးပြုမည့် လောင်စာအရင်းအမြစ် အကြောင်းကို “အမှိုက်ရဲ့အရင်းအမြစ်ကကျတော့ မင်္ဂလာဒုံကို ကျွန်တော်တို့အခြေခံတယ်။ မင်္ဂလာဒုံကနေ တစ်ရက်ကို အမှိုက် တန်ချိန် ၇၂ တန်ထွက်တယ်။ ရန်ကုန်က စွန့်ပစ်တဲ့အမှိုက်ထဲမှာ မီးရှို့လို့ရတဲ့ အမှိုက်လည်းရှိတယ်။ မီးရှို့လို့မရတဲ့ အမှိုက်လည်း ပါတယ်။ ဒါတွေ ရွေးထုတ်ရမှာပေါ့။ ဘက်ထရီအိုးခွံတို့၊ ကား တာယာတို့၊ သားရေတို့၊ စတီးချောင်းတို့နဲ့ သံတွေကို ကျွန်တော် တို့ ရွေးထုတ်တယ်။ ကျန်တာတော့ အကုန်လုံးမီးရှို့လို့ရတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**စတင်ထုတ်လုပ်မည်**

ဖေဖော်ဝါရီ ၁၁ ရက်က အမှိုက် ၁၀ တန်နှင့် စတင်စမ်းသပ် လည်ပတ်လျက်ရှိပြီး တစ်နေ့လျှင် ငါးတန်နှုန်းတို့၍ မီးရှို့စမ်းသပ် လည်ပတ်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၈ ရက်အထိ တစ်နေ့လျှင် တန် ၆၀ ဖြင့် စမ်းသပ်လည်ပတ်မည်ဖြစ်ပြီး မတ်လ အတွင်း စက်များခေတ္တရပ်နား၍ စက်၏ အစိတ်အပိုင်းများ အားလုံးကို ပြန်လည်စစ်ဆေးမည်ဖြစ်သည်။ စက်ရုံမှ လျှပ်စစ် ဓာတ်အားကို ဧပြီ ၁ ရက်တွင် စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

# တရားခံပြေး လွတ်မြောက်သွား၍ အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မူးယစ်ဆေးဝါးမှု၊ လုယက်မှုများဖြင့် တရားခံပြေး ကြေညာထားသူအား သက်ဆိုင်ရာက ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်သို့ သွားရောက် ဖမ်းဆီးစဉ် ထွက်ပြေးသဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးသော်လည်း လွတ်မြောက်သွား၍ အမြန်ဆုံးဖမ်းဆီး ရမိရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

“သွားရောက်ဖမ်းဆီးတဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ကားကို တိုက်ပြီး ထွက်ပြေး သွားလို့ သေနတ်နဲ့ ပစ်ဖောက်ပြီး တားဆီးခဲ့တာပါ။ အပြန်အလှန်ပစ်ခတ် တာမျိုးမဟုတ်ပါဘူး၊ ထိခိုက်ဒဏ်ရာ ရရှိသွားတာမျိုးမရှိပါဘူး။ အခုလည်း သူသွားနိုင်မယ့်နေရာတွေကို တပ်ဖွဲ့ဝင် တွေ လိုက်လံရှာဖွေနေပါတယ်” ဟု အဆိုပါ မြို့နယ်ရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၅ နာရီ ၂၅ မိနစ်ခန့်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုတပ်ခွဲ မှူးခင်းအကူ ဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်း-မယ(ပ)၁၃/ ၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉(က)/ ၂၁/ကျင့် ၅၁၂၊ လမ်းမတော်မြို့မရဲစခန်း (ပ)၉/ ၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆/ ၃၂၃/ ၁၁၄/ ကျင့် ၅၁၂အမှုမှ တရားခံပြေးဖြစ်သူ ဒဂုံမြို့သစ် (တောင် ပိုင်း)မြို့နယ်နေ နဂါးလေး (ခ)အောင်နိုင် မြင့် (၃၄)နှစ် (ဘ)ဦးဝင်းနိုင်သည် ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ် ကွက်၊ လှော်ကားလမ်းနှင့် ဥဿဘုရား လမ်းဆုံအနီးရှိ ကားဝပ်ရှော့ တစ်ခုသို့ 5D-3753 ပါဂျဲရိုး အမျိုးအစား ခဲရောင်ယာဉ်ဖြင့် ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးစဉ် အဆိုပါ တရားခံပြေးဖြစ်သူမှ ရဲတပ်ဖွဲ့ဝင် များ၏ မော်တော်ယာဉ်များကို ၎င်းမောင်း နှင်သော မော်တော်ယာဉ်ဖြင့်တိုက်ပြီး ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

“ညနေပိုင်းက သေနတ်သံလိုလို တော့ သုံး၊ လေးချက်လောက် ကြားလိုက် တယ်၊ နာရီဝက်လောက်ကြာမှ တရားခံကို ရဲတွေက လာဖမ်းတာလို့ သိရတယ်၊ ဖမ်းတဲ့အခါမှာ တရားခံက ထွက်ပြေးလို့ သေနတ်နဲ့ ပစ်တာလို့တော့ ပြောတယ်၊ ဒဂုံဆိပ်ကမ်းဘက်ကို ထွက်သွားတယ် လို့ ပြောနေကြတယ်။ ညနေပိုင်းက အပြင်တောင် သိပ်မထွက်ရဲဘူး” ဟု အဆိုပါ ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ယင်းသို့ ထွက်ပြေးသွားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်ခတ် ဖမ်းဆီးခဲ့သော်လည်း တရားခံပြေး ဖြစ်သူ နဂါးလေး(ခ)အောင်နိုင်မြင့်မှာ ထွက်ပြေး လွတ်မြောက်သွားခဲ့ကြောင်း၊ ပြန်လည်ဖမ်းဆီးရမိရေးအတွက် ၎င်း သွားလာနိုင်သည့်နေရာများ၊ မြို့အဝင် အထွက်ဂိတ်များ၊ စစ်ဆေးရေးဂိတ်များကို မြို့နယ်ရဲတပ်ဖွဲ့အချင်းချင်းချိတ်ဆက်ကာ လိုက်လံပိတ်ဆို့ ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေ တရားခံ ဖမ်းဆီးရမိရေးအတွက် လိုက်လံဖမ်းဆီးနေပါတယ်။ သူ့ရဲ့ကားကိုတော့ ရပါပြီ။ သတင်းအရ ကျည်စုသင်္ချိုင်းထဲကို ဝင်ပြေးသွားတယ်လို့ သိရတဲ့အတွက် ပိုက်စိတ်တိုက်ရှာဖွေ နေပါတယ်”ဟု ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ရဲမှူး လုဝေက ပြောသည်။

**ဇော်ကြီး(ပဏ္ဍိတ)၊ သန်းထိုက်(လှိုင်သာယာ)**



တရားခံပြေး နဂါးလေး(ခ) အောင်နိုင်မြင့်နှင့် ၎င်းစီးနင်းသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်



# ကျေးလက်ကျန်းမာရေးဌာနများတွင် လိုအပ်သည့်သားဖွားဆရာမများကို တာဝန်ပေးနိုင်ရန် ဦးစားပေးလုပ်ဆောင်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ကော်မတီများတွင် အဖွဲ့ဝင်များ ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ကို ရယူအတည်ပြုသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏ **ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများမရှိသေးသည့် သင့်လျော်သောကျေးရွာတိုင်းတွင် သားဖွားဆရာမတစ်ဦးစီခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၉၃၀ ရှိပါကြောင်း၊ နောက်ဆုံးစာရင်းဇယားအရ ၇၀၀၀၀ ကျော်ဖြစ်သွားပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၇၇၈ ခုနှင့် ဌာနခွဲပေါင်း ၈၂၆၂ ခု ရှိပါကြောင်း၊ ဤဌာနခွဲတစ်ခုစီ၌ သားဖွားဆရာမတစ်ယောက်စီ ရှိရမည်ဖြစ်သော်လည်း လတ်တလောကာလတွင် မရှိသေးပါကြောင်း၊ ဝန်ကြီးဌာနတွင် ခန့်ထားသည့် စုစုပေါင်းသားဖွားဆရာမဦးရေမှာ ၁၂၂၉၅ ဦး ရှိပါကြောင်း၊ ၎င်းတို့အနက် အချို့သည် ဒေသန္တရကျန်းမာရေးဌာနတွင် အလုပ်လုပ်ပြီး အချို့သည် မြို့နယ်ကျန်းမာရေးဌာနနှင့် အချို့သည် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် အလုပ်လုပ်ကြပါကြောင်း၊ ကျန်သည့် သားဖွားဆရာမများကသာလျှင် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ တာဝန်ထမ်းဆောင်ကြပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွင်ရှိသော အင်အားမှာ ၉၀၀၀ ကျော် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနများတွင် လိုအပ်သည့် သားဖွားဆရာမများကိုတာဝန်ပေးနိုင်ရန် ဦးစားပေး လုပ်ဆောင်လျက်ရှိပါကြောင်း၊ သားဖွားဆရာမတစ်ယောက်ကို ရွာများသို့ စေလွှတ်တာဝန်ပေးရာတွင် ၎င်းနေထိုင်မည့် နေအိမ်၊ ဆေးဝါးနှင့် လိုအပ်သည့်ကိရိယာများကိုပါ ပံ့ပိုးဆောင်ရွက်ပေးရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

သားဖွားဆရာမများသည် မိမိတို့ဝန်ကြီးဌာန၏ အလွန်အရေးကြီးသော နောက်ခံကျောရိုးဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကာကွယ်ဆေးထိုးလုပ်ငန်း၊ ပညာပေးရေးလုပ်ငန်း၊ စာရင်းဇယားကောက်သည့် လုပ်ငန်းစသည့် ကိစ္စရပ်တိုင်းတွင် ပါဝင်ဆောင်ရွက်ရသည့်အတွက် ဖြစ်ပါကြောင်း၊ ၎င်းတို့၏ဆောင်ရွက်ချက်များ တော်မှသာလျှင် မိမိတို့ဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုများ ပီပြင်လာမည်ဖြစ်ပါကြောင်း၊ ယင်းအချက်ကို မိမိအနေဖြင့် သိနားလည်ထားသည့်အတွက် အတတ်နိုင်ဆုံး ပံ့ပိုးပေးလျက်ရှိနေပါကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ချင်းပြည်နယ်မှလွဲ၍ သားဖွားသင်တန်းကျောင်း (၂၂) ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ကြီးကြပ်၍ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများ ကျင်းပပြီး ဒေသအလိုက် မိမိတို့ဒေသမှ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ ဝင်ရောက်ဖြေဆိုကြပါကြောင်း၊ ဝင်ခွင့်ရရှိသူများမှာလည်း တိုင်းဒေသကြီး/ပြည်နယ်အလိုက်သာ အနီးစပ်ဆုံး ပြန်လည်တာဝန်ချထားမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် **ဦးကျော်မင်း၏ မြစ်မခမြစ်ရေတိုက်စားခြင်းကြောင့် (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်တွင် မြစ်ကြောင်း**



ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်
ကိုယ်စားလှယ် ဒေါ်ခင်စောဝေ

**ဖြောင့်ခြင်း၊ ရေကာရိုက်ခြင်းများ ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားဖြေကြားရာတွင် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရေတိုက်စားခြင်း၊ ကမ်းပါးပြိုခြင်းများကို ကာကွယ်ထိန်းသိမ်းရန် ရန်ပုံငွေ ၁၂၀၂ ဒသမ ၄၅ သန်း ရရှိခဲ့ပြီး မူလခွင့်ပြုငွေဖြစ်ပါကြောင်း၊ လုပ်ငန်းရှစ်ခုလုပ်ရန်ဆုံးဖြတ်ခဲ့ပြီး ဖြည့်စွက်ရန်ပုံငွေ ၇၁ ဒသမ ၄ သန်း ဖြင့် လုပ်ငန်းတစ်ခု၊ စုစုပေါင်းလုပ်ငန်းကိုးခုကို လုပ်ဆောင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းအနက်မှ ဦးစားပေးအစီအစဉ်အလိုက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးရပါကြောင်း၊ ယင်းလုပ်ငန်းကိုးခုအနက်မှ လက်ပံတန်းမြို့နယ်အတွက် တစ်ခုပါဝင်ပါကြောင်း၊ ယင်းမှာ တော်လသကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ၁၃၇ ဒသမ ၈၈ သန်းကို နှစ်တန်းသွား မျောတိုင်တန်းကျောက်ဖြစ်ရေကာတာ ကိုးခုဖြင့် စုစုပေါင်း ၃၆၀ မီတာကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဆက်လက်လုပ်ဆောင်မည့် ကမာကျေးရွာအုပ်စု၊ မြင်ကဝကျေးရွာအုပ်စုနှင့် လယ်တီကျေးရွာအုပ်စုများကို ကွင်းဆင်းတိုင်းတာ စစ်ဆေးပြီး လုပ်ဆောင်ရမည့် အပြင်အဆင်နှင့် ကုန်ကျစရိတ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့ပါကြောင်း၊ မြင်ကဝကျေးရွာအုပ်စု၊ လယ်တီကျေးရွာတွင် ကမ်းပြိုကာကွယ်ရေးအတွက် နှစ်တန်းသွား မျောတိုင်တန်း ကျောက်ဖြစ်ရေကာတာနှင့် ဆိုလာမက်ထရပ်စ်စတုရန်းပေ ၃၆၀၀၀ ကို ဆောင်ရွက်ရန် ၂၀၃ ဒသမ ၈၅ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကမာကျေးရွာအတွက် မြစ်မခမြစ်ရေတိုက်စားမှု ကာကွယ်ရန်အတွက် ၂၃၃ ဒသမ ၉ သန်းကုန်ကျမည်ဟု ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြခဲ့ပါကြောင်း၊ ထို့အတွက် ၂၀၁၆ -၁၇ ဘဏ္ဍာရေးနှစ်တွင် မပါဝင်တော့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မူလခွင့်ပြုငွေတွင်လည်း မပါဝင်တော့သည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံနိုင်ရန်အတွက် ဆောင်ရွက်ထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ခေါ်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ သယ်နီးကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ (ခ) ဦးရွှေလှဝင်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးနှင့် မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်တို့၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးနှင့် ဦးသန့်စင်မောင်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် **ပြန်လည်ပေးပို့သော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို မတူပီမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်ဥက္ကဋ္ဌက ယင်းကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# တောင်သူများ၏ ယာသီးနှံအလိုက် လိုအပ်သောစိုက်ပျိုးစရိတ်ချေးငွေများကို စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု ရှိပါက ချေးငွေများ ထုတ်ချေးပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စိုက်ပျိုးစရိတ်ချေးငွေနှင့် စပ်လျဉ်းပြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် စပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်နှင့် ချက်ကြံ စသည့် သီးနှံများအား စိုက်ပျိုးရန်အတွက် မိုး၊ ဆောင်းနှင့် မိုးကြိုရာသီအလိုက် ချေးငွေများကို တောင်သူများသို့ နှစ်စဉ် ထုတ်ချေးပေးလက်ရှိပါကြောင်း ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် **ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၏ ကယားပြည်နယ်တွင် ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးသောယာစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ပဲ၊ နှမ်း၊ ပြောင်းဈေးကွက်တည်ငြိမ်ခိုင်မာမှုရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးလှကျော်က ကယားပြည်နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇)ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်အထိ ဧကတစ်သိန်းလေးသောင်းခန့် ၊ ၉၅ ဒသမ ၀၉ ရာခိုင်နှုန်း ထုတ်ပေးခဲ့ပါကြောင်း၊ ယာစိုက်တောင်သူများ၏ ယာသီးနှံအလိုက် လိုအပ်သောစိုက်ပျိုးစရိတ်ချေးငွေများကို တင်ပြတောင်းဆိုပါက မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှစိစစ်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိပါက ချေးငွေများ ထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း။

ပဲ၊ နှမ်း၊ ပြောင်းသီးနှံများ၏ ဈေးကွက်ကို ပြည်ပတင်ပို့ခြင်း တစ်ခုတည်းသာ မှီခိုမနေဘဲ ပြည်တွင်းစားသုံးမှုတွင် သမားရိုးကျစားသုံးမှုပုံစံမှ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်မှုကုန်ကြမ်းအဖြစ် သုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်းဖြင့် ဈေးကွက်ဝယ်လိုအားကျဆင်းမှုအရ သီးနှံဈေးနှုန်းမတည်ငြိမ်မှုကို ထိန်းကျောင်းနိုင်ရန်လည်း လိုအပ်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သီးနှံကုန်ကြမ်းအသုံးပြု အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အဆင့်မြင့်နည်းပညာများအား သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအတွင်းရှိ စက်မှု၊ လက်မှုလုပ်ငန်းရှင်များအနေဖြင့် အဆိုပါနည်းပညာများဖြင့် ဒေသထွက်သီးနှံများကို အခြေခံသောထုတ်ကုန်သစ်များ ထုတ်လုပ်ခြင်းဖြင့် ဒေသထွက်သီးနှံများ၏ဈေးကွက်ကို တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးနိုင်မည်ဖြစ်ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း လယ်ယာထွက်ကုန် ပဲ၊ ပြောင်း၊ နှမ်းများ တိုးတက်တင်ပို့နိုင်ရေးအတွက် ပို့ကုန်ဆိုင်ရာ ဖြေလျော့မှုများ ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လက်အောက်ရှိ လယ်ယာထွက်ကုန်အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကုန်စည်ပြပွဲများမှ တစ်ဆင့် ချိတ်ဆက်၍ ဈေးကွက်ရှာဖွေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး
ဦးလှကျော်

လယ်ယာထွက်ကုန်ပစ္စည်းများ၏ ခိုင်မာသည့် ပြည်ပဈေးကွက်ရရှိရေးအတွက် အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ကုန်တန်ဖိုးကွင်းဆက်တစ်လျှောက် အောင်မြင်မှုရရှိရန် စိုက်ပျိုးထုတ်လုပ်သူ တောင်သူ၊ ကြားခံဝယ်ယူတင်ပို့သူ ကုန်သည်၊ ကူညီထောက်ပံ့ပေးသူအစိုးရတို့ ပူးပေါင်းဆောင်ရွက်သည့် အသွင်သဏ္ဍာန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ရုံးသစ် ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာလွှဲပြောင်းပေးနိုင်ခြင်း ရှိ၊မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့စီးပွားရေးဘဏ် မင်းဘူးဘဏ်ခွဲ တည်ဆောက်ရန် မင်းဘူးမြို့ အမှတ် (၃)ရပ်ကွက်ရှိ နေရာမှာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံပိုင် အမည်ပေါက်မြေဖြစ်ပြီး ရေနံတွင်းဟောင်း ၃ တွင်း၊ ရေနံတွင်းများသို့ ရေမောင်းသွင်းခြင်း လုပ်ငန်းစီမံကိန်းအတွက် သတ်မှတ်ထားသည့် **ဟက်တာ**နေရာဖြစ်ခြင်း၊ ၁၉၈၆ ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် ကျွန်းပင်များရှိခြင်း၊



ကယားပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ

တောင်ဘက်တွင် စက်သုံးဆီအရောင်းဆိုင်၊ မြောက်ဘက်တွင် မော်တော်ယာဉ်သဘာဝဓာတ်ငွေ့အရောင်းဆိုင် တည်ရှိနေ၍ မီးဘေးအန္တရာယ် ဖြစ်ပွားနိုင်သဖြင့် ဘဏ်ဆောက်လုပ်ရန် မြေနေရာအဖြစ် လွှဲပြောင်းပေးနိုင်ခြင်း မရှိပါကြောင်း။

ထို့ကြောင့် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မူလလျာထား သတ်မှတ်ပေးခဲ့သည့် မကွေး - မင်းဘူးလမ်းမကြီးပေါ်ရှိ ရုံးများအတွက် မြေနေရာတွင် သံကူကွန်ကရစ် နှစ်ထပ်ဘဏ်ခွဲ အဆောက်အအုံသစ်ဆောက်လုပ်ရန်နှင့် ကွန်ကရစ်လမ်းဖောက်လုပ်ရန်တို့အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်ငွေလုံးငွေရင်း ရန်ပုံငွေတွင် ငွေကျပ် သန်း ၁၅၀ လျာထားတောင်းခံထားပါကြောင်း ဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအေးချို၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ)မောင်တူးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **စာရင်းအင်းဥပဒေကြမ်း**အား လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းနိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကတင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီး **H.E. Mr. Aleksey K.Volin** နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

# လူထုဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာဝန်ကြီးဌာနတို့အကြား လူထုဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမကြီး၌ ကျင်းပသည်။

နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များကို ထုတ်လွှင့်ခြင်း၊ စာနယ်ဇင်းများက ပြုစုသောအရာများကို ပေးပို့ရာတွင်ကူညီပေးခြင်း၊ သတင်းထောက်လုပ်ငန်းများကို အပြန်အလှန်အကူအညီပေးခြင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု၊ ပုံနှိပ်မီဒီယာ၊ ပြန်ကြားရေးနှင့် သက်ဆိုင်သည့် သိပ္ပံနှင့်နည်းပညာကဏ္ဍများမှ ကျွမ်းကျင်သူများ လဲလှယ်မှုကို အားပေးခြင်း၊ လူထုမီဒီယာမှ ဝန်ထမ်းများအား လေ့ကျင့်ပေးရာတွင် အကူအညီပေးသည့်အပြင် ဤကဏ္ဍ၏ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း စသည့်အချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Aleksey K. Volin နှင့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီး H.E. Mr. Aleksey K. Volin တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရုရှားနိုင်ငံ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မီဒီယာအဖွဲ့များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ရုရှားနိုင်ငံ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီး H.E.Mr. Aleksey K. Volin နှင့် အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)တို့ ပူးပေါင်းကျင်းပသည့် ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးစီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲ (Workshop on Search & Rescue and Disaster Management) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်းအမှတ်(၂၇၅/ဘီ)ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာန၌ ဖေဖော်ဝါရီ ၁၄ ရက်နံနက်က ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် JICA Myanmar Office မှ Senior Representative Mr. Kotaro Nigshigata တို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**



**ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့်ကျင်းပ**

ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေး စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲကို မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေး စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်များတိုးတက်မြင့်မားလာစေရန်၊ နိုင်ငံတကာရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို ပိုမိုသိရှိနားလည်လာရန်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များအား INSARAG Classification များနှင့်အညီ နိုင်ငံတကာအဆင့်မီ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် အထောက်အကူပြုရန်၊ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာစေရန်နှင့် မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်လာစေရန် စသည့်ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နှင့် ဩစတြေးလျသံရုံးမှ ကိုယ်စားလှယ်များ၊ JICA Myanmar Office မှ Senior Representative နှင့်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသား ရှာဖွေကယ်ဆယ်ရေးကော်မတီမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် အရာရှိကြီးများ၊ Japan International Cooperation Agency (JICA), Japan Disaster Relief Team(JDR), Australian Civilian Crops(ACC),Swedish Civil Contingencies Agency (MSB),United Nations Office for the Coordination of Humanitarian Affair (UNOCHA), US Forest Service နှင့် USAIDတို့မှ ကျွမ်းကျင်ပညာရှင် ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးမှူးရုံးများမှ အရာရှိများနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်းအင်အား ၁၅၀ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၂)ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များအစည်းအဝေးကျင်းပ




နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာလူဇေး ကွမ်မာစစ်တို့ (၁၂)ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးကြစဉ် (ရဲထွဋ်)

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာလူဇေးကွမ်မာစစ်တို့ ပူးတွဲဥက္ကဋ္ဌအဖြစ်ကျင်းပသည့် (၁၂)ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

**အမြင်ချင်းဖလှယ်**

အစည်းအဝေးတွင်နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် နယ်စပ်နေဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် နယ်စပ်ဒေသလုံခြုံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**တည်ခင်းဧည့်ခံ**

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားနယ်နိမိတ်ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်ဆာဗန်းကီရိုပရာဆွတ်တို့ကဦးဆောင်၍ ဖေဖော်ဝါရီ ၁၅ရက်က ဆီဒိုးနားဟိုတယ်၌ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ လာအိုကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာလူ နှင့် အဖွဲ့သည် (၁၂)ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေး တက်ရောက်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအကြို ကချင်အမျိုးသားများတွေ့ဆုံ



**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အမျိုးသားအဆင့်ဆွေးနွေးပွဲ အကြိုပြင်ဆင်ရေး၊ ကိုယ်စားလှယ်များရွေးချယ်စေလွှတ်ရေးအတွက် ကချင်အမျိုးသားများ အတိုင်ပင်ခံအဖွဲ့မှဦးဆောင်၍ ကချင်အမျိုးသားများ ညီလာခံကို ယနေ့နံနက်ပိုင်းမှ စတင်၍ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်း မဂ္ဂယ်ခန်းမ၌ ဖေဖော်ဝါရီ ၁၆ နှင့် ၁၇ ရက်တို့တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရာ ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်ဖြင့် ပြည်နယ်ရဲတပ်ဖွဲ့က မဂ္ဂယ်ခန်းမရှေ့တွင် ပိတ်ပင်ထားရှိခဲ့သော်လည်း ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့မှ ညီလာခံကျင်းပခွင့်ရရှိရေး ဥပဒေအတိုင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ညနေ ၃ နာရီတွင် ပရိသတ် ၅၀၀ ခန့်ဖြင့် ဆုတောင်းပွဲပြုလုပ်၍ အခမ်းအနားဖွင့်လှစ်ကာ (၂၁)ရာစု ပင်လုံ ညီလာခံ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များ ရှင်းလင်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။

**စီစဉ်လျက်ရှိ**

အဆိုပါ ကချင်အမျိုးသားများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ငြိမ်းချမ်းစွာစုဝေးဟောပြောနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နှစ်နိုင်ငံလွှတ်တော်များရှိ ဥပဒေရေးရာကော်မရှင်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E.Mrs. Luan Thuy Duong အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာအဆောင် အမှတ် (I-11) ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များရှိ ဥပဒေရေးရာကော်မရှင် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပြုပြင်ပြောင်းလဲရေးကို အထောက်အကူပြုသည့် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်နိုင်ငံကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ဆွေးနွေးကြသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံပြီး ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားစာရင်းစနစ်ပေါ်ပေါက်လာစေရန် စာရင်းအင်းဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်

အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သော မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး **စာရင်းအင်းဥပဒေကြမ်း**ကို တင်သွင်းရခြင်း ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် **စာရင်းအင်းဥပဒေကြမ်း** တွင် အခန်း(၁၄)ခန်းနှင့် ပုဒ်မ ၅၅ ခု ပါဝင်ပြီး စာရင်းအင်းများ မှန်ကန်ရေးအတွက် **ပုဂ္ဂလိကကဏ္ဍ** အပါအဝင် **သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း**နှင့် **ဝန်ကြီးဌာနများ** အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် **ပါဝင်ဆောင်ရွက်ရန်** ဥပဒေနှင့်အညီ တွန်းအားပေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**စာရင်းအင်းဥပဒေ** ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များမှာ တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝသော စာရင်းအင်းများ ရရှိခြင်းဖြင့် မူဝါဒနှင့်စီမံကိန်းများ ရေးဆွဲရာတွင် လည်းကောင်း၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှုအကဲဖြတ်ရာတွင် လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံးပြုရာတွင် လည်းကောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊ နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ အသုံးပြုနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးသက်ရောက်မှုရှိပြီး လွယ်ကူချောမွေ့စေရန်၊ စာရင်းအင်းနှင့် သက်ဆိုင်သောဌာန၊ အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ထိရောက်မြန်ဆန်ပြီး ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းသည် အစိုးရနှင့် ပြည်သူတို့အကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေရန်တို့ဖြစ်ကြောင်း သိရသည်။

စာရင်းအင်းနှင့်ပတ်သက်၍ လက်ရှိကျင့်သုံးနေသည့် ဥပဒေကို ၁၉၅၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် **ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ**သည် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု မရှိတော့ခြင်း၊ စာရင်းအင်းနှင့် ပတ်သက်သည့် အချို့သော ဥပဒေများက လွှမ်းမိုးလာခြင်းတို့ကို ကြုံတွေ့နေရကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် မူဝါဒများ၊ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ ချမှတ်ဆောင်ရွက်ကြရာ၌ အရေးကြီးသော အချက်တစ်ခုမှာ တိကျမှန်ကန်ခိုင်မာ၍ အရည်အသွေးပြည့်ဝသော ယုံကြည်စိတ်ချရသည့် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ ရရှိရေးသည် အရေးကြီးသည်။

စာရင်းအင်းမှန်ကန်မှသာ တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ စာရင်းအင်း အချက်အလက် မှန်ကန်ရေးအတွက် ကောက်ယူသူများသာမက ကောက်ယူခံရသူများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အတိတ်သမိုင်းတွင် စာရင်းအင်းအချက်အလက်များနှင့် ပတ်သက်၍ အားနည်းချက်များ ရှိခဲ့သည်ကိုလည်း အားလုံးတွေ့မြင်သိရှိကြပြီး ဖြစ်ပါကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းစဉ် ထည့်သွင်းပြောကြားသည်။

ထိုဥပဒေကြမ်း ရေးဆွဲပြုစုရာတွင် ILO, IMF, UNFPA, UNICEF, World Bank, KOICA, ADB နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အခြားသော သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထား မှတ်ချက်များကိုလည်း ရယူ၍ ပြုစုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်တင်သွင်းခဲ့ပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်ကို ကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က ဖတ်ကြားတင်ပြခဲ့သည်။

စာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာထားသည်။

**(သတင်းစဉ်)**

# ဧပြီလမှစ၍ အဆောက်အအုံများ စည်းကမ်းနှင့်အညီ ဆောက်လုပ်ခြင်းမရှိပါက ဒဏ်ရိုက်မည်

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းနှင့်အညီအဆောက်အအုံ ဆောက်လုပ်ခြင်းမရှိပါက ၂၀၁၇ ဧပြီလမှစ၍ တစ်စတုရန်းပေ(တစ်ပေပတ်လည်) လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ဒဏ်ကြေးငွေကောက်ခံသွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးခိုင်မြင့်က ပြောသည်။

ယခင်ဒဏ်ကြေးငွေကျပ်၂၀၀ ကောက်ခံခဲ့ရာမှ ယခုကဲ့သို့ ဒဏ်ကြေးတိုးမြှင့်ကောက်ခံခြင်းသည် မြို့တော်စည်ပင်အတွက် အခွန်ငွေရရှိရန်မဟုတ်ဘဲ စည်းကမ်းလိုက်နာစေရန်အတွက် အဓိကရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆောက်အအုံများအား ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်း၊ ခွင့်ပြုချက်မရမီကြိုတင်ဆောက်လုပ်ခြင်း၊ ခွင့်ပြုချက်ထက်ပို၍ အထပ်တိုးဆောက်လုပ်ခြင်းနှင့် ပိုမိုကျယ်ဝန်းစွာဆောက်လုပ်ခြင်းများကို ယခင်က နေအိမ်အဆောက်အအုံဖြစ်လျှင် တစ်ပေပတ်လည် ငွေကျပ် ၂၀၀ နှင့်လုပ်ငန်းအဆောက်အအုံများအား ငွေကျပ် ၄၀၀ ဒဏ်ကြေးငွေ သတ်မှတ်ခဲ့ခြင်းကို ယခုအခါ နေအိမ်အဆောက်အအုံနှင့် လုပ်ငန်းအဆောက်အအုံများအားလုံးကို တစ်ပေပတ်လည်လျှင် ငွေကျပ် ၁၅၀၀၀ ဒဏ်ငွေတပ်ရိုက်သွားမည်ဖြစ်သည်။

"ဆောက်လုပ်ခွင့်တင်တုန်းက သုံးထပ်တင်ပြထားပြီး အမှန်တကယ်ဆောက်လိုက်တာက လေးထပ်လုပ်လိုက်ရင် ခွင့်ပြုတာထက် အထပ်တိုးဆောက်တာ။နောက်တစ်ခုက ခွင့်ပြုတာက ပေ (၃၀×၄၀) မှာ ဘေးကိုချဲ့တယ်၊ ရှေ့ကို တိုးတယ်။ ဒါမျိုးတွေမဖြစ်အောင် စည်းကမ်းလိုက်နာစေချင်ပြီး ပြည်သူတွေအမြင်ရှင်းအောင်လို့ပါ"ဟု ကော်မတီဝင် ဦးခိုင်မြင့်က ရှင်းပြသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ရက်မှ ဖေဖော်ဝါရီ ၁၆ရက်ထိ အိမ်ဆောက်မိန့် ၅၀၀ ကျော် ချထားပေးခဲ့ပြီးဖြစ်ရာ ဒဏ်ကြေးပေးဆောင်စေခြင်းဖြင့် အရေးယူခဲ့သည့် အမှုပေါင်း ၂၂၂ မှုရှိကြောင်း၊ ခွင့်ပြုချက်မဲ့ဆောက်လုပ်ခြင်းနှင့် အထပ်တိုးဆောက်လုပ်ခြင်းများမှ ကောက်ခံရရှိသည့် ဒဏ်ကြေးငွေကျပ် ၇၂၅ သိန်းရရှိခဲ့ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ကျေးရွာများသို့ကွင်းဆင်းကာ အခမဲ့ဆေးဝါးကုသ

**စစ်တွေ ဖေဖော်ဝါရီ ၁၆**



ရခိုင်ပြည်နယ် ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာသီဟအောင်၊ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာ၊ ကျန်းမာရေးမှူး ဦးစောဝင်းမောင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်က စစ်တွေမြို့နယ် ပလ္လပြင်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံများနှင့် တွေ့ဆုံကာ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကိုမေးမြန်းခြင်း၊ လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ရှင်းပြခြင်း၊ ဒေသခံများ၏ မေးမြန်းဆွေးနွေးချက်များအား ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးမှူးနှင့် အဖွဲ့သည် အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးခန်းဖွင့်လှစ်ပြီး လာရောက်ပြသကြသည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် အထွေထွေရောဂါလူနာများ အပါအဝင် စုစုပေါင်းလူနာ ၇၈ ဦးကို အခမဲ့ ဆေးဝါးကုသပေးကြပြီး မွေးဖွားခါနီး အရေးပေါ်ကိုယ်ဝန်ဆောင် လူနာတစ်ဦးအား စစ်တွေအထွေထွေ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပို့ပေးခဲ့ကြသည်။

ထို့နောက် ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးမှူးနှင့်အဖွဲ့သည် ပလ္လပြင်ကျေးရွာမှ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ဇောပူဂျာကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိပြီး ဒေသခံများနှင့်တွေ့ဆုံကာ ကျန်းမာရေးအခြေအနေများကို မေးမြန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ရှင်းပြခြင်း၊ ဒေသခံများ၏ ကျန်းမာရေး လိုအပ်ချက်များကို မေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# အကြမ်းဖက်တိုက်ဖျက်မှုကို အကူအညီပေးနိုင်မည့် အချက်အလက်များဖလှယ်ရန် ဖိလစ်ပိုင်အား ရုရှားကမ်းလှမ်း

**မော်စကို ဖေဖော်ဝါရီ ၁၆**

ရုရှားလုံခြုံရေးဆိုင်ရာ ထိပ်တန်းအာဏာပိုင်တစ်ဦးက ဖိလစ်ပိုင်နိုင်ငံ၏ ရာဇဝတ်မှုနှိမ်နင်းရေးနှင့် စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရေးတို့တွင် အကူအညီပေးအပ်ရန်နှင့် ဖိလစ်ပိုင်သမ္မတ ဒူတက်တေး၏လုံခြုံရေးကို ကာကွယ်စောင့်ကြပ်ရန် တာဝန်ချထားသည့် အထူးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရန်အတွက် စစ်ရေးနှင့် နိုင်ငံရေးသတင်း စုဆောင်းမှုဆိုင်ရာ သတင်း အချက်အလက်များကို မျှဝေပေးရန် ဖိလစ်ပိုင်သို့ ကြာသပတေးနေ့က ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ရုရှားလုံခြုံရေးကောင်စီအတွင်းဝန်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့၏ ထိပ်တန်းလုံခြုံရေးအာဏာပိုင်ဖြစ်သူ နီကိုလိုင်ပက် ထရူရှက်ဖ်သည် ဖိလစ်ပိုင်သမ္မတ ဒူတက်တေး၏မွေးရပ်မြို့ဖြစ်သည့် ဒါဗာအို၌ ရုရှားနှင့် ဖိလစ်ပိုင်လုံခြုံရေးအာဏာပိုင်များ တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်အတွင်း အဆိုပါကမ်းလှမ်းမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး ဒယ်လ်ဖင်လိုရန်ဇာနာက ရုရှားသည် ဖိလစ်ပိုင်နှင့် ရုရှားနိုင်ငံတို့တွင်ဖြစ်ပွားနေသည့် နိုင်ငံဖြတ်ကျော်အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများကို တိုက်ခိုက်ချေမှုန်းသွားနိုင်ရန် အကူအညီပေးအပ်သည့်အနေဖြင့် သတင်းအချက်အလက်များ အပြန်အလှန် မျှဝေသည့်စနစ်ကိုအသုံးပြုသွားရန် ဖိလစ်ပိုင်အား ကမ်းလှမ်းခဲ့ကြောင်းနှင့် သတင်းအချက်အလက်များ ဖလှယ်သည့်စနစ်က အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ၎င်းတို့၏ငွေကြေးလည်ပတ်မှုစနစ်ကိုပါ ခြေရာခံနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် လိုရန်ဇာနာက ဖိလစ်ပိုင်တွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့်စစ်သွေးကြွများအကြား အလွန်ခိုင်မာသည့်ချိတ်ဆက်မှုများ ရှိနေသည်ဟု ပြောကြားခဲ့သည်။

ရုရှားနှင့် ဖိလစ်ပိုင် နှစ်နိုင်ငံအာဏာပိုင်များသည် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုးဆိုးလုယက်မှုများနှိမ်နင်းရေးအပါအဝင် မူးယစ်ဆန့်ကျင် တိုက်ဖျက်သည့်လေ့ကျင့်မှုများကို နှစ်နိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့များက လေ့ကျင့်သွားကြရန်လည်း ဆွေးနွေးခဲ့ကြကြောင်း လိုရန်ဇာက ပြောကြားခဲ့သည်။ **(ရိုက်တာ)**






# ဆူဒန်ကလေးငယ်များအတွက် ယူနီဆက်ဖ်က ဒေါ်လာသန်း ၁၁၀ တိုးမြှင့်ပေးအပ်မည်

**ခါတွန် ဖေဖော်ဝါရီ ၁၆**

ဆူဒန်နိုင်ငံရှိ ကလေးများအတွက် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် အမေရိကန်ဒေါ်လာ သန်း ၁၁၀ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ဆူဒန်ရုံးခွဲက ကြေညာခဲ့သည်။ ထိုသို့ ကူညီထောက်ပံ့ခြင်းသည် ယူနီဆက်ဖ်၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ဆူဒန်နိုင်ငံဆိုင်ရာ ယူနီဆက်ဖ်ဌာနေကိုယ်စားလှယ် အဗ္ဗဒူလ်လာဖာဒီလ်က ပြောသည်။

အဆိုပါပေးအပ်မည့်အကူအညီများအား ဆူဒန်နိုင်ငံအတွင်းရှိ ကလေးငယ်နှစ်သန်းထံသို့ရောက်ရှိရန် ဆူဒန်နိုင်ငံဆိုင်ရာ ယူနီဆက်ဖ်ရုံးခွဲက ရည်ရွယ်ထားကြောင်း သိရသည်။

အာဟာရချို့တဲ့သော အာဖရိကကလေးငယ် ၁၃ ရာခိုင်နှုန်းသည် ဆူဒန်နိုင်ငံတွင်ရှိနေကြောင်း၊ ဆူဒန်ရှိ အသက်ငါးနှစ်အောက် ကလေးငယ်နှစ်သန်းသည် အာဟာရချို့တဲ့သူများဖြစ်ကြောင်း၊ ယင်းအနက် ၅၅၀၀၀၀ မှာ ဆိုးရွားစွာ အာဟာရချို့တဲ့မှုဖြစ်နေကြောင်း ကိန်းဂဏန်းများအရ သိရသည်။

ပဋိပက္ခများကြောင့် ရွှေ့ပြောင်းသွားလာမှုများ၊ ကပ်ရောဂါများ၊ ရေကြီးခြင်းများ၊ မိုးခေါင်ခြင်းများက ဆူဒန်ကလေးများ၏ အာဟာရနှင့် စားနပ်ရိက္ခာလုံခြုံရေးအခြေအနေကို ပိုပြီး ဆိုးရွားစေခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဆူဒန်အစိုးရသည် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ အာဟာရချို့တဲ့မှုနှင့် မွေးကင်းစကလေး သေဆုံးမှုနှုန်း လျှော့ချရေး စသော နိုင်ငံ၏ ဦးစားပေးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**(ဆင်ဟွာ)**

# ဘဂ္ဂဒက်တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ကိုးဦးထက်မနည်း သေဆုံး

**ဘဂ္ဂဒက် ဖော်ဖော်ဝါရီ ၁၆**



အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဖေဖော်ဝါရီ ၁၅ ရက်က အသေခံကားဗုံးခွဲ တိုက်ခိုက်ခဲ့သောကြောင့် အနည်းဆုံး ကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အသေခံ ဗုံးခွဲတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဆက်ဒ်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။ အသေခံကားဗုံးဖောက်ခွဲသူသည် ပေါက်ကွဲစေသည့်ပစ္စည်းများ အပြည့်တင်ထားသည့်ကားကို လူအများအပြားရှိနေသည့် ကားရောင်းဝယ်ရေးနေရာသို့ မောင်းနှင်ခဲ့ကာ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် လူအများအပြားသေဆုံး ဒဏ်ရာရရှိခဲ့ပြီး ဈေးဆိုင်အများအပြားလည်း မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဆက်ဒ်မြို့သည် ရှီးယိုက်ဘာသာဝင်များ စုဝေးနေထိုင်ရာမြို့ဖြစ်ပြီး အိုင်အက်စ် အကြမ်းဖက်တပ်ဖွဲ့၏ တိုက်ခိုက်မှုကို အကြိမ်ကြိမ်ခံခဲ့ရကြောင်း သိရသည်။ ယခု အကြမ်းဖက်တိုက်ခိုက်မှုကို မည်သည့်အဖွဲ့က ပြုလုပ်ခဲ့သည်ကို မသိရသေးချေ။

အီရတ်အစိုးရတပ်ဖွဲ့သည် လက်ရှိအချိန်တွင် အီရတ်နိုင်ငံ မြောက်ပိုင်းဒေသရှိ အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့၏ သိမ်းပိုက်ထားသော ဒုတိယအကြီးဆုံးမြို့တော် မိုဆူးလ်ကို ဝန်းရံတိုက်ခိုက်နေသည်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့သည် တစ်ဖက်တွင် အီရတ်အစိုးရနှင့် မိုဆူးလ်တွင်တိုက်ခိုက်နေပြီး အခြားတစ်ဖက်တွင်လည်း နေရာအနှံ့အပြား၌ အကြမ်းဖက်တိုက်ခိုက်မှုများကို ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ထိုးစစ်ကို အားပျော့အောင် ဆောင်ရွက်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ယူကရိန်းပဋိပက္ခတွင် လက်နက်ကြီးများ ဖယ်ရှားရန်သဘောတူ

**မင့်ခ် ဖေဖော်ဝါရီ ၁၆**

ယူကရိန်းအရေးတွင်ပါဝင်သည့် နှစ်ဖက်အဖွဲ့အစည်းများဆွေးနွေးမှုများတွင် လက်နက်ကြီးများကို ဖေဖော်ဝါရီ ၂၀ ရက်မတိုင်မီဖယ်ရှားရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ယူကရိန်းအရေးသုံးပွင့်ဆိုင်ဆက်သွယ်ရေးအဖွဲ့ (ယူကရိန်း၊ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၊ ရုရှား)သည် ဖေဖော်ဝါရီ ၁၅ ရက်က ဘယ်လာရုစ်နိုင်ငံ မင့်ခ်မြို့တွင် ပုံမှန်အစည်းအဝေးပြုလုပ်ခဲ့ပြီးနောက် ထိုသို့ သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးတွင် အလုံးစုံပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ လက်နက်ကြီးများ ဖယ်ရှားရေးနှင့် လုံခြုံရေး ဇုန်များသတ်မှတ်ကာ အရပ်ဘက်ပြည်သူနှင့် အရေးကြီးအဆောက်အအုံများကာကွယ်ရေး စသည်တို့နှင့် ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ကြောင်း၊ ယူကရိန်းအရေးတွင် တိုက်ပွဲဖြစ်ပွား နေသော နှစ်ဖက်အဖွဲ့အစည်းများက ဖေဖော်ဝါရီ ၂၀ ရက်မတိုင်မီ လက်နက်ကြီးများအားဖယ်ရှားရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းမှ အထူးကိုယ်စားလှယ် ဆက်ဂျ်ဒစ်ခ်က အစည်းအဝေးအပြီး သတင်းမီဒီယာများကို ပြောခဲ့သည်။ **(ဆင်ဟွာ)**

## ကင်ဂျုံနမ်လုပ်ကြံခံရမှုတွင် သုံးဦးမြောက်သံသယရှိသူကို ဖမ်းဆီး

**ပြုံယမ်း ဖေဖော်ဝါရီ ၁၆**

မလေးရှားရဲတပ်ဖွဲ့သည် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း၏အစ်ကို လုပ်ကြံသတ်ဖြတ်ခံရမှုတွင် ပါဝင်ပတ်သက်နေသည့် သုံးဦးမြောက်သံသယရှိသူကို ဖေဖော်ဝါရီ ၁၆ ရက်က ဖမ်းဆီးလိုက်ကြောင်း သိရသည်။ သုံးဦးမြောက်ဖမ်းဆီးခဲ့သည့် အမျိုးသားမှာ မည်သည့်နိုင်ငံသားဖြစ်ကြောင်းကို ဖော်ပြခြင်းမရှိသေးပေ။ အဆိုပါ အမျိုးသားသည် ပြီးခဲ့သည့်တစ်ရက်ကျော်အကြာက ဖမ်းဆီးခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသားအမျိုးသမီး၏အသိအကျွမ်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ၎င်းသည် ဒုတိယမြောက်ဖမ်းဆီးခဲ့သည့် သံသယရှိသူအမျိုးသမီးနှင့် သမီးရည်းစားဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းအားစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဆီလန်ဂေါ်ဒေသရဲအရာရှိချုပ် အဘူဆာမက်မတ်က ရိုက်တာသို့ ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ရခိုင်အမျိုးသားပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား-**

ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်အမျိုးသားပါတီ (Arakan National Party)ရဲ့ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီ (Arakan National Party -ANP) ဟာ ရခိုင်ပြည်နယ်၊ ရခိုင်လူမျိုးနဲ့ ရခိုင်မျိုးနွယ်စုဝင်တိုင်းရင်းသားတွေကို ကိုယ်စားပြုပြီးတော့ ၁၉၉၀ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၁ နေရာ အနိုင်ရခဲ့တဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (Arakan League for Democracy - ALD) ပါတီနဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ လွှတ်တော်အသီးသီး ကိုယ်စားလှယ်နေရာ ၃၅ နေရာ အနိုင်ရခဲ့တဲ့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) နှစ်ပါတီကို ရခိုင်အမျိုးသားအကျိုးစီးပွားနဲ့ ရခိုင်အမျိုးသားတစ်ရပ်လုံး စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ပူးပေါင်းတည်ထောင်ကြရာမှ ပေါ်ပေါက်လာတဲ့ ပါတီဖြစ်ပါတယ်။

**ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီရဲ့အခြေခံမူဝါဒ သုံးရပ်ကတော့-**

(က) စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး - (ဆိုလိုတဲ့သဘောက- ရခိုင်လူမျိုးတွေရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်၊ ကိုယ့်ကံကြမ္မာ ကိုယ်ပိုင်ဖန်တီးခွင့်နဲ့ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတွေအားလုံး တန်းတူအခွင့်အရေးရရှိရေးကို အာမခံတဲ့ "လူမျိုးကို အခြေခံသော ပြည်နယ်များ"နဲ့ ဖွဲ့စည်းတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရန် ဖြစ်ပါတယ်။)

(ခ) ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားအားလုံးတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရေးနဲ့ အဆိုပါအကျိုးစီးပွားတွေကို အစဉ်ကာကွယ်စောင့်ရှောက်သွားရေး။

(ဂ) ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား-**

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ကြောင့်လည်းကောင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့်လည်းကောင်း တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ဒုက္ခမျိုးစုံကို နှစ်ပေါင်း ၆၀ ကျော် ခါးစည်းခံစားခဲ့ရပါတယ်။ ယနေ့ထက်တိုင်ခံစားနေကြရဆဲလည်း ဖြစ်ပါတယ်။ ယနေ့အထိ အမျိုးသားလွတ်မြောက်ရေးတောင်းဆိုတဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြောင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူတွေ အတိဒုက္ခရောက်လျက်ရှိနေကြပါတယ်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ရခြင်းရဲ့အခြေခံအကြောင်းရင်းဟာ တိုင်းရင်းသားလူမျိုးတွေ အချင်းချင်း တန်းတူရည်တူ အခွင့်အရေးမရရှိသေးခြင်း၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့်မရရှိသေးခြင်းတို့ကြောင့် ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး ထာဝစဉ်ရရှိရန်အတွက် ရဲဝံ့စွာဖြင့် လည်းကောင်း၊ သဘောထားကြီးစွာဖြင့်လည်းကောင်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံပြီး ဒီမိုကရေစီစနစ်ကိုလည်း အာမခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေ ပေါ်ပေါက်လာရေးအတွက် ကျွန်တော်တို့အားလုံး လက်တွဲဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား-**

ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီဟာ ရခိုင်လူမျိုးတစ်မျိုးတည်းကို အခြေခံတဲ့ပါတီမဟုတ်ဘူးဆိုတာကို ကျွန်တော်တို့ပါတီရဲ့ ပါတီဝင်ဖြစ်မှုဆိုင်ရာ မူဝါဒအရ အသေအချာ ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ရခိုင်နဲ့ ရခိုင်မျိုးနွယ်စုတွေ အပါအဝင် ရခိုင်ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စု ဌာနေတိုင်းရင်းသားမျိုးနွယ်စုဝင် မည်သူမဆို ပါတီဝင်အဖြစ် လျှောက်ထားနိုင်ကြပြီး ပါတီအနေဖြင့်လည်း ရခိုင်ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံးအတွက် ရပ်တည် တိုက်ပွဲဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုတစ်ခုလုံးရဲ့အရေးမှာလည်း တက်တက်ကြွကြွ ပါဝင်သွားမှာဖြစ်ပါတယ်။

မိမိတို့ပါတီဟာ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားမျိုးနွယ်တွေအပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု အပါအဝင် အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရှေ့က ကျွန်တော်တင်ပြသွားတဲ့ ကျွန်တော်တို့ပါတီရဲ့ရည်ရွယ်ချက်ကြီးသုံးရပ်ကို အခြေခံပြီးတော့ ရှေ့ဆက်ဆောင်ရွက်မယ့် ပါတီလုပ်ငန်းစဉ်တွေအဖြစ် လုပ်ငန်းစဉ် ၁၈ ခုကို ပိုပြီးတော့ အသေးစိတ်ကျကျ ချမှတ်ထားရှိပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား-**

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲဟာ ကြားဖြတ်ရွေးကောက်ပွဲပင် ဖြစ်သော်ငြားလည်း ကျွန်တော်တို့ ရခိုင်လူမျိုးတွေအတွက် မိမိတို့ရဲ့ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်ရရှိရေးအတွက် ချီတက်ကြတဲ့နေရာမှာ အရေးပါတဲ့ ခြေလှမ်းတစ်ထစ်အဖြစ် ကျော်ဖြတ်ကြရမှာဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲရလဒ်တွေအရ ရခိုင်ပြည်နယ်လွှတ်တော်မှာ ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီက အမတ်နေရာအများစု အနိုင်ရသွားတဲ့အတွက် ပြည်နယ်လွှတ်တော်ကို ထိန်းချုပ်ထားနိုင်တဲ့ အနေအထားနဲ့ ရှေ့ဆက်ချီတက်နေပါတယ်။ ရခိုင်ပြည်နယ်အစိုးရအား ဦးဆောင်ဖွဲ့စည်းခွင့်ကို ရခိုင်ပြည်သူတွေအကျိုးအတွက် အမတ်အများစု အနိုင်ရ ရခိုင်အမျိုးသားပါတီက ရခိုင်ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ဒီမိုကရေစီနည်းလမ်းတကျ အလေးအနက်တောင်းဆိုခဲ့ကြပါတယ်။ ဒါပေမယ့် လက်ရှိ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူကာ ရခိုင်အမျိုးသားပါတီနဲ့ ရခိုင်ပြည်သူလူထုရဲ့ ဆန္ဒအား မျက်ကွယ်ပြုခြင်းခံခဲ့ရသည်မှာလည်း ပြည်သူတွေ အသိပင်ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်နဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ဘင်္ဂါလီတွေကိစ္စမှာ မြန်မာနိုင်ငံရဲ့ ပြင်ပက အင်အားစုတွေက ပုံစံအမျိုးမျိုးနဲ့ ပေးနေကြတဲ့ ဖိအားတွေကို တောင့်မခံနိုင်တာကို မြင်လာရတဲ့အခါ၊ နောက်ပြီးတော့ လွှတ်တော်နဲ့ အစိုးရ အပြန်အလှန်ထိန်းကျောင်းမှု နည်းပါးလာတဲ့ ဖြစ်ရပ်သဘောတွေကို ကြည့်မြင်ရတဲ့အခါ လက်ရှိ ဒီနှစ်တွေအတွင်းမှာ မြန်မာနိုင်ငံမှာ ပိုမိုအားကောင်းတဲ့ အတိုက်အခံစနစ်ရှိဖို့ လိုအပ်လာပြီလို့ သုံးသပ်မိကြပါတယ်။ တွန်းတွန်းတိုက်တိုက် ထောက်ပြဝေဖန်ပြောဆို ဆောင်ရွက်နိုင်မယ့်သူတွေကို ပြည်ထောင်စုလွှတ်တော် အခင်းအကျင်းသို့ အားဖြည့်စေလွှတ်ပို့ဆောင်ရတော့မယ့် အနေအထားဖြစ်တယ်လို့ ရခိုင်အမျိုးသားပါတီ ခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ခဲ့ကြပါတယ်။

ခေတ်အဆက်ဆက်၌ ရခိုင်လူမျိုးတွေဟာ မိမိတို့ရဲ့ ဆုံးရှုံးနေတဲ့ အမျိုးသားအခွင့်အာဏာတွေကို ရရှိစေရေးအတွက် နည်းလမ်းပေါင်းများစွာကို အသုံးပြုပြီးတော့ သက်စွန့်ဆံဖျား ကြိုးစားခဲ့ကြပါတယ်။ ကျွန်ုပ်တို့ ရခိုင်အမျိုးသားပါတီအနေနဲ့လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်အတွင်းမှ ထိုအခွင့်အာဏာတွေကို ပြန်လည်ရရှိနိုင်ရေး အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ဒီကြားဖြတ် ရွေးကောက်ပွဲအတွင်း ယှဉ်ပြိုင်မှုဟာလည်း ဒီလိုကြိုးပမ်းအားထုတ်မှုတွေထဲက ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ရခိုင်အမျိုးသားပါတီဟာ လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ နှစ်နေရာမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာမှာ ရခိုင်အမျိုးသားပါတီကိုယ်စား ကျွန်တော်ဒေါက်တာအေးမောင်က ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီးတော့ ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဦးအေးကျော်က ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ရခိုင်အမျိုးသားပါတီဟာ ရခိုင်ပြည်သူတွေ အခက်အခဲအကျပ်အတည်းကြုံတိုင်း ရခိုင့်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေနဲ့အတူ ထိုအခက်အခဲတွေကနေ ရုန်းထွက်နိုင်အောင် ပြည်သူတွေနဲ့ တစ်ထပ်တည်း အစဉ်ကြိုးပမ်းဆောင်ရွက်နေတဲ့ ပါတီဖြစ်ကြောင်း ပြည်သူများ အသိပင်ဖြစ်ပါတယ်။

ဒီလိုမျိုး အစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၀ ရွေးကောက်ပွဲမှာ ရခိုင်ပြည်သူတစ်ရပ်လုံးဟာ ရခိုင်ကိုယ်စားပြုပါတီ RNDP နှင့်အတူရပ်တည်ပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် တတိယအများဆုံး အနိုင်ရပါတီကြီးအဖြစ် RNDP ကို သမိုင်းမှတ်တိုင် စိုက်စေခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ ရခိုင်ပါတီ (RNDP)က တစ်နိုင်ငံလုံးမှာ တတိယအများဆုံးအောင်ပွဲရခဲ့ခြင်းဟာ ရခိုင်ပါတီ (RNDP)သာမက "ရခိုင်တစ်မျိုးသားလုံး၏ အမျိုးသားစိတ်ဓာတ်" ကို မြန်မာနိုင်ငံအစိုးရ၊ တိုင်းရင်းသား ခေါင်းဆောင်တွေ၊ နိုင်ငံတကာအစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကပင် အသိအမှတ်ပြုစေခဲ့ရတာဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ ရခိုင်အမျိုးသားပါတီ (ANP) ဟာ စုစုပေါင်း ၇၇ နေရာ ယှဉ်ပြိုင်ခဲ့တဲ့အနက် ၄၅ နေရာ အနိုင်ရပြီးတော့ တတိယအများဆုံးအနိုင်ရတဲ့ ပါတီအဖြစ် ထပ်မံရပ်တည်နိုင်ခဲ့တယ်။ ဒါ့အပြင် တစ်သီးပုဂ္ဂလယှဉ်ပြိုင်အနိုင်ရခဲ့တဲ့ ရခိုင်ပြည်နယ်လွှတ်တော်အမတ်တစ်ဦးလည်း ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီနဲ့ ပူးပေါင်းရပ်တည်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်မယ့် နှစ်နေရာစလုံးမှာ ရခိုင်အမျိုးသားပါတီ (ANP) အပြတ်အသတ်အောင်ပွဲရရှိစေဖို့ရာဟာ ရခိုင်ပြည်သူတွေရဲ့ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်တယ်လို့ အလေးအနက်ယုံကြည်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား-**

ရှေ့ကပြောပြခဲ့တဲ့ ကျွန်တော်တို့ရခိုင်အမျိုးသားပါတီရဲ့ ရည်မှန်းချက်သုံးရပ်မှာ အရေးအကြီးဆုံးလည်းဖြစ်ပြီး နံပါတ်တစ်ရည်မှန်းချက်လည်းဖြစ်တဲ့ "စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်ရေး" ဆိုတဲ့ ရည်မှန်းချက်ကနေ မတိမ်းမစောင်း အလျှော့မပေးစတမ်း ဆက်လျှောက်သွားကြရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး(၂၁ ရာစု ပင်လုံ) ညီလာခံမှာ ကျွန်တော်တို့ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ရပ်တည်ထားတဲ့ ကျွန်တော်တို့လိုလားတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘယ်လိုဖက်ဒရယ်ပြည်ထောင်စုမျိုးလဲဆိုတာကို ကျွန်တော်တို့ အသေအချာ စာတမ်းဖတ်ပြီး ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဲဒီစာတမ်းထဲက အရေးကြီးတဲ့ အချက်အနည်းငယ်ကို ထပ်ဆင့်ကောက်နှုတ်တင်ပြရမယ်ဆိုရင်-

* ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတွေဟာ အမျိုးသားပြည်နယ်တွေ ဖွဲ့စည်းပြီး အဲဒီ အမျိုးသားပြည်နယ်တွေနဲ့ ဗဟိုအစိုးရအကြားမှာ အာဏာခွဲဝေကျင့်သုံးမှုဟာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု၏ အနှစ်သာရနဲ့ ခွဲဝေကျင့်သုံးတာဖြစ်စေရမယ်။ အဲဒီလို အာဏာခွဲဝေကျင့်သုံးရာမှာ- ဗဟိုအစိုးရက ကိုယ်စားပြုကျင့်သုံးခွင့်ရတဲ့ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုလုံးရဲ့ အချုပ်အခြာအာဏာဟာ ပြည်နယ်တွေဆီက ဆင်းသက်စီးဆင်းခြင်းဖြစ်တယ်ဆိုတဲ့ အခြေခံမူရယ်၊ နောက်ပြီးတော့ ဖက်ဒရယ်ပြည်ထောင်စု လည်ပတ် ဖြစ်တည်စေနိုင်ရန်အတွက်



ပြည်နယ်တွေက ဗဟိုအစိုးရသို့ ခွဲဝေအပ်နှင်းပေးတဲ့ အာဏာတွေကလွဲလို့ ကျန်တဲ့ ကြွင်းကျန်အာဏာတွေအားလုံးဟာ ပြည်နယ်တွေလက်ထဲမှာရှိတယ်ဆိုတဲ့ အခြေခံမူရယ်၊ ဒီအခြေခံမူနှစ်ရပ်တို့အရ အာဏာခွဲဝေ ကျင့်သုံးခြင်းဖြစ်ရမယ်။

* ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်ဟာ တန်းတူရည်တူ သီးခြားလွှတ်တော်တွေဖြစ်စေရမယ်၊ ဒါ့အပြင် လွှတ်တော်နှစ်ရပ်ကို ပူးတွဲ၍ ကျင်းပခွင့်မရှိစေရဆိုတဲ့အချက်။ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ရဲ့အကြီးအကဲ (သမ္မတ)ကို ရွေးချယ်ရာတွင် လူမျိုးကိုအခြေခံပြီး အလှည့်ကျစနစ်နဲ့ ရွေးချယ်ရမယ်ဆိုတဲ့အချက်။

* ပြည်နယ်တွေအတွင်းမှာရှိတဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေ၊ စီမံကိန်းတွေကိုပြည်နယ်အစိုးရတွေက တိုက်ရိုက် စီမံခန့်ခွဲပိုင်ခွင့်ရှိရမယ်ဆိုတဲ့အချက်။ အဲဒီ ရင်းနှီးမြှုပ်နှံမှုတွေ၊ စီမံကိန်းတွေကနေ ရရှိလာတဲ့ အကျိုးအမြတ်၊ အခွန်အကောက်တွေအပေါ်မှာ ပြည်နယ်တွေက အပြည့်အဝစီမံခန့်ခွဲပိုင်ခွင့်နဲ့ ရယူခံစားပိုင်ခွင့်ရှိရမယ်ဆိုတဲ့အချက်။

* ပြည်နယ်တွေအလိုက် ဖွဲ့စည်းတဲ့ ပြည်နယ်အမျိုးသားတပ်မတော်တွေဟာ သက်ဆိုင်ရာ ပြည်နယ်ရဲ့စီမံကွပ်ကဲမှုအောက်မှာ ရှိမယ်ဆိုတဲ့အချက်။ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို ပြည်နယ်အမျိုးသားတပ်မတော်တွေဆီကနေ အချိုးကျစေလွှတ်လိုက်တဲ့ တပ်တွေနဲ့ ဖွဲ့စည်းရမယ်ဆိုတဲ့အချက်။

* သဘာဝသယံဇာတတွေအားလုံးကို သက်ဆိုင်ရာအမျိုးသား ပြည်နယ်တွေက ပိုင်ဆိုင်တဲ့အပြင် စီမံထိန်းချုပ်ကွပ်ကဲခွင့်ရှိတယ်။ ဒါ့အပြင် သယံဇာတဝင်ငွေတွေကို ကိုင်တွယ်ပြီး ဖက်ဒရယ်အစိုးရသို့ ခွဲဝေပေးခြင်းကို သက်ဆိုင်ရာအမျိုးသားပြည်နယ်က ကိုင်တွယ်လုပ်ဆောင်ရမယ်ဆိုတဲ့အချက်။ ဖက်ဒရယ်ပြည်ထောင်စု ဘဏ္ဍာငွေသို့ ထည့်ဝင်ရမည့် သတ်မှတ်အချိုးကျ ခွဲဝေပေးငွေမှာ သက်ဆိုင်ရာ အမျိုးသားပြည်နယ်လွှတ်တော်ရဲ့သဘောတူညီချက်ကိုရရှိမှသာ ဖက်ဒရယ်ပြည်ထောင်စု ဘဏ္ဍာငွေသို့ ထည့်ဝင်စေရမယ်ဆိုတဲ့အချက်။

...စတဲ့အချက်တွေပါဝင်တဲ့ စာတမ်းကို သိကြားစေခြင်းအားဖြင့် ကျွန်တော်တို့ ရည်မှန်းသော စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဤသို့သော ပြည်ထောင်စုမျိုးဖြစ်ကြောင်း၊ ဤသို့သော ပြည်ထောင်စုမျိုးကို တည်ဆောက်နိုင်မှသာလျှင် ပြည်တွင်းစစ် ငြိမ်းချမ်းတဲ့ ၊ အဓွန့်ရှည်တည်တံ့တဲ့ ၊ သာယာဝပြောတဲ့၊ တန်းတူညီမျှတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကို မျှော်မှန်းချီတက်နိုင်ကြမှာ ဖြစ်တယ်လို့ ကျွန်တော်တို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒီလို စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုမျိုး တည်ထောင်နိုင်ဖို့အတွက် ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် ကြိုးစားခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ပါဝင်ဆောင်ရွက်ခြင်း၊ မိမိတို့ရဲ့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တွေမှတစ်ဆင့် သိကြားစေရန် တောင်းဆိုအားထုတ်ခြင်း အစရှိတဲ့ ဥပဒေဘောင်အတွင်းက နည်းလမ်းမှန်သမျှကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား-**

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီလပိုင်းတွေ အတောအတွင်းမှာ ဖြစ်ပျက်လာခဲ့တဲ့ အဖြစ်အပျက်တွေကိုကြည့်ရင် တိုင်းပြည်မှာ အမျိုးသားလုံခြုံရေးကို အခြေမခံတဲ့ စည်းကမ်းမဲ့ လစ်ဘရယ်အယူအဆတွေကို အခြေခံတဲ့ စီမံအုပ်ချုပ်ရေးမဏ္ဍိုင်ကြောင့် မိမိတို့တိုင်းပြည်ဟာ ဗိုလ်ချုပ်အောင်ဆန်းတစ်ခါက ပြောခဲ့တဲ့ ဟိုလူလာလည်း မျက်နှာချိုသွေးရ ၊ ဒီလူလာလည်း မျက်နှာချိုသွေးရနဲ့ ဗိုလ်ချုပ်ပြောတဲ့ အောက်ကျနောက်ကျ နိုင်ငံမျိုးဖြစ်လုဆဲဆဲ အခြေအနေကို ရောက်နေပြီဆိုတာကို အသေအချာ မြင်နိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးစော်ကားပြီး ဖိအားပေးတဲ့ လုပ်ရပ်တွေကို ဒီနှစ်ပိုင်းအတွင်းမှာ ခံနေရတာကို ကြည့်ခြင်းအားဖြင့် ဒီအတိုင်း လွှတ်ပေးမထားသင့်တော့ဘဲ ပိုမိုအားကောင်းတဲ့ အတိုက်အခံတွေပါဝင်တဲ့ ယန္တရားစနစ်တစ်ရပ်ရှိလာမှသာလျှင် ပိုမိုသာယာဝပြောတဲ့ မြန်မာနိုင်ငံကို နောင်မျိုးဆက်သစ်တွေလက်ထဲ လွှဲပြောင်းပေးအပ်နိုင်ခဲ့မှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ကို မဲပေးရွေးချယ်ကြပါ။ ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီကို မဲပေးရွေးချယ်ခြင်းဖြင့် ရခိုင်ပြည်နယ်နှင့်တကွ တိုင်းရင်းသားလူမျိုးတွေကို စောင့်ရှောက်နိုင်အောင် အားထုတ်ကြပါ။ ကျွန်တော်တို့ကို မဲပေးခြင်း အားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်သစ်နယ်ချဲ့ဝါဒီတွေလက်ထဲ မရောက်နိုင်အောင် လက်တွဲတိုက်ပွဲဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

မဲဆန္ဒရှင်တိုင်းရင်းသားမိဘပြည်သူများအားလုံး အန္တရာယ်ခပ်သိမ်းမှ ကင်းဝေးကြပါစေ။ ဒီမိုကရေစီကို အခြေခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းပါစေ။

# တရားစီရင်ရေးတာဝန်ထမ်းဆောင်ရာတွင် ဖြောင့်မတ်တည်ကြည်မှုသည် မရှိမဖြစ်လိုအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားရုံးများသည် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်သည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဖြစ်ကြောင်း၊ တရားရုံးများသို့ အပ်နှင်းထားသည့် တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရားသည် အချုပ်အခြာအာဏာ ခွဲဝေသုံးစွဲရေးမူအရ လွတ်လပ်စွာတရားစီရင်ရေးကို ကျင့်သုံးနိုင်ခွင့်အတွက် အပ်နှင်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရသာ ကျင့်သုံးရန်ဖြစ်ပြီး ကျော်လွန်ကျင့်သုံးခွင့်မရှိကြောင်း၊ တရားစီရင်ရေး တာဝန်ထမ်းဆောင်ရာတွင် ဖြောင့်မတ်တည်ကြည်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ တရားသူကြီးတစ်ဦးစီ၏ ပြုမူဆောင်ရွက်မှုများသည် ပြည်သူများ၏ တရားစီရင်ရေးတစ်ခုလုံးအပေါ် ယုံကြည်မှုကိုထင်ဟပ်စေမည်ဖြစ်၍ အထူးဂရုပြုစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ (ယခင်နှစ် အမှုလက်ကျန်မပါ) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ** ရာဇဝတ်အမှုပေါင်း ၁၃၈၂ မှု လက်ခံရရှိပြီး ၁၂၆၉ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၄၉၅ မှု လက်ခံရရှိပြီး ၂၃၅၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ထို့အပြင် စာချွန်တော်လျှောက်ထားမှု ၃၀၀ မှု လက်ခံရရှိပြီး ၁၉၂ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှာ** ရာဇဝတ်အမှုပေါင်း ၅၅၉၉ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၅၇၈၂ မှု လက်ခံရရှိပြီး ၅၁၂၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ခရိုင်တရားရုံးများမှာ** ရာဇဝတ် အမှုပေါင်း ၁၈၀၃၄ မှု လက်ခံရရှိပြီး ၁၆၅၂၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၂၇၈၄ မှု လက်ခံရရှိပြီး ၁၁၅၄၆ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**မြို့နယ်တရားရုံးများမှာ** ရာဇဝတ်အမှုပေါင်း ၃၄၆၆၉ မှု လက်ခံရရှိပြီး ၃၄၁၅၈၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၄၁၆၆ မှု လက်ခံရရှိပြီး ၂၃၇၅၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့် မန္တလေး) မှာ ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၀၇ မှု လက်ခံရရှိပြီး ၃၀၃ မှု စစ်ဆေးပြီးပြတ်ကြောင်း။

**စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၂၂၃၃ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၃၄၄၇ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း။

၂၀၁၅ ခုနှစ် မှုခင်းစာရင်းများနှင့်နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်တွင် တရားရုံးအဆင့်ဆင့်၌ စွဲဆိုသော ရာဇဝတ်မှုနှင့် တရားမမှု မှုခင်းအရေအတွက် ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း၊ စွဲဆိုသည့် မှုခင်းပမာဏနှင့်အညီ စစ်ဆေးစီရင်နိုင်ခြင်းမရှိပါက အမှုလက်ကျန်များပြားလာပြီး ကြန့်ကြာမှုခင်းများ (Backlog Cases) ဖြစ်ပေါ်လာပါကြောင်း။

သို့ပါ၍ အမှုစစ်တရားရုံးများက ယခုထက်ပို၍ အမှုများကို ပြီးပြတ်အောင် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်ကြရန်နှင့် အထက်တရားရုံးများကလည်း ကြီးကြပ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အများပြည်သူ၏ တိုင်ကြားစာများအပေါ် နည်းလမ်းတကျစိစစ်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိသည့် တိုင်ကြားစာ ၂၀၇၁ စောင်တွင် တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရမည့် တိုင်ကြားစာ ၁၁၆၉ စောင်ဖြစ်ပြီး တိုင်တန်းချက် မှန်ကန်မှုမရှိသည့် တိုင်ကြားစာ ၈၀၆ စောင်ဖြစ်သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ကျန်တိုင်ကြားစာများအနက် တိုင်ကြားစာ ၈၈ စောင်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်ဆဲဖြစ်ပြီး တိုင်ကြားစာ ရှစ်စောင်အပေါ် အရေးယူအပြစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရဲ့လုပ်ငန်းတာဝန်များကို အဂတိတရားကင်းစင်စွာဖြင့် ဖြောင့်မတ်မှန်ကန်စွာ ထမ်းဆောင်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မျက်မှောက်ပကတိနိုင်ငံရေးအခြေအနေနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ KNU ကိုယ်စားလှယ်အဖွဲ့နှင့် KIO ဗဟိုကော်မတီတို့ ဆွေးနွေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မျက်မှောက်ပကတိ နိုင်ငံရေးအခြေအနေနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား ကရင်အမျိုးသားအစည်းအရုံး KNU ကိုယ်စားလှယ်အဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ဗဟိုကော်မတီတို့သည် ယနေ့နံနက်ပိုင်းက KIO ဌာနချုပ်၊ ကချင်ပြည်နယ် လိုင်ဇာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် NCA စာချုပ်တွင်ပါရှိသည့် ကတိကဝတ်များနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာနိုင်ရေးအတွက် နည်းလမ်းရှာဖွေကြရန်အတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းလုပ်ဆောင်ကြရန် ဆွေးနွေးခဲ့ကြသည်။

ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုး၏ ပုဂ္ဂိုလ်ရေးအတွင်းရေးမှူး ပဒိုစောတာမူလာက “ဒီနေ့ အဓိကဆွေးနွေးဖြစ်တာက ငြိမ်းချမ်းရေးကိစ္စတွေမှာ ဆက်လက်ပြီး အတူတကွ ပူးပေါင်းလုပ်ဆောင်ဖို့အတွက်နဲ့ ကျွန်တော်တို့ နှစ်ဖွဲ့ကြားမှာ ဘုံသဘောတူညီချက်ကို ဘယ်လိုတည်ဆောက်နိုင်မလဲဆိုတဲ့ အချက်တွေပါ။ ကျွန်တော်တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) လက်မှတ် ထိုး/မထိုး ဆိုတဲ့အပေါ်မှာ သဘောထားကွဲခဲ့တာတွေ ရှိခဲ့လို့ပါ။

ကျွန်တော်တို့ အခုဆွေးနွေးတာက ကျွန်တော်တို့ နှစ်ဖွဲ့အကြားမှာ ကွဲပြားခဲ့တာတွေ ဖြစ်ခဲ့တာတွေကို အဓိကထားဆွေးနွေးပါတယ်။ KIO လို အဖွဲ့ကြီးတစ်ဖွဲ့ကို ကျွန်တော်တို့က နိုင်ငံရေးဆွေးနွေးပွဲတွေမှာ မကျန်ရစ်ခဲ့စေချင်ဘူး။ ဒါကြောင့် အဆက်အသွယ်မဖြတ်တောက်ဘဲ ကျွန်တော်တို့ KNU နဲ့ KIA ကြားရော ကရင်ပြည်သူနဲ့ ကချင်ပြည်သူတွေ ကြားမှာပါ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်မှန်တွေကို ဖြန့်ဝေပေးရင် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနိုင်မယ်လို့ ကျွန်တော်တို့က ယုံတယ်”ဟု ဆွေးနွေးပွဲအပြီး ဆက်သွယ်မေးမြန်းရာတွင် ပြောသည်။

ဆွေးနွေးပွဲအပြီးတွင် အချက် ခုနစ်ချက် ပါဝင်သည့် ပူးတွဲထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ပဒိုစောတာမူလာက “ကျွန်တော်တို့ကတော့ အစိုးရနဲ့ရော၊ တပ်မတော်နဲ့ရော NCA မထိုးသေးတဲ့အဖွဲ့တွေနဲ့ပါ တွေ့ဆုံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ ဘုံသဘောတူညီချက် ဘာရှိလဲဆိုတာကို ရှာဖွေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဖလှယ်သွားမယ်။ ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားပါတယ်။ အဓိက ကျွန်တော်တို့မြင်တာက ကိုယ့်ပြည်နယ်အခြေအနေနဲ့ ကိုယ့်ပြည်သူတွေ အခြေအနေပေါ်မှာ NCA ထိုးခြင်း/မထိုးခြင်းကို သက်ဆိုင်ရာအဖွဲ့တွေက ဆုံးဖြတ်ခဲ့ပေမယ့်လည်း သဘောထားမကွဲကြဘဲ ငြိမ်းချမ်းရေးကို သွားခြင်းဟာ ပြည်သူအတွက် အကျိုးမယုတ်ဘူး။ တိုင်းပြည်အတွက် အကျိုးမယုတ်ဘူးဆိုတာမျိုးနဲ့ အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှုသည်သာလျှင် ကျွန်တော်တို့အတွက် တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ယူဆောင်လာမှာ ဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော်တို့က အမြဲအလေးအနက်ပြောနေမှာပါ” ဟု ဆိုသည်။

ထုတ်ပြန်ချက်တွင် NCA စာချုပ်တွင်ပါရှိသည့် ကတိကဝတ်များနှင့်အညီ ငြိမ်းချမ်းစွာအဖြေရှာရန်၊ လက်နက်ကိုင်ပစ်ခတ်တိုက်ခိုက်မှုများအား ရပ်စဲပြီး ကတိကဝတ်များနှင့်အညီ အဖြေရှာရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် အကြမ်းဖက်အဖွဲ့အစည်း(Terrorist) မဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက် လုပ်ဖော်ကိုင်ဘက်များဖြစ်ပြီး ငြိမ်းချမ်းရေးရရှိသည်အထိ ဆောင်ရွက်သွားရေး တိုက်တွန်းသွားရန်၊ KNU နှင့် KIO အဖွဲ့အစည်းနှစ်ဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးအဖြေရရှိရန်အတွက် သဘောတူညီပြီး အတူတကွ ကြိုးပမ်းလုပ်ဆောင်သွားကြရန် စသည့် အချက်များပါဝင်သည်။

ကရင်အမျိုးသားအစည်းအရုံး KNU အနေဖြင့် အစိုးရ၊ တပ်မတော်၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် အဖွဲ့များနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဘုံသဘောတူညီချက်ကို ရှာဖွေ၍ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဖလှယ်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်သို့သွားခြင်းသည် ပြည်သူနှင့် တိုင်းပြည်အတွက် အကျိုးယုတ်ခြင်းမရှိ၍ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုဖြင့်သာ တည်တံ့သောငြိမ်းချမ်းရေးကို ယူဆောင်နိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို KNU မှ အလေးအနက်ထားဆောင်ရွက်မည်ဖြစ်ကြောင်း ပဒိုစောတာမူလာက ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကိုယ်စားလှယ်များ၊ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ဗဟိုကော်မတီဝင်များနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA ၏ အကြံပေးပုဂ္ဂိုလ်နှစ်ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးကောင်း**

# အမျိုးသမီးငယ်သုံးဦးအား အလုပ်ရမည်ဟု သွေးဆောင်ခေါ်ယူသူများကို အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တည်ကုန်းမြို့နယ်နေ မခိုင်သည် ၁၀-၁၂-၂၀၁၆ ရက်တွင် အမျိုးသမီးသုံးဦးကို လားရှိုးမြို့ရှိ ညီမဖြစ်သူ မမိုးမိုး၏ စတိုးဆိုင်တွင် တစ်လလျှင် စားရိတ်ငြိမ်း တရုတ်ယွမ်ငွေ ၂၃၀၀ သို့မဟုတ် မြန်မာငွေ ကျပ် လေးသိန်းရမည်ဟု စည်းရုံးသဖြင့် မ---- ၏ ဖခင်က အလုပ်အကြောင်းစုံစမ်းခဲ့ရာ မခိုင်၏ အစ်မဖြစ်သူ မမုန်တိုင်းက မှန်ကန်ကြောင်းကို ဖုန်းဖြင့်ပြောကြားခဲ့သဖြင့် အလုပ်လုပ်ရန်ခွင့်ပြုခဲ့ပြီး သွားရောက်လုပ်ကိုင်ကြရာ တစ်လခန့်အကြာတွင် မ---- က ဖခင်ဖြစ်သူထံ ဖုန်းဆက်၍ ၎င်းတို့ သုံးဦးမှာ ဟိုပန်ဒေသတွင် ရောက်ရှိနေကြောင်း၊ ပြည့်တန်ဆာအလုပ်ကို မလုပ်လျှင်သတ်ပစ်မည်ဟု ခြိမ်းခြောက်လုပ်ကိုင်ခိုင်းသဖြင့် လုပ်နေရကြောင်း သိရှိရသဖြင့် မိဘများက လှိုင်သာယာရပ်/ကျေးအဖွဲ့မှတစ်ဆင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးသို့ အကူအညီတောင်းခံလာသည်။

လူကုန်တားမှုရုံးသည် မူဆယ်၊ လားရှိုးနှင့် ချင်းရွှေဟော် တပ်ဖွဲ့စု/စိတ်များသို့ သတင်းချပြစုံစမ်းစေခဲ့ရာ တပ်ဖွဲ့စု/စိတ်များသည် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ ဖေဖော်ဝါရီ ၁၂ ရက်က ဟိုပန်မြို့နယ် ပန်ခမ်းမြို့မှ ကယ်တင်နိုင်ခဲ့ပြီး တရားခံ မမိုးမိုးကို ဖမ်းဆီးနိုင်ခဲ့သည်။ ဆက်လက်၍ အလုပ်ရမည်ဟု သွေးဆောင်ခေါ်ယူကာ ခိုင်းစေခဲ့သော မခိုင် တည်ကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (စုံစမ်းဆဲ)၊ မမိုးမိုး(ဖမ်းမိ) လားရှိုးမြို့နယ်၊ ရှိုင်းကိုကို(စုံစမ်းဆဲ)၊ ကိုမြင့်စိန်(စုံစမ်းဆဲ)နှင့် မမုန်တိုင်း တည်ကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး(စုံစမ်းဆဲ)တို့ ငါးဦးကို ဥပဒေအရအရေးယူပေးရန် မ---၏ ဖခင်ဖြစ်သူက တရားလိုပြုလုပ်တိုင်တန်းသဖြင့် လပ္ပတ္တာမြို့နယ် ပြင်စလူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူခဲ့ပြီး ၎င်းတို့ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရေပိုင်နက် ပင်လယ်ပြင်အတွင်း လူကိုးဦးနှင့်အတူ စက်လှေတစ်စင်း ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာ့ရေပိုင်နက် ပင်လယ်ပြင်အတွင်း ရောက်ရှိလာသည့် တရားမဝင် ငါးဖမ်းစက်လှေတစ်စင်းအား ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ပြီး ယင်းစက်လှေပေါ်တွင် ငါးဖမ်းပိုက်များနှင့် သေဆုံးနေသူတစ်ဦးအား တွေ့ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ယူဆရသည့် လူကိုးဦးအား ထိန်းသိမ်းထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် ဂွမြို့၏ မြောက်ဘက် ၁၈ မိုင်ခန့်အကွာ ဇီးကုန်းကျေးရွာကမ်းခြေနှင့် ရေမိုင်နှစ်မိုင်ခန့် အကွာတွင် မသင်္ကာဖွယ်ရာ စက်လှေတစ်စင်းတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သွားရောက်စစ်ဆေးခဲ့ရာ အလျား ၂၅ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ရှစ်ပေခန့်ရှိ စက်ပျက်နေသည့် စက်လှေတစ်စင်းကို တွေ့ရှိပြီး လှေပေါ်တွင် ငါးဖမ်းပိုက်များ တင်ဆောင်လျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ယူဆရသည့် ၁၀ ဦးအားတွေ့ရှိပြီး တစ်ဦးမှာ သေဆုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖမ်းဆီးရမိသူ ကိုးဦးအား စစ်ဆေးမေးမြန်းရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်ပြီး ဇန်နဝါရီ ၁၃ ရက်က ငါးဖမ်းစက်လှေဖြင့် ထွက်ခွာခဲ့ရာ ဇန်နဝါရီ ၂၈ ရက်တွင် စက်ပျက်၍ ပင်လယ်ပြင်တွင် မျောပါလာခဲ့ကြောင်း၊ သေဆုံးသူမှာ ဖေဖော်ဝါရီ ၁၄ ရက်တွင် အစာရေစာပြတ်၍ သေဆုံးခဲ့ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား ဂွမြို့နယ်ရဲစခန်းတွင် ထိန်းသိမ်းထားပြီး သေဆုံးသူတစ်ဦးအား ဂွမြို့နယ် ပြည်သူ့ဆေးရုံ ရင်ခွဲရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကျွန်းသစ်ခွဲသား သိန်း ၄၀ ကျော်ဖိုး ဖမ်းမိ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာ၌ ဖေဖော်ဝါရီ ၁၆ ရက်က တရားမဝင်ကျွန်းသစ်ခွဲသားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၈၈/၁) အနီးတွင် ရပ်ထားသော ခြောက်ဘီးယာဉ်အား ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာန သစ်တောဦးစီးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ယာဉ်ပေါ်တွင် ကျွန်းသစ်ခွဲသားဆိုက်စုံ ၁၃၃၇ ချောင်း၊ ကာလတန်ဖိုး ငွေကျပ် ၄၀၁၁၉၀၀ အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ကျွန်းသစ်ခွဲသားများအား မြို့နယ်သစ်တောဦးစီးဌာနရုံး၌ သိမ်းဆည်းထားရှိပြီး ယာဉ်အား ပြွန်တန်ဆာရဲစခန်းသို့ ပို့ဆောင်ကာ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တစ်ပတ်အတွင်း အကောက်ခွန်မဲ့ပစ္စည်းတန်ဖိုး သန်း ၄၀၀ ခန့် ဖမ်းမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက်အတွင်း ရန်ကုန်ဆိပ်ကမ်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ခြောက်သန်းခန့်၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉ ဒသမ ၄၉ သန်းခန့်၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉ ဒသမ ၂၂၅သန်းခန့်နှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၇၅ သန်းခန့် စုစုပေါင်း ၂၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇ ဒသမ ၄၆၅ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂ ရက်တွင် မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသည့် ခရီးသည်တင်မှန်လုံယာဉ်အား ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့ကစစ်ဆေးရာ ယာဉ်ပေါ်တွင် ခရီးသည်ပစ္စည်းများနှင့် အတူ ရောနှောသယ်ဆောင်လာသည့် တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အူရီဒူးဟန်းဆက် C/O China 1705 Pcs ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၁ သန်းခန့် တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၄၆၂ သန်းခန့်နှင့် ရေပူစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇ သန်းခန့် စုစုပေါင်းခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆ ဒသမ ၄၆၂ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် မန္တလေးမှ မူဆယ်သို့ ထွက်ခွာလာသောယာဉ်အား ရေပူ



စစ်ဆေးရေးစခန်းက ရှာဖွေစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်များ ၁၉ တုံး (၁၃၃၀ ကီလိုဂရမ်) ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၂၅၀ခန့် အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမဝင်ပိတောက်သစ်ခွဲသား ခုနစ်တန်ခန့် ယာဉ်နှစ်စီးနှင့်အတူ ဖမ်းမိ

**မိုင်းယု ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် မိုင်းယုမြို့ မိုင်းယုဘိနယ် ဒွန်းနွဲ့ကျေးရွာနှင့် ဝမ်နားမြတ်ကျေးရွာအကြား မိုင်းယုမြို့၏ အရှေ့တောင်ဘက် ရှစ်မိုင်ခန့်အကွာ တောအတွင်း၌ ဖေဖော်ဝါရီ ၁၅ ရက်က တရားမဝင် သယ်ဆောင်လာသော ပိတောက်သစ်ခွဲသား ခုနစ်တန်ခန့် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မိုင်းဖြတ်မြို့ မြို့နယ်ဦးစီးဌာနမှူး ဦးစောတင်မြင့်၊ ဘိနယ်တာဝန်ခံ တောခေါင်း ဦးဝင်းခိုင် ဦးစီးသော တောအုပ် အဖွဲ့ဝင်များ၊ မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာ၊ မိုင်းယုမြို့မရဲစခန်းမှ ရဲအုပ်ဟိန်းဝဏ္ဏမောင် ဦးဆောင်သော ပူးပေါင်းအဖွဲ့တို့သည် တရားမဝင်သစ်များ ဝင်ရောက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဒွန်းနွဲ့ကျေးရွာနှင့် ဝမ်နားမြတ်ကျေးရွာအကြား၌ တရားမဝင် ပိတောက်သစ်ခွဲသား ခုနစ်တန် တင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်နှစ်စီးကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

အဆိုပါဖမ်းဆီးရမိသော သစ်ခွဲသားများကို မိုင်းဖြတ်သစ်တောဦးစီးဌာနရုံး၌သိမ်းဆည်းထားပြီး မိုင်းယုမြို့မရဲစခန်းက သစ်တောဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/6170 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂-၂-၂၀၁၇ရက်နေ့မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၁)ကြော်ငြာ(၂၅)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၊ဒလမြို့နယ်၊ဦးအောင်ရွှေ၏ဂရန်သစ်တွင်(၁)ဦးထွန်းထွန်း၊ဦးထံမှဦးအောင်ရွှေ (၁၂/အလန(နိုင်)၀၃၆၆၂၄)ဝယ်ယူသည့်(၂၂-၂-၂၀၁၆)ရက်စွဲပါအရောင်းအဝယ်အရပ်ကတိစာချုပ်ဟုဖြည့်စွက်ဖတ်ရှုပါရန်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/9956 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊သန်လျင်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/8722 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**ယာဉ်မောင်း (၁) ဦးအလိုရှိသည်။**

-အရက်သေစာ မသောက်စားရ။

-ယာဉ်မောင်းလိုင်စင် (၃)နှစ် အထက်ရှိရမည်။

ဖုန်း ၀၉-၇၉၅၃ ၆၀၀ ၈၅၊ ၀၉-၄၅၄ ၀၆၉ ၀၃၄

**တံတားအသုံးပြုခကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

တိုင်းအမှတ် ၂၊ ရွာထောင်အတွင်းရှိ တံတားအသုံးပြုခကောက်ခံနေသော မူးမြစ်ကူးတံတား၏ ၁-၃-၂၀၁၇ရက်မှ ၂၉-၂-၂၀၂၀ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ် လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် တံတား** | - မူးမြစ်ကူးတံတား(ရေဦးမြို့) မြန်မာ့မီးရထားတံတား |
| (ခ) | **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ** | - မုံရွာဘူတာ၊ (မြန်မာ့မီးရထား၊ မုံရွာမြို့) |
| (ဂ) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** | - ၂၇-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၀၆း၀၀နာရီမှ ၀၈း၀၀နာရီထိ |
| (ဃ) | **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ** | - ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး မုံရွာမြို့ |
| (င) | **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** | - ၂၇-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ |
| (စ) | **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေရာ** | - ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ မုံရွာမြို့ |

**မှတ်ချက်။** ။(၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ်(၁၀၀၀၀)နှုန်းဖြင့် မုံရွာဘူတာ၌ ၁၆-၂-၂၀၁၇ရက်မှ ၂၆-၂-၂၀၁၇ရက် ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်းဖုန်း-၀၇၂-၂၂၂၇၇နှင့်၀၇၁-၂၁၅၀၈သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မုံရွာမြို့**

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**

B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

**နွေ(၃)လနှင့် ပုံမှန်တန်းခွဲများ**

ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။

၄ တန်းမှ ၆ တန်းထိ နှင့် ၇၊၈၊၉၊၁၀ တန်းများ

နွေ-March 7,8 စမည်။ ✦ Guide များ အိမ်လိုက်သင်သည်

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မြင်းခြံမြို့၊ အထက(၃)၊ ဆဋ္ဌမတန်း (D) မှ မအိသိမ့်နှင့် ကိုးတောင်ပြည့် ဘ/က ဒုတိယတန်းမှ မောင်ရန်နိုင်အောင်တို့၏ဖခင် ဦးဖိုးသိန်းနှင့် ဦးသိန်းဌေး ၉/မခန(နိုင်)၀၁၉၆၈၄ မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊ မြေကွက်အမှတ် ၄၂၀၊ အဆောက်အအုံအမှတ် ၂၆/၁၀ဟုခေါ်တွင်သည့် အကျယ်(၆၀ပေ×၆၀ပေ)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးထွန်းလင်း ၉/မထလ(နိုင်)၁၆၁၉၃၂အမည်ပေါက် ပိုင်ဆိုင်သည့် နှစ် ၆၀ ဂရန်မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အကယ်၍ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ယနေ့မှစ၍ ၁၀ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကျော်လွန်ပါက ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးအောင်** (စဉ်-၆၁၁၆) LL.B,D.I.L,D.I.R D.M.L,D.B.L

**ဦးတင်မောင်မြင့်** (စဉ်-၇၇၀၅) LL.B,D.I.L

**ဒေါ်မာလာ** (စဉ်-၃၉၁၉၁) LL.B,D.I.T အထက်တန်းရှေ့နေ

**တရားလွှတ်တော်ရှေ့နေများ**

အမှတ် ၈၃၊ အခန်း ၁၃/၁၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၉၃၁၅၆၅၁၊ ၀၉-၄၂၀၁၃၉၅၀၂၊ ၀၉-၇၃၂၃၆၄၆၅၊ ၀၉-၃၁၃၁၃၆၆၂

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေကွက်အမှတ်-၁၄၉/က(အမှတ်-၁၄၉/က၊ ဦးမြူလမ်း၊ စက်မှုဇုန်-၁၊ ဒဂုံဆိပ်ကမ်းမြို့နယ်ဟုလည်း ခေါ်တွင်သော) အကျယ်အဝန်း ၁ ဒသမ ၀၁၁ ဧက ၄၄၀၇၅ စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမြင့်အောင်(LL.B)** စဉ်-၂၅၁၆၅

**ဦးအေးမင်းသူ(LL.B)** စဉ်-၂၆၁၉၉

**အထက်တန်းရှေ့နေများ**

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဝင်း ၁၂/လမတ(နိုင်)၀၁၃၆၂၄ သည် ဒေါ်ခင်ရွှေ ၁၂/စခန (နိုင်)၀၁၆၃၂၁ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် ၁၁၃၏ (ခေါင်းရင်းခြမ်း) (အလျားပေ ၂၀×အနံပေ ၆၀) နှစ် ၆၀ မြေငှားဂရန်အမျိုးအစားဟုခေါ်တွင်သည့် မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာမှတ်စာတမ်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မော်မော်ခင် (LL.B, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၆)**

**ဒေါ်ဟေမာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၄၉၀၄)**

**တိုက် (၂၁၂)၊ အခန်း (၁၁)၊ အရှေ့ရန်ကင်း၊ ရန်နိုင်လမ်းသွယ် (၇)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆

# ဖီဖာဥက္ကဋ္ဌ တက်ရောက်မည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ယနေ့ ဖွင့်လှစ်မည်




ယခုဖွင့်လှစ်မည့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ပံ့ပိုးမှုဖြင့် တည်ဆောက်ပြီးစီးသွားသည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် (ယနေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်း သုဝဏ္ဏဘောလုံးကွင်းရှေ့ရှိ ယင်းအကယ်ဒမီကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်)ဖွင့်ပွဲကို ကမ္ဘာ့ဘောလုံးအကြီးအကဲ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနို တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အင်ဖန်တီနိုနှင့်အတူ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

ယင်းအကယ်ဒမီမှာ မြန်မာနိုင်ငံ၌ တတိယမြောက်ဖွင့်လှစ်သည့် အကယ်ဒမီဖြစ်ပြီး အကယ်ဒမီတိုင်းကို ဖီဖာ၏ထောက်ပံ့ငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယနေ့ဖွင့်လှစ်မည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တည်ဆောက်မှုကုန်ကျငွေ စုစုပေါင်း ၂၇၄၇၉၄ ဒေါ်လာရှိခဲ့ကာ ဖီဖာက မတည်ငွေဒေါ်လာငါးသိန်း ရရှိခဲ့ကာ ကျန်ကုန်ကျစရိတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တည်ထောင်ထားသည့် ဧရာဝတီဖောင်ဒေးရှင်းက စိုက်ထုတ်တည်ဆောက်ခဲ့ကာ မြက်ခင်းတုလေ့ကျင့်ရေးကွင်းနှစ်ကွင်းလည်း ပါဝင်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)ဖွင့်လှစ်ပြီးပါက မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် (ပုသိမ်)တို့သုံးခုစလုံးတွင် လူငယ်ကစားသမားကောင်းများ ထွက်ပေါ်လာရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်ဖြစ်သည်။ အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)အတွက် လူရွေးပွဲကို မတ်လတွင် စတင်ကျင်းပမည်ဖြစ်ပြီး နည်းစနစ်အဖွဲ့များဖွဲ့စည်းထားကာ အရည်အသွေးပြည့်မီသည့် ကစားသမားကောင်းများ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ လူရွေးပွဲများကို အထက်မြန်မာပြည်နှင့် အောက် မြန်မာပြည် မြို့နယ် ၅၂ ခု၌ ကျင်းပမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာ့ဘောလုံးလောက၌ အရည်အသွေးကောင်းမွန်သည့် လူငယ်ကစားသမားများ ထွက်ပေါ်လာမှုနည်းပါးလျက်ရှိပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အကယ်ဒမီသုံးခုကို စနစ်တကျဆောင်ရွက်ပြီး ကစားသမားကောင်းများ ထွက်ပေါ်လာရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရတော့မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

# ချန်ပီယံလိဂ် ရှုံး/ထွက်အဆင့် အိမ်ရှင်အသင်းများ နိုင်ပွဲဆက်



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၆ ရက် (ကြာသပတေးနေ့) နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်က အာဆင်နယ်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရီးရဲမက်ဒရစ်က သုံးဂိုး-တစ်ဂိုးဖြင့် နာပိုလီကို အနိုင်ရခဲ့သည်။

ဂျာမန်ထိပ်သီးကလပ် ဘိုင်ယန်မြူးနစ်နှင့် အင်္ဂလန်ကလပ် အာဆင်နယ်တို့ ဂျာမန်မြေ၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ကြသည်။ ပွဲချိန် ၁၁ မိနစ်တွင် ဝါရင့်ကစားသမားရော်ဘင်က ဘိုင်ယန်အတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန်မိနစ် ၃၀တွင် ဘိုင်ယန်အသင်း အငြင်းပွားဖွယ် ပယ်နယ်တီကန်ခွင့် ပေးခဲ့ရပြီး အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ် ကန်သွင်းခဲ့ရာ ဘိုင်ယန် ဂိုးသမား နူအာ လက်စွမ်းပြကာကွယ်ခဲ့သော်လည်း ပြန်ထွက်လာသည့် ဘောလုံးကို ဆန်းချက်ဇ်က ထပ်မံပိတ်သွင်းယူခဲ့၍ အာဆင်နယ်တို့ ချေပဂိုးရရှိခဲ့သည်။

ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဒုတိယပိုင်းတွင် ဘိုင်ယန်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၅၃ မိနစ်တွင် လီဝမ်ဒေါစကီးက ခေါင်းတိုက်သွင်းယူခဲ့ပြီး ပွဲချိန် ၅၆ မိနစ်နှင့် ၆၃ မိနစ်တွင် အယ်ကန်တာရာက သွင်းယူခဲ့သည်။ ဘိုင်ယန်အတွက် နောက်ဆုံးအနိုင်ဂိုးကို လူစားဝင်လာ သော သောမက်စ်မူလာက ပွဲချိန် ၈၈ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းပွဲတွင် အာဆင်နယ်သည် ခံစစ်အသားပေးခဲ့သလို အားထားရသော နောက်တန်းကစားသမား ကိုစီရယ်နီ ဒဏ်ရာရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်၏ တိုက်စစ်အားကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ အဝေးကွင်း၌ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ အိမ်ရှင်ဘိုင်ယန်အသင်းသည် ပွဲချိန်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဂိုးကန်သွင်းခွင့် ၂၀ ကြိမ်ရရှိခဲ့ပြီး ၁၂ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အာဆင်နယ်သည် တန်ပြန်တိုက်စစ်ဖြင့် ငါးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

စပိန်ထိပ်သီးကလပ် ရီးရဲမက်ဒရစ်နှင့် အီတလီကလပ် နာပိုလီတို့ တွေ့ဆုံပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ရှစ်မိနစ်တွင် နာပိုလီတိုက်စစ်မှူး အင်ဆစ်နီက ရီးရဲဂိုးသမား နားဗက်စ် ရှေ့ထွက်နေ၍ အဝေးမှ ဂိုးသွင်းယူခဲ့ပြီး ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၁၉ မိနစ်တွင် ဘင်ဇီမာက ရီးရဲအတွက် ချေပဂိုးကို ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၄၉ မိနစ်တွင် စီရော်နယ်ဒို၏ ဖန်တီးမှုမှတစ်ဆင့် တိုနီခရူးစ်က ရီးရဲအတွက် ဒုတိယဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၅၄ မိနစ်တွင် ရီးရဲအတွက် တတိယမြောက်ဂိုးကို ကွင်းလယ်ကစားသမား ကက်စမဲလ်ရီးက သွင်းယူခဲ့သည်။ နာပိုလီသည် စပိန်မြေတွင် ရှုံးနိမ့်သော်လည်း ရီးရဲမက်ဒရစ်ကို သူတင်ကိုင်တင် ယှဉ်ပြိုင်နိုင်ခဲ့သည်။ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံး/ထွက် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**


## အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ ကျွန်မတို့၏ ဒုတိယသမီးရတနာဖြစ်သူအား ၁၆-၂-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် နေပြည်တော် တပ်မတော်သားဖွားနှင့် မီးယပ်အထူးကုဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်မွေးဖွားရာတွင် အစမှအဆုံးတိုင် ကြီးကြပ်စောင့်ရှောက်ပေးပါသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိုးဝင်းနှင့်ဇနီး ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီကျော်၊ ဆေးရုံတပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်အေးအေး၊ ကလေးပါရဂူ ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်ကေသီထွန်း၊ ဗိုလ်မှူးကြီး ဒေါ်ဆွေဆွေမြင့်နှင့် ပါရဂူများ၊ သူနာပြုအရာရှိများ၊ နွေးထွေးစွာလာရောက်မေးမြန်းကြပါသော ဌာနဆိုင်ရာအရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး ဦးဆောင်သောအဖွဲ့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

**အောင်ပြည့်စုံ + မျိုးရတနာထိုက်**

## ပျောက်ဆုံးခြင်း

(၁) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးသော Golden Key Co., Ltd. အမည်ဖြင့် (က)သွင်းကုန်လိုင်စင်၊ ILV/12-13/0342(14.6.2012)၊ (ခ)သွင်းကုန်လိုင်စင်ပြင်ဆင်ချက်၊ကဥ-၁၂/၂၉/ ၂၀၁၂ (၅၉၇၁) (၂၅. ၇. ၁၂)နှင့်-ကဥ-၁၂/၂၉/၂၀၁၂(၆၀၅၉)(၂၇. ၇. ၁၂) (ဂ)သွင်းကုန်လိုင်စင် ILV/12//13/0387(18.6.2012) (၂) Neo Energy Oasis Development Co.,Ltd. အမည်ဖြင့်သွင်းကုန်လိုင်စင် IL/V/10-11/0931(31.3.2011)၊ (၃)အကောက်ခွန်ဦးစီးဌာနမှသွင်းကုန်ကြေငြာလွှာအမှတ် 128041/1.8.2012, 128038/1.8.2012, 128042/1.8.2012, 116529/20.6.2011တို့ ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်

*(ဖုန်းနံပါတ်-၀၁-၅၅၃၇၀၀)*

## အမည်မှန်

ပေါင်မြို့နယ်၊ ဒေးကင်းကျေးရွာနေ ဒေါ်ခင်အုံး(ခ) နီဝါအေး ၁၀/ပမန(နိုင်)၀၇၄၄၀၉ ၏ အမည်မှန်မှာ ဒေါ်နီဝါအေး ဖြစ်ပါကြောင်း။ **ဒေါ်နီဝါအေး**

## ဖခင်အမည်မှန်

သထုံမြို့၊ မရမ်းကုန်းကျေးရွာ၊ အထက (မရမ်းကုန်း) အဌမတန်းမှ မနန္ဒာရွှေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော်ဦး ၁၀/သထန(နိုင်) ၁၃၈၅၃၈ ဖြစ်ပါကြောင်း။

**ဦးမောင်ဇော်ဦး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/8619 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၂-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၂၊ ကော်လံ ၃ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဟေမာသီရိလမ်းထောင့်အစား ခေမာသီရိလမ်းထောင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/9410 Toyota Ipsum S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၁၂/အလန(နိုင်) ၀၃၆၇၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဒဂုံဆိပ်ကမ်း(၁၅၀/၂၁၅)မြေကွက်ဝယ်မည်၊ ကန့်ကွက်နိုင်သည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၀၊ မြေကွက်အမှတ် ၂၁၅၊ မြေအကျယ်(အလျားပေ ၄၀×အနံ ၆၀)ရှိ ဦးကျော်မြင့် ၉/ကဆန(နိုင်)၀၂၇၄၃၄ ပါမစ် အမည်ပေါက်မြေကွက်အား တရားဝင်လက်ဝယ်ထား၍ စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူ ဦးလှိုင်ထွန်း ၇/သပန(နိုင်) ၀၂၉၁၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မြေချပါမစ်(မူရင်း)ပြသ၍ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-ဒေါ်စောနန်းနွယ်**

**ဖုန်း-၀၉-၂၅၆၀၄၄၀၀၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မုံရွာခရိုင်တရားရုံး
## ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်- ၁၅

ဦးဝင်းမြင့် နှင့် ဒေါ်စိုးမိုးသန့်

**တရားလို** **တရားပြိုင်**

ဒေါ်စိုးမိုးသန့် (ဘ) ဦးမြင့်သန်း၊ ကြယ်စင်မင်း (စတိုးနှင့်စုကြေးလုပ်ငန်း) ကန်သာဦးရပ်ကွက်၊ မုံရွာမြို့သိစေရမည်။

တရားလိုက ချေးငွေကျပ်သိန်း (၁၇၀)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လုဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မုံရွာခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၃၄၅၄ Luojian 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၇/ပတတ(နိုင်)၀၀၈၆၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၇၉၃၅ HONDA WAVE 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းဦး ၁၄/မမန(နိုင်) ၀၀၀၄၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ၊ ကော့စိုင်ကျေးရွာအကွက် ၁၈၊ အမှတ် ၃၄နေ အီဗရာဟင်(ခ)ဦးကျော်စိုး ၁၀/ပမန(နိုင်)၀၉၆၀၇၁သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**အီဗရာဟင်(ခ)ဦးကျော်စိုး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/ 1706 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ စီးပွားဇုန်၊ အကွက်အမှတ်၅၂၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ် (D-၄၁၇)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကို ဒေါ်သန်းသန်းမြင့် အမည်ဖြင့် မြေငှားဂရန်(အသစ်)ချထားပေးပါရန်လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# ရေခွန်နှင့် တာတမံခွန် ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ရေခွန်နှင့်တာတမံခွန်ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**
**၁၃၇၈ ခုနှစ် ၊ လ ရက်**
**( ၂၀၁၇ ခုနှစ် ၊ လ ရက် )**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို ရေခွန်နှင့် တာတမံခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာသက်ရောက်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **လယ်ယာမြေ**ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟု သော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန် စိုက်ပျိုးသည့် ခြံမြေဟု သော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့် မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေး အတွက် အသုံးမပြုသောမြေများ မပါဝင်။

(ခ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် ရေခွန်နှင့် တာတမံခွန်ကို ဆိုသည်။

(ဂ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(ဃ) **စည်းကြပ်** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်သတ်မှတ် ကောက်ခံခြင်းကို ဆိုသည်။

(င) **ရေခွန်** ဆိုသည်မှာ ဤဥပဒေအရ ဆည်ရေသောက်ဧရိယာတွင် စည်းကြပ်ကောက်ခံသည့် ရေခွန်ကို ဆိုသည်။

(စ) **တာတမံခွန်** ဆိုသည်မှာ ဤဥပဒေအရ ရေဘေးကာကွယ်သည့် ဧရိယာတွင် စည်းကြပ်ကောက်ခံသည့် တာတမံခွန်ကို ဆိုသည်။

(ဆ) **ဆည်ရေသောက်ဧရိယာ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထားသော ဆည်၊ ကန်၊ တူးမြောင်း၊ ရေတံခါး၊ ရေနုတ်မြောင်းမှ ဆည်ရေ မျက်နှာပြင် အနိမ့်အမြင့်အရ သဘာဝနည်းဖြင့် ဆည်ရေရောက်ရှိနိုင်သော သို့မဟုတ် ဆည်ရေရယူအသုံးပြုနိုင်သော မြေဧရိယာကို ဆိုသည်။

(ဇ) **ရေဘေးကာကွယ်သည့်ဧရိယာ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက် ထိန်းသိမ်းထားသော တာတမံ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးကာကွယ်ထားသော ဧရိယာကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရေခွန်နှင့်တာတမံခွန်ပေးဆောင်ရန် အခွန်နှုန်းများသတ်မှတ်ခြင်း

၄။ လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းအလို့ငှာ နိုင်ငံတော်က တည်ဆောက် ထိန်းသိမ်းထားသည့် ဆည်၊ ကန် ၊ တူးမြောင်း၊ ရေနုတ်မြောင်း၊ ရေတံခါးများမှ စိုက်ပျိုးရေရယူသုံးစွဲသူ သို့မဟုတ် တာတမံများ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးအကာအကွယ်ရယူသူသည် ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါနှုန်းများ အတိုင်း နှစ်စဉ်အခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်-

(က) ဆည်ရေသောက်ဧရိယာများအတွင်း စပါးစိုက်ဧရိယာများတွင် မြေပြုပြင်သည်မှ အောင်ရေအထိ ရေအပြည့်အဝရယူပါက မြေတစ်ဧကလျှင် တစ်ထောင့်ကိုးရာငါးဆယ်ကျပ်နှုန်း၊ မြေပြုပြင်သည်မှ အောင်ရေရသည်အထိ မြေပြင်ရေ၊ စိုက်ပျိုးရေ၊ အပင် ဖြစ်ထွန်းရေ သို့မဟုတ် အောင်ရေကို တစ်စိတ်တစ်ပိုင်းသာ ရယူပါက မြေတစ်ဧကလျှင် ကိုးရာကျပ်နှုန်း၊ အခြားသီးနှံစိုက်ပျိုးပါက တစ်ဧကလျှင် ကိုးရာကျပ်နှုန်း၊

(ခ) ရေဘေးကာကွယ်သည့် ဧရိယာများအတွက် မြေတစ်ဧကလျှင် ငါးရာကျပ်နှုန်း၊

(ဂ) လယ်ယာမြေ တစ်ရပ်ရပ်သည် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ(ခ) နှစ်ရပ်လုံးနှင့် အကျုံးဝင်သက်ဆိုင်နေပါက ပုဒ်မခွဲ (က)တွင် သတ်မှတ်ဖော်ပြထားသည့်နှုန်း။

## အခန်း (၃)
## ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီတို့သည် -

(က) ခရိုင်ရေခွန်နှင့်တာတမံခွန်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ခရိုင်စိုက်ပျိုးရေးဦးစီးဌာန

(၃) ခရိုင်ဦးစီးမှူး အတွင်းရေးမှူး
ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန

(၄) ခရိုင်ဦးစီးမှူး တွဲဖက်အတွင်းရေးမှူး
ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ခရိုင်ရေခွန်နှင့် တာတမံခွန် ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့သည်-

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များကို စစ်ဆေးကြီးကြပ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီတို့က ပုဒ်မ ၁၂ အရ ဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ရေးအဖွဲ့က တင်ပြသောအချက်အလက်များကို ထပ်ဆင့် စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

## အခန်း (၄)
## မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ တို့သည် -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန

(၃) မြို့နယ်မန်နေဂျာ အဖွဲ့ဝင်
မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(၄) မြို့နယ်ဦးစီးမှူး အတွင်းရေးမှူး
မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန

(၅) မြို့နယ်ဦးစီးမှူး တွဲဖက်အတွင်းရေးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ခ) ပုဒ်မခွဲ (က) အရဖွဲ့စည်းသော မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေး အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွက် တာတမံခွန်ကောက်ခံရန်တာဝန်ပေးအပ်ခြင်းခံရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းကိုလည်းကောင်း၊ ရေခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ရေခွန် စည်းကြပ်ကောက်ခံမည့်အဖွဲ့ကိုလည်းကောင်း ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တာတမံခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းနှင့် ရေခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ရေခွန်စည်းကြပ်ကောက်ခံမည့် အဖွဲ့တို့ကို ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပံ့ပိုးကူညီခြင်းပြုရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(ဂ) လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးခြင်း ရှိ မရှိ၊ အခွန် မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်း ရှိ မရှိ နှင့် အခွန်ထမ်းသည် ဥပဒေ အရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ)ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ပုဒ်မ ၁၂ အရ လိုအပ်သလို ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တွေ့ရှိရသည့် အချက်အလက်များကို စစ်ဆေးတွေ့ရှိပါက ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့သို့ သဘောထားမှတ်ချက်များနှင့်အတူ တင်ပြခြင်း၊

(င) ပုဒ်မ ၄ အရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူများကို အခွန်စည်းကြပ်ခြင်း။

## အခန်း (၅)
## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်ကောက်ခံမည့်အဖွဲ့ဖွဲ့စည်းခြင်း

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ တို့သည် ရေခွန်စည်းကြပ်ကောက်ခံမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ရေခွန် ကောက်ခံမည့်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အဖွဲ့ခေါင်းဆောင်

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) လက်ထောက် သို့မဟုတ် ဒု-လက်ထောက်ဦးစီးမှူး အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမြေတိုင်းစာရေး အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(င) လက်ထောက် သို့မဟုတ် ဒု-လက်ထောက်ဦးစီးမှူး အဖွဲ့ဝင်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## အခန်း (၆)
## အခွန်ကောက်ခံခြင်း

၁၀။ ရေခွန်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အဖွဲ့တို့ကလည်းကောင်း၊ တာတမံခွန်ကို အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကလည်းကောင်း မြေခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း ကောက်ခံရမည်။

၁၁။ အခွန်ထမ်းသည် အခွန်တောင်းခံလွှာတွင် သတ်မှတ်သည့်ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့်ရက်အတွင်း အခွန်ကိုပေးဆောင်ရန်ပျက်ကွက်လျှင် ပေးဆောင်ရန်ပျက်ကွက်သည့်ငွေကို အခွန်မပြေကျန်ငွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း မှတ်ယူပြီး အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကောက်ခံသည့် နည်းလမ်းအတိုင်းအရ ကောက်ခံရမည်။

## အခန်း (၇)
## ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ စာရင်းမှပယ်ဖျက်ခွင့်နှင့် ပိုငွေကိုပြန်အမ်းခြင်း

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီတို့သည် လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက် ဖြစ်စေ ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့က တင်ပြချက်ကို စိစစ်ပြီး -

(က) ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးသည့်အတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်းများကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ခြင်း၊ ကောက်ခံမရနိုင်တော့သည့် အခွန်ကို တည်ဆဲဥပဒေ လုပ်ထုံး လုပ်နည်းနှင့်အညီ စာရင်းက ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့် အခွန်ထက် ပိုမို ပေးဆောင်ထားကြောင်းတွေ့ရှိပါက ပိုငွေကို ပြန်အမ်းခြင်းပြုနိုင်သည်။

## အခန်း (၈)
## အယူခံခြင်း

၁၃။ သက်ဆိုင်ရာအခွန်ထမ်းသည်-

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ရေးအဖွဲ့၏ အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း သုံးဆယ်အတွင်း ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ခ) ခရိုင်ရေခွန်နှင့် တာတမံခွန် ကြီးကြပ်ရေးအဖွဲ့၏ အခွန်စည်းကြပ်မှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း သုံးဆယ်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ် ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၁၄။ အခွန်စည်းကြပ်ကောက်ခံမှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၉)
## အထွေထွေ

၁၅။ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အခွန်စည်းကြပ်မှုဆိုင်ရာလုပ်ငန်း များနှင့်စပ်လျဉ်း၍လည်းကောင်း ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စု ဝန်ကြီးသည် အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ တို့သည် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း လိုအပ်သလိုကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းတို့ ပြုနိုင်သည်။

၁၆။ ရေခွန်နှင့်တာတမံခွန် ကြီးကြပ်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည်-

(က) ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပုဒ်မ ၁၂ အရ ဆောင်ရွက်ရန် ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေး အဖွဲ့က တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း။

၁၇။ ပုဒ်မ ၁၆ (ခ)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၁၈။ အခွန်စည်းကြပ်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍-

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော ဝန်ထမ်းများသည် မည်သည့်လယ်ယာမြေတွင်မဆို စိုက်ပျိုးထားသည့် သီးနှံလုပ်ကွက်ကို သတ်မှတ်ထားသည့်အတိုင်း ဝင်ရောက်စစ်ဆေးတိုင်းတာနိုင်သည်။ နယ်နိမိတ်သတ်မှတ်နိုင်သည်။ မြေပုံထုတ်လုပ်နိုင်သည်။

*စာမျက်နှာ ၁၆ သို့*

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၆)

# ဥပဒေ ဘာသာပြန်



ဦးဟန်ညွန့်(ဥပဒေ)

**ဥပဒေဘာသာပြန်**

"ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ကို ပြည်ထောင်စုလွှတ်တော်က ၈-၂-၂၀၁၇ နေ့တွင် ပြဋ္ဌာန်းလိုက်ပေသည်။ ပုဒ်မ ၄ ကို အစားထိုးခြင်းဖြစ်ပါသည်။ ဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သည့် ပုဂ္ဂိုလ်အရေအတွက်များ တိုးချဲ့ခြင်းဖြစ်ပါသည်။ ဥပဒေဘာသာပြန်လုပ်ငန်းများ များစွာလုပ်ဆောင်ရမည့် အချိန်ဖြစ်သောကြောင့် ဤဥပဒေအားကြိုဆိုအပ်ပါသည်။

**နောက်ခံသမိုင်း**

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံသည် အိန္ဒိယဘုရင်ခံချုပ်၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိခဲ့သည်။ ဗြိတိသျှတို့ချမှတ်ပေးသော အုပ်ချုပ်ရေးစနစ်နှင့် တရားဥပဒေစနစ်တို့ကို မြန်မာနိုင်ငံက လိုက်နာကျင့်သုံးခဲ့ရပေသည်။ ဗြိတိသျှတို့က အိန္ဒိယနိုင်ငံအတွက် ပြဋ္ဌာန်းပေးခဲ့သော ဥပဒေများသည် မြန်မာတို့လိုက်နာရမည့် ဥပဒေများဖြစ်လာခဲ့ပါသည်။ အင်္ဂလိပ်ဘာသာစကားသည် ရုံးသုံးဘာသာစကား ဖြစ်ခဲ့သည်။ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် အခွန်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ စသည်တို့သည် အင်္ဂလိပ်ဘာသာဖြင့်သာ ပြဋ္ဌာန်းသုံးစွဲခဲ့ပေသည်။

အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုရေးသည် အရေးတကြီးလိုအပ်လာသည့်အကြောင်းမှာ မြန်မာများက ဥပဒေ၊ နည်းဥပဒေများကို သိရှိဖို့လိုအပ်လာသည့်အတွက် ဖြစ်ပါသည်။ အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှအင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသည် ဗြိတိသျှအုပ်ချုပ်ရေးစနစ်တွင်ပင် စတင်ခဲ့ပါသည်။

အစိုးရစာတော်ပြန်ဌာနကို ပြည်ထဲရေးဌာနလက်အောက်၌ ၁၈၈၆ ခုနှစ်ခန့်ကပင် ဖွဲ့စည်းထားရှိခဲ့သည်။ အက်ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ ဆာကျူလာများ၊ ဥပဒေပြုအဖွဲ့၏မှတ်တမ်းများ၊ ဌာနဆိုင်ရာပုံစံများ၊ ညွှန်ကြားချက်များကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုသုံးစွဲကြသည်။ ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေးဌာနခွဲကို ဖွဲ့စည်းသောအခါ အစိုးရစာတော်ပြန်ဌာနကို ဖျက်သိမ်းပြီး ယင်းဌာနရှိဝန်ထမ်းများအား ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေးဌာနခွဲတွင် သွတ်သွင်းခန့်ထားခဲ့ပါသည်-

**မြန်မာဘာသာပြန် ဥပဒေဝေါဟာရ အကြံပေးကော်မတီ**

လက်ရှိဥပဒေများကို မြန်မာဘာသာပြန်ဆိုခြင်း၊ အချို့သောဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဘာသာဝေါဟာရများ ထားရှိခြင်းနှင့် ဥပဒေပုံစံများကို လည်းကောင်း၊ ထုံးနည်းများကို လည်းကောင်း၊ မြန်မာဘာသာဖြင့် ထုတ်ပြန်ကြေညာခြင်းတို့ကို ဥပဒေကိစ္စများအလို့ငှာ ပြဋ္ဌာန်းရန်လိုအပ်သည်ဖြစ်သောကြောင့် မြန်မာဘာသာဥပဒေနှင့် ဥပဒေဝေါဟာရအက်ဥပဒေကို ၁၉၄၈ ခုနှစ် မေလ ၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေပုဒ်မ ၃ အရ တရားရေးဝန်ကြီးဌာနသည် ၁၉၄၈ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် မြန်မာဘာသာပြန်ဥပဒေဝေါဟာရအကြံပေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီတွင် တရားလွှတ်တော်ချုပ်တရားရေးဝန်ကြီးတစ်ဦး၊ သို့မဟုတ် တရားလွှတ်တော်တရားဝန်ကြီးတစ်ဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရှေ့နေချုပ်အပါအဝင် ကော်မတီအဖွဲ့ဝင်ပေါင်း ၁၁ ဦးမှ ၁၅ ဦးထိ ရှိခဲ့ပါသည်။ ယင်းကော်မတီ၏ လက်အောက်တွင် အချိန်ပြည့်ဘာသာပြန်အမှုထမ်း အဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပါသည်။

ဘာသာပြန်အရာရှိများသည် တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ လည်းကောင်း၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ လည်းကောင်း ပြန်ဆို၍ ကော်မတီသို့ တင်ပြရပါသည်။ တင်ပြသောဘာသာပြန်မှုကို ကော်မတီက စိစစ်ပြီးနောက် တရားဌာနဝန်ကြီးက ထုတ်ပြန်မည့် အမိန့်မှုကို ရေးဆွဲ၍ ဝန်ကြီးထံတင်ပြရပါသည်။ ယင်းအမိန့်မှုကို ဝန်ကြီးကအတည်ပြုလျှင် ဝန်ကြီးသည် မြန်မာဘာသာပြန် ဥပဒေဆိုင်ရာအမိန့်ကို ထုတ်ပြန်ပါသည်။ ဥပဒေဝေါဟာရဆိုင်ရာအမိန့်ကိုထုတ်ပြန်ရာတွင်လည်း အလားတူပင် ဆောင်ရွက်ရပါသည်။ မြန်မာဘာသာပြန် ဥပဒေဆိုင်ရာအမိန့်နှင့် ဥပဒေဝေါဟာရဆိုင်ရာအမိန့်များကို ထုတ်ပြန်ပြီးနောက် ပါလီမန်ဆိုင်ရာလွှတ်တော်အသီးသီးသို့ တင်ပြရမည်ဖြစ်ပါသည်။

> **အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုရေးသည် အရေးတကြီးလိုအပ်လာသည့်အကြောင်းမှာ မြန်မာများက ဥပဒေ၊ နည်းဥပဒေများကို သိရှိဖို့ လိုအပ်လာသည့်အတွက် ဖြစ်ပါသည်။ အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ်ဘာသာပြန်ဆိုရေးသည် ဗြိတိသျှအုပ်ချုပ်ရေး စနစ်တွင်ပင် စတင်ခဲ့**

၁၉၄၈ ခုနှစ် မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအက်ဥပဒေကို ၁၉၅၇ ခုနှစ် မြန်မာဘာသာပြန်ဥပဒေနှင့်ဥပဒေဝေါဟာရအက်ဥပဒေကို ရုပ်သိမ်းခြင်းအက်ဥပဒေဖြင့် ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရုပ်သိမ်းလိုက်သဖြင့် ဥပဒေအရဖွဲ့စည်းခဲ့သော မြန်မာဘာသာပြန် ဥပဒေဝေါဟာရအကြံပေးကော်မတီကို ၁၉၅၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပါသည်။ ကော်မတီ၏ ဝန်ထမ်းများအား အစိုးရဌာနအသီးသီးရှိ လစ်လပ်သောရာထူးများတွင် ဦးစားပေးခန့်ထားရန် စီစဉ်ပေးခဲ့ကြောင်း သိရှိရပါသည်။

၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးကော်မတီ၊ ကော်မတီ၏လက်အောက်တွင် ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာနခွဲကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း မှတ်သားရပါသည်။

အကူးအပြောင်းကာလ၌ အင်္ဂလိပ်လက်ထက်မှ ရရှိလိုက်သော လက်ရှိတရားဥပဒေများကို ဆက်လက်၍ အင်္ဂလိပ်ဘာသာဖြင့်ထားရှိရန် မလိုအပ်သည်ကတစ်ကြောင်း၊ ခေတ်နှင့်မညီသောအချက်များကို ပြင်ဆင်ရန်လိုအပ်သည်က တစ်ကြောင်း၊ ယင်းသို့ပြင်ဆင်ကာ မြန်မာဘာသာဖြင့် အသစ်တစ်ဖန်ပြဋ္ဌာန်းရန်လိုအပ်သည်ကတစ်ကြောင်း၊ ထိုရည်ရွယ်ရင်းအကြောင်းများ ပြီးမြောက်စေခြင်းငှာ အဖွဲ့က လက်ရှိ အင်္ဂလိပ်အက်ဥပဒေအသီးသီးကို မြန်မာဘာသာပြန်ဆိုရန် ခေတ်နှင့်ညီအောင်လိုအပ်သော ပြင်ဆင်ချက်များထည့်သွင်းကာ မြန်မာဘာသာဖြင့် ဥပဒေကြမ်းရေးဆွဲရန်၊ ယခင်အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော အက်ဥပဒေကို ရုပ်သိမ်းကြောင်း ဥပဒေတွင် ထည့်သွင်းရေးဆွဲရန်၊ နိုင်ငံခြားနှင့်ချုပ်ဆိုသော စာချုပ်များ၊ သဘောတူစာချုပ်များ၊ အခြေပြုစာချုပ်များကို မြန်မာဘာသာပြန်ဆိုရန် စသည်စသည်ဖြင့် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်ခဲ့ကြပါသည်။

**[ဗဟိုဥပဒေရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အေးပြုစုသော ဥပဒေရေးဆွဲခြင်း၊ ဘာသာပြန်ခြင်းဖြစ်ပေါ်တိုးတက်လာပုံလေ့လာတင်ပြချက်စာတမ်း၊ ၂၃-၁၂-၁၉၈၆၊ စာမျက်နှာ-၃၂]**

ဤသို့ဖြင့် ခေတ်စနစ်များအပြောင်းအလဲများနှင့်အတူ ယနေ့တိုင်ဥပဒေဘာသာပြန် ကော်မရှင်ပေါ်ထွန်းလာသည့်ကာလသို့ ရောက်ရှိခဲ့ပါပြီ။

**ဥပဒေဘာသာပြန်ကော်မရှင်၏လုပ်ငန်းတာဝန်များ**

-ကော်မရှင်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းနှင့်အတည်ပြုခြင်း၊

(ခ) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများအနက် မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအက်ဥပဒေတို့အရ ဖွဲ့စည်းသော မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအကြံပေးကော်မတီက ဘာသာပြန်ဆိုထားသည့် မြန်မာဘာသာပြန်ဆိုချက်များကို စိစစ်အတည်ပြုခြင်း၊

(ဂ) ဘာသာပြန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များ သတ်မှတ်ခြင်း၊

(ဃ) ဘာသာပြန်လုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်းခြင်း၊

(င) မြန်မာဘာသာပြန်ဆိုမည့် ဥပဒေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကို လိုအပ်ပါက ဖိတ်ကြားဆွေးနွေးခြင်း၊

(စ) ဘာသာပြန်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပုဂ္ဂလိကကျွမ်းကျင်သူများ၏ အကူအညီရယူဆောင်ရွက်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ပေးအပ်ခြင်း၊

(ဆ) မြန်မာဘာသာပြန်ဆိုမည့်ဥပဒေတွင် ပြင်ဆင်ချက်များရှိလျှင် ယင်းပြင်ဆင်ချက်များ ပြည့်စုံစွာပါရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ကို ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဇ) မြန်မာဘာသာပြန်ဆိုထားသော ဥပဒေများ၏ ဘာသာပြန်စာမူများကို မှတ်တမ်းအဖြစ် ထိန်းသိမ်းခြင်းနှင့် တည်ဆဲဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရန် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ပေးပို့ခြင်း၊

(ဈ) လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း

**တရားဥပဒေစိုးမိုးရေး၏အနှစ်သာရ**

နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးသည် အဓိကျသည်။ တရားဥပဒေစိုးမိုးရေး၏ အနှစ်သာရမှာ နိုင်ငံသားများအားလုံးက တရားဥပဒေစောင့်ထိန်းလိုက်နာရေးဖြစ်သည် ။ စောင့်ထိန်းလိုက်နာရန်မှာလည်း မြန်မာစာ၊ မြန်မာဘာသာဖြင့် (ရုံးသုံးစာကသာ) အခြေပြုစံထားသင့်ပေသည်။(အခြေခံအက်ဥပဒေပုဒ်မ ၄၅၀) တင်ပြချက်

တည်ဆဲဥပဒေများအား အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး အလေးပေးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တွေးမိသော ကျွန်တော်၏တင်ပြချက် ဥပဒေအတွေးမျှသာပါ ....။

*စာမျက်နှာ ၁၅ မှ*

( ခ ) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့သည် အခွန်ထမ်းကိုဖြစ်စေ၊ ကိုယ်စားလှယ်ကိုဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်။ လိုအပ်သော စာရွက်စာတမ်းများကို တင်ပြစေနိုင်သည်။

၁၉။ အောက်ဖော်ပြပါ အက်ဥပဒေများနှင့်စည်းမျဉ်းဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ အခွန်စည်းကြပ်ကောက်ခံမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(က) The Lower Burma Land and Revenue Act,1876.

( ခ ) The Burma Boundaries Act, 1880.

( ဂ ) The Upper Burma Land and Revenue Regulation,1889.

(ဃ) The Lower Burma Town and Village Lands Act, 1898.

( င ) တူးမြောင်းဥပဒေ။

၂၀။ ဤဥပဒေ အာဏာမသက်ရောက်မီ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် ၃/၂၀၀၇ ဆုံးဖြတ်ချက်အရ ဝန်ကြီးဌာနက ကောက်ခံခဲ့သော ရေခွန်နှုန်းထားများသည် ဤဥပဒေအရ သတ်မှတ်သောနှုန်းထားများဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၂။ ရေခွန်နှင့် တာတမံခွန်ဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် - ၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ဒလ၌ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ် လက်တွေ့ကွင်းဆင်းဆောင်ရွက်

**ဒလ ဖေဖော်ဝါရီ ၁၆**

ဒလမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဖွင့်လှစ်လျက်ရှိသည့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၂/၂၀၁၇)မှ သင်တန်းနည်းပြရဲအုပ်အောင်ဇော်မိုး၊ ရဲအုပ်ကျော်ဌေးနှင့် သင်တန်းသား ၁၅ ဦးတို့သည် ဖေဖော်ဝါရီလဒုတိယပတ်က ကျွန်စစ်သားရပ်ကွက်၌ လူထုနှင့်ထိတွေ့ဆက်ဆံပြောဆိုတတ်မှု လုပ်ငန်းလက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုရပ်ကွက်ရှိ လူစည်ကားရာ ဈေးတန်း၊ ဆိုက်ကားဂိတ်၊ ဆိုင်ကယ် ကယ်ရီဂိတ်များသို့ လှည့်လည်သွားရောက်ကာ ပြည်သူများနှင့် တွေ့ဆုံ၍ ကြုံတွေ့နေရသော အခက်အခဲများအကြောင်း၊ ရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှု အားသာချက်၊ အားနည်းချက်များနှင့် ပြုပြင်ရမည့် အချက်များအကြောင်းကို ဆွေးနွေး၍ ပြည်သူတို့၏ အကြံပြုချက်များကို ရယူခြင်း၊ ရဲတပ်ဖွဲ့နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ လက်တွေ့ကွင်းဆင်းမှုကို တပင်ရွှေထီး၊ ဘုရင့်နောင်၊ မြို့မ(၁)၊ (၂)၊ (၃)၊ (၄) ရပ်ကွက်များနှင့် ကားဂိတ်၊



စက်သမွန်ဆိပ်နှင့် ဆိုင်ကယ် ကယ်ရီဂိတ်များသို့ လှည့်လည်ကာ ရဲလုပ်ငန်းစနစ် အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**

**သန်းဌေး(ဒလ)**

# နျူကလီးယားစွမ်းအင်နှင့် မြန်မာ့လျှပ်စစ်ရှေ့ခရီး

**မောင်ပါဝါ**

စာရေးသူသည် "မြန်မာ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်" ဆောင်းပါးကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်နှင့် ဆက်စပ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်ကြသည့် နေရောင်ခြည်စွမ်းအင် (Solar Power)၊ လေစွမ်းအင် (Wind Power)၊ ဘူမိအပူစွမ်းအင် (Geothermal Power)၊ ရေလှိုင်းနှင့် ဒီရေစွမ်းအင် (Wave and Tidal Power)၊ ဇီဝပစ္စည်းလောင်စာစွမ်းအင် (Electricity from Biomass)၊ ရေအား လျှပ်စစ် (Hydroelectric Power) တို့ဆိုင်ရာ အချက်အလက်များဖော်ပြလျက် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ခေါင်းစဉ်အောက်တွင် ပါဝင်ခြင်းမရှိသော တစ်ချိန်တွင် ကုန်ခန်းသွားမည့် ကမ္ဘာ့ရုပ်ကြွင်းလောင်စာအရင်းအမြစ် ကျောက်မီးသွေး (Coal)၊ ရေနံ (Oil & Gas) နှင့် သဘာဝဓာတ်ငွေ့ (Natural Gas) များနှင့်ပါ ဆက်စပ် တင်ပြခဲ့ပါသည်။

ဤကဲ့သို့ ကောင်းနိုးရာရာမျှော်လင့်ချက်များဖြင့် အကြံပြုလျက်ရှိကြသည့် လျှပ်စစ်ထုတ်ယူသုံးစွဲမှုများ လုပ်ဆောင်ရာတွင် ကာလတစ်ခု၌ ကုန်ခန်းမှုရှိသော ရင်းမြစ် ယူရေနီယံ (Finite Resource, Uranium) အသုံးပြုနျူကလီးယား စွမ်းအင် (Nuclear Power) ကဏ္ဍလည်းပါဝင်ကြောင်း တွေ့ရှိရသည်။ စာရေးသူ အနေဖြင့် လျှပ်စစ်ထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ဖြူးခြင်းများနှင့် ဆက်စပ်ပြီး လေ့လာ တွေ့ရှိချက်များအပေါ် အခြေခံလျက် အဆိုပါ "နျူကလီးယား စွမ်းအင်နှင့် မြန်မာ့လျှပ်စစ်ရှေ့ခရီး" တစေ့တစောင်းကို ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

**ကမ္ဘာ့လူသားအားလုံး တုန်လှုပ်ခြောက်ခြားခဲ့ရသည့် သမိုင်းဖြစ်စဉ်**

၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် အမေရိကန်လေတပ် (Enola Gay Mission) ဘီ-၂၉ ဗုံးကြဲလေယာဉ်ဖြင့် ဂျပန်နိုင်ငံ ဟီရိုရှီးမား (Hiroshima) မြို့ပေါ်သို့ ယူရေနီယံ-၂၃၅ အမျိုးအစား ဗုံး (Uranium-235 Bomb) ကြဲချခဲ့ပြီး သုံးရက်အကြာ ဩဂုတ်လ ၉ ရက်နေ့တွင် နာဂါဆာကီ (Nagasaki) မြို့ပေါ်သို့ နောက်ထပ် ပလူတိုနီယံ- ၂၃၉ အမျိုးအစားဗုံး (Plutonium-239 Bomb) တစ်လုံးကြဲချခဲ့သည့် အစီအရီဖြစ်စဉ်များကို ကမ္ဘာက အာရုံစိုက်လာရသည့် ဖျက်အားပြင်း နျူကလီးယားစွမ်းအင်ခေတ် (Nuclear Age) စတင်ခဲ့သည်ဟု မှတ်ယူနိုင်ပါသည်။ ဟီရိုရှီးမားမြို့ပေါ်သို့ကြဲချခဲ့သည့် အဏုမြူဗုံး၏ လျှို့ဝှက်အမည်ကို Little Boy ဟုခေါ် ဆိုပြီး အရွယ်အစားအားဖြင့် အလျား ၁၀ ပေ၊ အချင်း ၂ ပေရှိ TNT 15,000 တန်ခန့်နှင့် ညီမျှဖျက်အားပြင်းလက်နက်ဖြစ်သည်။ ဒုတိယအကြိမ် နာဂါဆာကီမြို့ပေါ်သို့ကြဲချသော အဏုမြူဗုံး၏ လျှို့ဝှက်အမည်ကို Fat Man ဟုခေါ်ဆိုပြီး အဆိုပါဗုံးများကြဲချမှုကြောင့် သေကျေလူဦးရေ ၁၁၈၆၆၁ ဦး၊ ပြင်းထန်စွာ ဒဏ်ရာရသူဦးရေ ၇၉၁၃၀ နှင့် ပျောက်ဆုံးသူဦးရေ ၃၆၇၇ ဦး အသီးသီးရှိကြောင်း ခန့်မှန်းခဲ့ကြသည်။ မြေပြင်ဇီရိယာငါးစတုရန်းမိုင်အတွင်း သက်ရှိသတ္တဝါများနှင့် အရာဝတ္ထုပစ္စည်း အားလုံးနီးပါး ပျက်စီးခဲ့ရသည်။

ဟီရိုရှီးမားဒေသ၊ စက်မှုဖွံ့ဖြိုးရေး မြှင့်တင်ခန်းမ (Hiroshima Prefectural Industrial Promotion Hall) တစ်ခုသည်သာ ထီးထီးကျန်ရှိခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နှင့် ၉ ရက်နေ့တို့တွင် ဟီရိုရှီးမားနှင့်နာဂါဆာကီမြို့များပေါ်သို့ အဆိုပါဗုံးများကြဲချမှုကြောင့် အမေရိကန်နှင့် ဂျပန်မဟာမိတ်တို့ အကြား လေးနှစ်ခန့်ကြာ ဖြစ်ပွားနေသော ဒုတိယကမ္ဘာစစ်ကြီးမှာ ဆုံးခန်းတိုင်ခဲ့သည်။

နျူကလီးယားဆိုင်ရာခေတ်၏ အဏုမြူနိယာမ (Atomic Theory) ကို ၁၈၀၃ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး ဓာတုဗေဒနှင့် ရူပဗေဒပညာရှင် John Dalton (၁၇၆၆-၁၈၄၄) က စတင်ဖော်ထုတ်ခဲ့သည်။ နျူကလီးယားစွမ်းအင် (Nuclear Energy) နောက်ကွယ်ရှိ သိပ္ပံပညာရပ်များ၊ နျူကလီးယားစွမ်းအင်ပေါ်ပေါက်လာပုံ (Discovery of Nuclear Energy) ဘာသာရပ်ပိုင်းဆိုင်ရာ အသေးစိတ်ကို နောက်ကြောင်းပြန်ဖော်ပြခြင်းမပြုလိုပါ။ ၁၉၀၅ ခုနှစ်တွင် ထင်ရှားကျော်ကြားသော ဂျာမနီနိုင်ငံဖွား ဩစတြီးယန်း-အမေရိကန်လူမျိုး ရူပဗေဒပညာရှင် Albert Einstein (၁၈၇၉-၁၉၅၅) ၏ ကမ္ဘာကျော်သိပ္ပံနိယာမ (General Theory of Relativity) $E= mc^2$ အရ နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးမှုကဏ္ဍကို အကောင်အထည်ဖော်ခဲ့သည်ဟု ဆိုနိုင်သည်။ စွမ်းအင်ညီမျှထု (Energy Equivalence) (E), ရုပ်ဒြပ်ပစ္စည်း (m) နှင့် အလင်းရောင်သွားနှုန်း (Speed of Light) (c) တို့၏ ဆက်စပ်မှုဖြစ်ပါသည်။ ရုပ်ဒြပ်ပစ္စည်း မည်မျှပင်သေးငယ်စေကာမူ စွမ်းအင်ညီမျှထုသည် ၃၀ သန်းမီတာ၊ စက္ကန့်ရှိ အလင်းရောင် သွားနှုန်းအရ အလွန်ကြီးမားသော ပမာဏကိုရရှိစေမည်ဖြစ်သည်။ ခက်ခဲနက်နဲမှုရှိသော ပညာရပ်ဖြစ်သဖြင့် ဆက်လက်ဆွေးနွေးခြင်းမပြုတော့ဘဲ နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ရယူသုံးစွဲနိုင်မှု အခြေအနေများနှင့် ဆက်စပ်သည်များကိုသာ တင်ပြလိုပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ လက်ရှိနှင့် အနာဂတ် နျူကလီးယားစွမ်းအင်မှ လူသားတို့အား အကျိုးပြုမှု ဆက်စပ်ကဏ္ဍများအနက် နျူကလီးယားဓာတ်အားပေးစက်ရုံကြီးများတည်ဆောက်ပြီး လျှပ်စစ်ရယူအသုံးပြုရာတွင် ထိရောက်မှု၊ ထိခိုက်မှုတို့အပေါ် အခြေခံလျက် ဂျပန်နိုင်ငံ၏ အနာဂတ်ရောစပ်စွမ်းအင် (Energy Mix) နှင့် ရောစပ်လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးမှု (Generation Mix) စီမံချက်များကို ကောက်နုတ်ဖော်ပြသွားမည်ဖြစ်ပါသည်။

**လူသားတို့အတွက် အကျိုးပြုနျူကလီးယားစွမ်းအင်အသုံးပြုမှု**

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် US Atomic Energy Commission (AEC) မှ အဏုမြူစွမ်းအင် (Atomic Energy) ကို နှစ်ဖက်ရှဓားသွားသိပ္ပံပညာရပ် (Double- Edged Sword of Science) ဟု ထုတ်ပြန်ချက်အရ ကမ္ဘာ့လူသားအားလုံး စိုးရိမ်ပူပင်ကြောင့်ကြရသော နျူကလီးယားစွမ်းအင်ကို ဖျက်အားပြင်းလက်နက်အဖြစ်သာ စဉ်းစားမည်မဟုတ်ဟုဆိုသည်။ ငြိမ်းချမ်း ကမ္ဘာ့အဏုမြူခေတ် (Peacetime Atom) အာမခံချက်အောက်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး သင်္ဘောများ၊ ကားများ၊ ရထားများ၊ လေယာဉ်များကို မောင်းနှင်နိုင်ခြင်းဖြင့် လူသားများအတွက် အကျိုးပြုလုပ်ငန်းများကိုပါ အသုံးပြု လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

သယ်ယူပို့ဆောင်မှုသုံး နျူကလီးယားစွမ်းအင် (Nuclear Energy in Transportation) (ဥပမာ- Nuclear - powered vessels, aircraft) စက်မှုလုပ်ငန်းသုံးနျူကလီးယားစွမ်းအင် (Nuclear Energy in Industry) (ဥပမာ- စက္ကူများ၊ ပလတ်စတစ်ပြားများ၊ သတ္တုပြားများ၊ ရော်ဘာပြားများ၏ အထူကို လိုအပ်သလို ဖြတ်တောက်ထုတ်လုပ်ခြင်း)၊ ဆေးပညာနှင့် ဆေးဝါးသုံး အထောက်အကူပြု နျူကလီးယားစွမ်းအင် (Nuclear Energy in Medicine) (ဥပမာ- ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ကုသခြင်း စသည်) နျူကလီးယားစွမ်းအင် အရင်းအမြစ်မှ လျှပ်စစ်ထုတ်ယူမှု (Nuclear Power as a Source of Electrical Energy) စသည်တို့သည် လူသားတစ်ရပ်လုံး၏ ဘဝရှင်သန် ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးချနိုင်ရန် ဖြစ်သည်။


**နျူကလီးယားစွမ်းအင်နည်းပညာ** (Nuclear Power Technology)

နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံသည် သမားရိုးကျအပူရှိန်သုံး ဓာတ်အားပေးစက်ရုံများ (Conventional Thermal Power Stations) ကဲ့သို့ပင် ကျောက်မီးသွေး၊ လောင်စာဆီ၊ သဘာဝဓာတ်ငွေ့ စသည်တို့အသုံးပြုလောင်ကျွမ်းသော အပူရှိန်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးခြင်းပင်ဖြစ်သည်။ ဒီဇိုင်းပုံစံတူ အမျိုးအစား နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဖြတ်ပိုင်းပုံကြမ်းများကို ယေဘုယျလေ့လာသိရှိနိုင်ကြရန် ပုံ (က) နှင့် ပုံ (ခ) တို့ဖြင့် ဖော်ပြထားပြီး လက်ရှိအခြေအနေတွင် အဆိုပါ နည်းပညာနှင့် ဆက်စပ်ထိတွေ့မှု မရှိသည့်အတွက် အသေးစိတ်ရှင်းလင်းရန် လိုအပ်မည်မဟုတ်ပါ။

**ပုံ (က)**

**ပုံ (ခ)**

Design of Two Common Types of Nuclear Power Plants




Source: Nuclear Power, David E.Newton

**နျူကလီးယားစွမ်းအင်နှင့် ဆက်စပ်ယူရေနီယံ** (Uranium)

နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်လျက် လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရန်မှာ အဓိကကျသည့် ယူရေနီယံသတ္တုအာမခံချက်ရှိရန်နှင့် နိုင်ငံ့ခနအင်အား၊ နည်း ပညာအကျွမ်းတဝင်ရှိမှုတို့ လိုအပ်သည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ယူရေနီယံသတ္တုသိုက် ပိုင်ဆိုင်နိုင်ငံများ (Nations with the Largest Uranium Ore Deposits) ၏ စုစုပေါင်း ခန့်မှန်းပမာဏမှာ (၅၂၈၁၀၀၀) တန်ခန့်ရှိပြီး ဩစတြေးလျ (Australia)၊ ကာဇာစတန် (Kazakhstan)၊ ရုရှား (Russia) စသည်တို့သည် ထိပ်ပိုင်းနိုင်ငံများဖြစ်ကြောင်း တွေ့ရှိရသည်။ ကမ္ဘာ့နိုင်ငံများအလိုက် ယူရေနီယံသတ္တုသိုက် ပိုင်ဆိုင်မှုအခြေအနေကို ဇယား (၁) ဖြင့် ဖော်ပြထားသည်။

**ဇယား (၁)**

ကမ္ဘာ့နိုင်ငံများအလိုက် ယူရေနီယံသတ္တုသိုက်ပိုင်ဆိုင်မှု

| စဉ် | နိုင်ငံ | ယူရေနီယံ သတ္တုသိုက်ပမာဏ (တန်) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ဩစတြေးလျ | ၁,၂၄၃,၀၀၀ | ၂၂.၇ |
| ၂။ | ကာဇာစတန် | ၈၁၇,၃၀၀ | ၁၄.၉ |
| ၃။ | ရုရှား | ၅၄၅,၇၀၀ | ၁၀.၀ |
| ၄။ | တောင်အာဖရိက | ၄၃၅,၁၀၀ | ၈.၀ |
| ၅။ | ကနေဒါ | ၄၂၃,၂၀၀ | ၇.၇ |
| ၆။ | အမေရိကန် | ၃၃၉,၀၀၀ | ၆.၂ |
| ၇။ | ဘရာဇီးလ် | ၂၇၈,၄၀၀ | ၅.၁ |
| ၈။ | နမီးဘီးယား | ၂၇၅,၀၀၀ | ၅.၀ |
| ၉။ | နိုင်ဂျာ | ၂၇၄,၀၀၀ | ၅.၀ |
| ၁၀။ | ယူကရိန်း | ၁၉၉,၅၀၀ | ၃.၆ |
| ၁၁။ | ဂျော်ဒန် | ၁၁၁,၈၀၀ | ၂.၀ |
| ၁၂။ | ဥဇဘက်ကစ္စတန် | ၁၁၁,၀၀၀ | ၂.၀ |
| ၁၃။ | အိန္ဒိယ | ၇၂,၉၀၀ | ၁.၃ |
| ၁၄။ | တရုတ် | ၆၇,၉၀၀ | ၁.၂ |
| ၁၅။ | မွန်ဂိုလီးယား | ၆၂,၀၀၀ | ၁.၁ |
| ၁၆။ | ဗီနီးမတ် | ၃၂,၃၀၀ | ၀.၆ |

**ကမ္ဘာ့နိုင်ငံများအလိုက် ယူရေနီယံသတ္တုသိုက်ပိုင်ဆိုင်မှု**


Source- Uranium 2005: Resources, Production and Demand (OECD-NEA-IAEA)

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ Prof. D. B. Botkin (Chairman of Environmental Studies Program) က ကမ္ဘာ့နိုင်ငံအသီးသီး၏ စွမ်းအင်ဆိုင်ရာ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လာမည့် နောက်ဆုံးလေ့လာသုတေသနပြုချက်များကို မှီငြမ်း၍ ကမ္ဘာ့စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးပြီးအဖွဲ့ဝင်နိုင်ငံများ (OECD) ၏ နျူကလီးယားစွမ်းအင် အသုံးပြုလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်မှုကို ပုံ (ဂ) ဖြင့်ဖော်ပြထားပါသည်။

**ပုံ (ဂ)**

**ကမ္ဘာ့နျူကလီးယားသုံး လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်မှု (၂၀၀၄)**

(Billions of watts)




ကမ္ဘာ့နိုင်ငံကြီး ၁၁ နိုင်ငံနှင့် ကျန်ရှိနိုင်ငံများ၏ နျူကလီးယားစွမ်းအင် အသုံးပြုလျှပ်စစ်ထုတ်လုပ်သုံးစွဲရှိမှုတွင် ဂျပန်၊ ဗြိတိန် (UK)၊ ကနေဒါနိုင်ငံတို့သည် ၁၉၉၅ ခုနှစ် မတိုင်မီ ထုတ်ယူသုံးစွဲမှုပမာဏမှ ထို့နောက် ၂၀၀၃ ခုနှစ် မတိုင်မီ ထုတ်ယူသုံးစွဲမှုတို့ကို လျော့ချလာခဲ့ကြောင်း တွေ့ရှိရသည်။ ဤသို့လျော့ချချိန်တွင် တောင်ကိုရီးယားနိုင်ငံသည် သိသိသာသာ ပမာဏ နှစ်ဆကျော်အထိ တိုးတက်ထုတ်လုပ်သုံးစွဲခဲ့သည်။ အသေးစိတ်ကို ဇယား (၂) ဖြင့် ဖော်ပြထားပါသည်။

**ဇယား (၂)**

**ကမ္ဘာ့ထိပ်ပိုင်းနိုင်ငံများ၏ နျူကလီးယားစွမ်းအင်အသုံးပြု လျှပ်စစ်ထုတ်လုပ်သုံးစွဲမှု**

| စဉ် | နိုင်ငံများ | ၁၉၉၃-၁၉၉၅ | | ၁၉၉၅-၂၀၀၃ | |
|---|---|---|---|---|---|
| | | ထုတ်လုပ်ဓာတ်အား (သန်းကီလိုဝပ်နာရီ) | စုစုပေါင်း (ရာခိုင်နှုန်း) | ထုတ်လုပ်ဓာတ်အား (သန်းကီလိုဝပ်နာရီ) | စုစုပေါင်း (ရာခိုင်နှုန်း) |
| ၁။ | ပြင်သစ် | ၃၆၈,၁၈၈ | ၇၈ | ၄၂၀,၇၀၀ | ၇၇.၇ |
| ၂။ | ဘယ်လ်ဂျီယံ | ၄၃,၉၂၇ | ၆၀ | ၄၄,၆၀၀ | ၅၅ |
| ၃။ | ဆွီဒင် | ၆၁,၃၉၅ | ၄၃ | ၆,၅၅၀ | ၄၉.၆ |
| ၄။ | စပိန် | ၅၆,၀၆၀ | ၃၆ | ၅၉,၄၀၀ | ၂၃.၆ |
| ၅။ | တောင်ကိုရီးယား | ၅၈,၁၃၈ | ၃၆ | ၁၂၃,၃၀၀ | ၄၀ |
| ၆။ | ယူကရိန်း | ၇၅,၂၄၃ | ၃၃ | ၇၆,၇၀၀ | ၄၅.၉ |
| ၇။ | ဂျာမနီ | ၁၅၃,၄၇၆ | ၂၉ | ၁၅၇,၄၀၀ | ၂၈.၁ |
| ၈။ | ဂျပန် | ၂၄၉,၂၅၆ | ၂၈ | ၂၃၀,၈၀၀ | ၂၅ |
| ၉။ | ဗြိတိန် (UK) | ၈၉,၃၅၃ | ၂၆ | ၈၅,၃၀၀ | ၂၃.၇ |
| ၁၀။ | အမေရိကန် | ၆၁၀,၃၆၅ | ၁၉ | ၇၆၃,၇၀၀ | ၁၉.၉ |
| ၁၁။ | ကနေဒါ | ၉၄,၈၂၃ | ၁၈ | ၇၀,၃၀၀ | ၁၂.၅ |
| ၁၂။ | ရုရှား | ၁၁၉,၁၈၆ | ၁၂ | ၁၃၈,၄၀၀ | ၁၆.၅ |
| ၁၃။ | ကမ္ဘာ့စုစုပေါင်း | ၂,၁၆၇,၅၁၅ | ၁၈ | ၂,၅၂၅,၀၀၀ | ၂၁ |

Source- 1993-1995, Energies Year Book , Powering the Future,D.B. Botkin(1993-1995)


- 1995-2003, World Nuclear Association, Nuclear Power, D. E. Newton (1995-2003)

ကမ္ဘာ့နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ထုတ်ယူသုံးစွဲမှု (ပုံ-ဂ)နှင့် ဇယား (၂) တို့တွင် ဖော်ပြကိန်းဂဏန်းများအရ ကမ္ဘာ့ရုပ်ကြွင်း လောင်စာစွမ်းအင် (Fossil Fuel Power) ကဏ္ဍမှ စွန့်ခွာ၍ နျူကလီးယားစွမ်းအင်ဆီသို့ ကူးပြောင်းခဲ့ပါလျှင် စီးပွားရေးရာတွက်ခြေကိုက်၍ လက်တွေ့စနစ်တကျထုတ်ယူရရှိနိုင်သော ခန့်မှန်း ကမ္ဘာ့ယူရေနီယံသိုက် ၄ ဒသမ ၇ သန်းတန်ခန့်သည် နောက် ၂၉ နှစ်အကြာတွင် တိမ်မြုပ်ပျောက်ကွယ်သွားမည်ဟု ဖော်ပြထားသည်။

**ကမ္ဘာ့စွမ်းအင်ခွဲဝေသုံးစွဲမှု**

နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ထုတ်ယူမှုပါဝင်သော ကမ္ဘာ့စွမ်းအင် ခွဲဝေထုတ်ယူအသုံးပြုမှု (World Energy Used 2010 by Fuel Type) အခြေအနေကို သိရှိနိုင်ရန် ပုံ (ဃ) ဖြင့် ဖော်ပြပါသည်။

**ပုံ (ဃ)**




Source- Powering The Future( D.B. Botkin)

*(ဆက်လက်ဖော်ပြပါမည်)*

# အသင်းကြီးတွေ ဂိုးပြတ်အနိုင်ရမှာလား

—— ဝေမိုးဆက် ——

လာမယ့် ဖေဖော်ဝါရီ ၁၈ ရက်၊ ၁၉ ရက်၊ ၂၁ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်တွေကိုကျင်းပသွားမှာ မဟုတ်ဘဲ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ပဉ္စမအဆင့်ပွဲစဉ်တွေကိုသာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ပဉ္စမအဆင့်ပွဲစဉ်တွေမှာတော့ မန်ယူ၊ မန်စီးတီး၊ အာဆင်နယ်တို့က အသင်းငယ်လေးတွေနဲ့သာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီနှစ်အက်ဖ်အေဖလားပြိုင်ပွဲမှာ အသင်းငယ်လေးတွေကိုလည်း လျှော့တွက်ဖို့ခက်ခဲနေကာ ဝုဖ်ဆိုရင် လီဗာပူးကိုတောင် အနိုင်ယူနိုင်ခဲ့သလို ဝိုင်ကမ်ဘီဆိုရင်လည်း စပါးကိုအကောင်းဆုံးခံကစားနိုင်ခဲ့တာကြောင့် အာဆင်နယ်၊ မန်စီးတီး၊ မန်ယူတို့အနေနဲ့လည်း အက်ဖ်အေဖလားပဉ္စမအဆင့်ပွဲတွေကို လွယ်လွယ်ကူကူ ကျော်ဖြတ်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

## ဘန်လေ vs လင်ကွန်း

| နောက်ဆုံးရလဒ် | လင်ကွန်း | ၁ | ၁ | ဘန်လေ |
|---|---|---|---|---|

ဘန်လေက ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာတောင် အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်မှုရှိတဲ့အသင်း ဖြစ်ပါတယ်။ ဘန်လေအနေနဲ့ အိမ်ကွင်းပွဲတွေမှာဆိုရင် ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေကိုတောင် အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခြေရှိပါတယ်။ ပရီမီယာလိဂ်အပြင် အာရုံစိုက်စရာပြိုင်ပွဲဆိုလို့လည်း ဒီအက်ဖ်အေဖလားပြိုင်ပွဲတစ်ရပ်သာ ရှိတာကြောင့် အားစိုက်လာမှာသေချာနေပါတယ်။ ဘန်လေ အိမ်ကွင်းမှာ အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ခက်တယ်။

## မီလ်ဝေါ vs လက်စတာ

| နောက်ဆုံးရလဒ် | မီလ်ဝေါ | ၁ | ၃ | လက်စတာ |
|---|---|---|---|---|

လိဂ်ဝမ်းကလပ် မီလ်ဝေါဟာစတုတ္ထအဆင့်ပွဲမှာ ပရီမီယာလိဂ်ကလပ်ဝက်ဖို့ဒ်ကိုတောင် အနိုင်ရယူပြီး ဒီအဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာလည်း မီလ်ဝေါအနေနဲ့ အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် လက်စတာက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေများနေကာ ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိလို့ လူစုံသုံးဖို့ခက်မယ်။ ဒါကြောင့် လက်စတာနိုင်ရင်တောင် မပြတ်သွားဘူး။

## ဘလက်ဘန်း vs မန်ယူ

| နောက်ဆုံးရလဒ် | ဘလက်ဘန်း | ၀ | ၂ | မန်ယူ |
|---|---|---|---|---|

ဘလက်ဘန်းက ဒီပြိုင်ပွဲမှာဒီအဆင့်ကို ရောက်လာပေမယ့် လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်းမှာတော့ တန်းမဆင်းရဖို့ ရုန်းကန်နေရတဲ့အထိ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဒီအဆင့်ကိုရောက်လာရာမှာလည်း ဘလက်ပူးလ်လိုအသင်းကိုသာအနိုင်ရယူပြီး ဒီအဆင့်ကို တက်ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း မန်ယူက ယူရိုပါလိဂ်ပွဲတွေကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ မန်ယူကပ်ပြီးသာနိုင်မယ်။

## ဝုဖ် vs ချယ်လ်ဆီး

| နောက်ဆုံးရလဒ် | ချယ်လ်ဆီး | ၆ | ၀ | ဝုဖ် |
|---|---|---|---|---|

လိဂ်ချန်ပီယံရှစ်ကလပ် ဝုဖ်ဗာဟမ်တန်ဟာ စတုတ္ထအဆင့်မှာ ပရီမီယာလိဂ်အသင်းကြီး လီဗာပူးကိုတောင်အနိုင်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးတို့ဝုဖ်ကို လျှော့တွက်မှာမဟုတ်ဘဲ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ချယ်လ်ဆီးအနေနဲ့ ဒီပြိုင်ပွဲမှာလည်း ပွဲတိုင်းကိုဂရုတစိုက်ကစားနေသလို အရန်ကစားသမားအင်အားကလည်းတောင့်တင်းမှုရှိပါတယ်။ ဥရောပပွဲလည်းကစားရမှာမရှိလို့ ချယ်လ်ဆီးကသာ နိုင်ပွဲရသွားမှာပါ။

## ဆက်တန် vs အာဆင်နယ်

| နောက်ဆုံးရလဒ် | - | - | - | - |
|---|---|---|---|---|

ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် အာဆင်နယ်တို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အာဆင်နယ်ဟာ ဆုဖလားတစ်လုံးရယူနိုင်ဖို့အတွက် ဒီပြိုင်ပွဲမှာဗိုလ်စွဲဖို့အထိ ရည်မှန်းထားမှာသေချာနေပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်တို့ အားစိုက်လာမှာသေချာနေပါတယ်။ ဆက်တန်က လိဒ်စ်ကိုအနိုင်ယူပြီး ဒီအဆင့်ရောက်လာသလို အိမ်ကွင်းလည်းဖြစ်ပေမယ့် အာဆင်နယ်ကို ထိန်းနိုင်ဖို့တော့ခက်မယ်။ အာဆင်နယ်အနိုင်သေချာတယ်။

## မစ်ဒယ်ဘရော့ vs အောက်စဖို့ဒ်

| နောက်ဆုံးရလဒ် | မစ်ဒယ်ဘရော့ | ၄ | ၁ | အောက်စဖို့ဒ် |
|---|---|---|---|---|

ဘန်လေနည်းတူမစ်ဒယ်ဘရော့ကလည်း အိမ်ကွင်းခြေကောင်းမွန်မှုရှိတဲ့အသင်း ဖြစ်ပါတယ်။ မစ်ဒယ်ဘရော့က တိုက်စစ်ပိုင်း အားနည်းမှုတွေရှိနေပေမယ့် ခံစစ်ပိုင်းကစားပုံကတော့ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့်လိဂ်ဝမ်းကလပ် အောက်စဖို့ဒ်ကလည်း ဒီပြိုင်ပွဲမှာ ခြေစွမ်းပြနေတဲ့အသင်း ဖြစ်ပါတယ်။ အောက်စဖို့ဒ်က စတုတ္ထအဆင့်မှာ လိဂ်ချန်ပီယံရှစ်မှာ ခြေစွမ်းပြနေတဲ့ နယူးကာဆယ်ကိုတောင်အိမ်ကွင်းမှာအနိုင်ယူပြီး ဒီအဆင့်ကိုရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း အခုပွဲက မစ်ဒယ်ဘရော့ရဲ့အိမ်ကွင်းဖြစ်နေတာကြောင့် မစ်ဒယ်ဘရော့ကသာနိုင်ပွဲရသွားနိုင်ပါတယ်။

## ဖူလ်ဟမ် vs စပါး

| နောက်ဆုံးရလဒ် | စပါး | ၃ | ၁ | ဖူလ်ဟမ် |
|---|---|---|---|---|

စပါးက စတုတ္ထအဆင့်မှာ အသင်းငယ်လေးဝိုင်ကမ်ဘီကိုတောင် ခက်ခက်ခဲခဲကစားခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် စပါးဟာ ဒီပွဲမတိုင်ခင်နဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲတွေကစားရဖို့ရှိနေတာကြောင့် ဒီပွဲစဉ်မှာ ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ အထူးသဖြင့် ဖူလ်ဟမ်ကလည်း လက်ရှိအချိန်မှာလိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ခြေစွမ်းပိုင်းကောင်းမွန်နေကာ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် စပါးအခက်တွေ့နိုင်ပါတယ်။ အထူးသဖြင့် ဖူလ်ဟမ်ကဒီပွဲစဉ်မှာ ခံစစ်ပိုင်းကို အားပြုကစားလာဖို့ရှိနေကာ တန်ပြန်တိုက်စစ်နဲ့ ရင်ဆိုင်လာရင် စပါးတို့ကစားရခက်ခဲနိုင်ပါတယ်။ အဝေးကွင်းမှာ စပါးကပ်ပြီးသာနိုင်မယ်။

## ဟတ်ဒါဖီးလ် vs မန်စီးတီး

| နောက်ဆုံးရလဒ် | ဟတ်ဒါဖီးလ် | ၁ | ၁ | မန်စီးတီး |
|---|---|---|---|---|

ပရီမီယာလိဂ်မှာ ချန်ပီယံဖြစ်နိုင်ဖို့ ခက်ခဲနေတာကြောင့် မန်စီးတီးဟာ ဒီအက်ဖ်အေဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့အထိ ရည်မှန်းထားမှာ သေချာနေပါတယ်။ ဒါပေမယ့် ဟတ်ဒါဖီးလ်ကလည်း လိဂ်ချန်ပီယံရှစ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေတဲ့အသင်းဖြစ်ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် ဟတ်ဒါဖီးလ်တို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း မန်စီးတီးအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေတဲ့အတွက် လူစုံအသုံးပြုလာခဲ့ခြင်းမရှိရင် ဟတ်ဒါဖီးလ်ရဲ့ အိမ်ကွင်းခံကစားအားကို ခက်ခက်ခဲခဲကျော်ဖြတ်ရနိုင်ပါတယ်။ မန်စီးတီးအနေနဲ့ အစစအားသာနေပေမယ့် ကပ်ပြီးသာနိုင်မယ်။

## ရော်နယ်ကိုးမန်းသည် ဘာစီလိုနာအသင်း နည်းပြရာထူးနှင့် ထိုက်တန်သူဖြစ်ကြောင်း ဖရန့်ဒီဘိုးဝါးပြောဆို



ဘာစီလိုနာအသင်းအနေဖြင့် အဲဗာတန်အသင်း မန်နေဂျာ ရော်နယ်ကိုးမန်းအား အသင်းနည်းပြသစ်အဖြစ် တာဝန်ယူရန် ကမ်းလှမ်းလာပါက အဆိုပါ ကမ်းလှမ်းမှုသည် ကိုးမန်းနှင့် ထိုက်တန်မှုရှိကြောင်း အင်တာမီလန်နည်းပြဟောင်း ဖရန့်ဒီဘိုးဝါးက ထုတ်ဖော်ပြောဆိုလိုက်သည်။ ဟော်လန်ကွင်းလယ်ခံစစ် ကစားသမားဟောင်း ကိုးမန်း (၅၃နှစ်)သည် ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့ကာ ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဘာစီလိုနာအသင်း၏ လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ဒီဘိုးဝါး (၄၆နှစ်)သည် ဟော်လန်လက်ရွေးစင်အသင်းတွင် ကိုးမန်းနှင့် လက်တွဲကစားခဲ့ဖူးသူဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် လက်ရှိနည်းပြအန်နရီကေးတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ပြီးဆုံးမည် ဖြစ်သည်။ ကိုးမန်း၏ အေးဂျင့်ဟောင်းဖြစ်ပြီး လက်ရှိအချိန်တွင် ဒီဘိုးဝါး၏ အေးဂျင့်အဖြစ် တာဝန်ယူနေသူ ဂူဒို အယ်လ်ဘာစ်က ဘာစီလိုနာအသင်းသည် ဆောက်သမ်တန်အသင်း မန်နေနေဂျာဟောင်း ကိုးမန်းအား ခေါ်ယူလိုသည့် နည်းပြများစာရင်းတွင် ထည့်သွင်းထားသည်ဟု ပြောဆိုခဲ့သော်လည်း ကိုးမန်းက အဆိုပါ သတင်းကို အတည်ပြုရန် ငြင်းခဲ့သည့် သီတင်းပတ်အတွင်းက ငြင်းဆိုခဲ့သည်။

"အဲဗာတန်နဲ့ ကိုးမန်းတို့ ချုပ်ဆိုထားတဲ့ စာချုပ်မှာ ဘာစီလိုနာအသင်းဆီက ကမ်းလှမ်းမှုရရှိခဲ့ရင် ကိုးမန်းအနေနဲ့ လက်ခံခွင့်ရှိတယ်ဆိုတဲ့အချက်ကို ထည့်သွင်းထားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘာစီလိုနာအသင်းနည်းပြအဖြစ် တာဝန်ယူဖို့က ကိုးမန်းက အိပ်မက်တစ်ခုဖြစ်တာကြောင့်ပါ။ ကိုးမန်းကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းဆီက ကမ်းလှမ်းမှုရရှိခဲ့မယ်ဆိုရင် ဒါဟာ တကယ့်ကို ကောင်းမွန်တဲ့ကိစ္စဖြစ်လိမ့်မယ်လို့ မကြာခဏပြောဆိုခဲ့ဖူးတယ်လို့ ကျွန်တော်ထင်ပါတယ်။ သူဟာ ဘာစီလိုနာအသင်းနည်းပြတာဝန်နဲ့ ထိုက်တန်သူပါ။ ဘာကြောင့်လဲဆိုတော့ ကိုးမန်းဟာ အဲဗာတန်မှာ အကောင်းဆုံး လုပ်ဆောင်ပေးနေနိုင်သလို ဆောက်သမ်တန်မှာလည်း အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်တာကြောင့်ပါ။ အဲဗာတန်အသင်းအနေနဲ့ကတော့ ကိုးမန်းကို ဘာစီလိုနာအသင်းဆီက ကမ်းလှမ်းမလာဖို့ မျှော်လင့်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ဒီဘိုးဝါးက ပြောဆိုခဲ့သည်။

## အေးဂျင့်၏ မှတ်ချက်နှင့်ပတ်သက်၍ ပီအက်စ်ဂျီကစားသမား ဗာရက်တီ ငြင်းချက်ထုတ်




ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား မာကို ဗာရက်တီက မိမိအနေဖြင့် ပီအက်စ်ဂျီမှ ထွက်ခွာရန် ဆန္ဒရှိနေသည်ဆိုသည့် သတင်းများကို ငြင်းဆိုလိုက်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပီအက်စ်ဂျီအသင်းက ဘာစီလိုနာ အသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ပထမအကျော့ပွဲ မကစားမီ၌ အီတလီကစားသမား ဗာရက်တီ၏ အေးဂျင့်ဖြစ်သူ ဒိုနာတို ဒီကမ်လီက ပီအက်စ်ဂျီအသင်းအနေဖြင့် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အောင်မြင်မှုမရခဲ့ပါက ဗာရက်တီသည် ပီအက်စ်ဂျီမှ ထွက်ခွာသွားနိုင်ကြောင်း ပြောဆိုခဲ့သည်။ ကွင်းလယ်ကစားသမား ဗာရက်တီ (၂၄နှစ်) သည် ဘာစီလိုနာအား ဂိုးပြတ်အနိုင် ရရှိခဲ့သောပွဲ၌ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့် ရရှိခဲ့ကာ ပီအက်စ်ဂျီ အတွက် ဒုတိယဦးဆောင်ဂိုးအား ဒရက်စလာ သွင်းယူနိုင်စေရန် ဖန်တီးပေးနိုင်ခဲ့သူဖြစ်ကာ ပွဲချိန် မိနစ် ၇၀ တွင် လူစားလဲခြင်းခံခဲ့ရသည်။ ပက်စ်ကာရာအသင်း ကစားသမားဟောင်း ဗာရက်တီက ဘာစီလိုနာနှင့်ပွဲအပြီးတွင် အေးဂျင့်ကမ်လီ၏ မှတ်ချက်စကားနှင့် ပတ်သက်၍ ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့်ကို ဥရောပထိပ်တန်းအသင်းကြီးတွေက ခေါ်ယူဖို့ စိတ်ဝင်စားမှုရှိနေတာကို နှစ်သက်သဘောကျမိပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ အသင်းပြောင်းရွှေ့ဖို့ ဆန္ဒမရှိဘူး။ ကျွန်တော်ဟာ ပီအက်စ်ဂျီအသင်းရဲ့ အစီအစဉ်တွေမှာ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေသူပါ။ ပီအက်စ်ဂျီအသင်းအနေနဲ့ ဥရောပရဲ့ အကောင်းဆုံး သုံးသင်းအနက်က တစ်သင်းအဖြစ် ပါဝင်နိုင်ဖို့ ဆန္ဒရှိနေပါတယ်" ဟု ဗာရက်တီက ပြောဆိုခဲ့သည်။

ဗာရက်တီနှင့် ပီအက်စ်ဂျီအသင်းတို့သည် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းတွင် တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၁၈ ခုနှစ် နွေရာသီဈေး ကွက်ကာလအတွင်းတွင်မှ ကုန်ဆုံးမည် ဖြစ်သည်။ ဗာရက်တီသည် ယခုနှစ် ဘောလုံးရာသီ၌ အမှတ်ပေးပွဲ ၁၇ ပွဲ၊ ချန်ပီယံလိဂ်ပွဲ ၆ ပွဲအပါအဝင် စုစုပေါင်း ၂၇ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်း ယူပေးထားသူဖြစ်သည်။

## ပီအက်စ်ဂျီနှင့်ပွဲ၌ မက်ဆီ၏ ခြေစွမ်းကို ရီယိုဖာဒီနန်နှင့် စတီဗင်ဂျရတ်တို့ ဝေဖန်



ပြီးခဲ့သည့် ၁၅ ရက်တွင် စပိန်ကလပ် ဘာစီလိုနာအသင်းက အဝေးကွင်း၌ ပီအက်စ်ဂျီအသင်းအား လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်၌ ဘာစီလိုနာအသင်း အဓိက ကစားသမား လီယွန်နယ် မက်ဆီ၏ စွမ်းဆောင်မှုအပေါ် အင်္ဂလန်ကစားသမားဟောင်းများဖြစ်သည့် ဗဟိုခံစစ်မှူးဟောင်း ရီယိုဖာဒီနန်နှင့် ကွင်းလယ် ကစားသမားဟောင်း စတီဗင်ဂျရတ်တို့က ဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့ကြကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါပွဲတွင် ပီအက်စ်ဂျီအတွက် ဒီမာရီယာက နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ကာ ဒရက်စတာနှင့် ကာဗာနီတို့က တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ အာဂျင်တီးနားကစားသမား မက်ဆီသည် ပီအက်စ်ဂျီအသင်း၏ ပယ်နယ်တီဧရိယာအတွင်း ဘောလုံးနှင့် ထိတွေ့ခဲ့ခြင်းမရှိဘဲ ပြိုင်ဘက်အသင်း၏ ပယ်နယ်တီဧရိယာအတွင်း မက်ဆီဘောလုံး ထိတွေ့မှုမရှိခြင်းသည် ယခုနှစ်ရာသီ၌ ပထမဆုံးအကြိမ်ဖြစ်သည်ဟုဆိုသည်။

မန်ယူ ဗဟိုခံစစ်မှူးဟောင်း ဖာဒီနန်က "ပီအက်စ်ဂျီကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတဲ့ပွဲမှာ မက်ဆီရဲ့တုံ့ပြန်မှုက အားနည်းလွန်းခဲ့ပါတယ်။ သူဟာ တစ်ပွဲလုံးမှာ လျှော့တိလျှော့ရဲ ပေါ့ပေါ့တန်တန်ကစားခဲ့တယ်။ မက်ဆီကို ကြည့်ရတာ စိတ်ဓာတ်ကျသလို စိတ်မချမ်းမြေ့သလိုဖြစ်နေခဲ့ပြီး သူ့ရဲ့စိတ်ကူးအိုင်ဒီယာတွေကလည်း အစွမ်းအာနိသင် ကင်းမဲ့နေခဲ့တယ်။ ဒါပေမယ့် မက်ဆီကလည်း လူသားတစ်ဦးသာဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

လီဗာပူးကစားသမားဟောင်း ဂျရတ်ကလည်း " ဒီပွဲမှာ မက်ဆီရဲ့ လှုံ့လစိုက်ထုတ်မှုက သုညပါပဲ။ တစ်ပွဲလုံး ဘယ်လိုတုံ့ပြန်မှုမှ မလုပ်နိုင်ခဲ့ဘူး"ဟု မှတ်ချက်ပြုပြောဆိုခဲ့သည်။ ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအသင်းနှင့် နောက်ဆုံးလေးကြိမ် ဆုံတွေ့မှု၌ ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ဆုဖလားအား ငါးကြိမ် ရရှိထားကာ ၂၀၁၄-၁၅ ရာသီ၌ နောက်ဆုံးအကြိမ် ရရှိထားသော ဘာစီလိုနာအသင်းသည် လာမည့် မတ်လ ၉ ရက်တွင် ပီအက်စ်ဂျီအသင်းအား အိမ်ကွင်း၌ ပြန်လည်လက်ခံကစားရမည် ဖြစ်သည်။

ထက်အောင်

# အများအမြင်မှာ ငုပ်လျှိုးပျောက်ကွယ်နေတဲ့ ချယ်လ်ဆီးအသင်းရဲ့အကောင်းဆုံး
# ကွင်းလယ်ကစားသမားကန်တီ

● အောင်က

ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား အန်ဂိုလိုကန်တီဟာ အခုအခါမှာတော့ ပရီမီယာလိဂ်ဆုဖလားကို အသင်းသစ်နဲ့အတူ ထပ်မံရယူဖို့ရှိနေတဲ့ ကစားသမားတစ်ဦးလို့ ပြောရမှာဖြစ်ပါတယ်။ သူဟာလက်စတာအသင်းနဲ့အတူ ပြီးခဲ့တဲ့ရာသီက အံ့သြဖွယ်ရာ ပရီမီယာလိဂ်ဆုဖလား ရယူနိုင်ခဲ့တာဖြစ်ပြီး နွေရာသီဈေးကွက်က ချယ်လ်ဆီးအသင်းကို ပေါင် ၃၂ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ သူဟာ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်းမှာလည်း အသင်းသစ်နဲ့ အတူ အသားကျပြီး အကောင်းဆုံးခြေစွမ်းတွေနဲ့အတူ ကစားနိုင်ခဲ့သူဖြစ်ပါတယ်။

### ကန်တီရဲ့အောင်မြင်မှု

ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမားကန်တီရဲ့မိဘနှစ်ပါးဟာ ပြင်သစ်မှာ ပြောင်းရွှေ့နေထိုင်တဲ့ မာလီလူမျိုးတွေဖြစ်တာကြောင့် ၂၀၁၅ ခုနှစ် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲမတိုင်ခင်မှာ မာလီလက်ရွေးစင်အသင်းက တောင်ခေါ်ယူဖို့ ဖိတ်ခေါ်ယူခြင်းခံထားရပါသေးတယ်။ ဒါပေမယ့်




ကန်တီကတော့ မာလီမှာကစားဖို့ ငြင်းဆိုခဲ့ပါတယ်။ သူဟာ လက်စတာအသင်းနဲ့ အတူအကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီးနောက်ပိုင်းမှာ ပြင်သစ်အသင်းနဲ့အတူ ယူရို၂၀၁၆ ပြိုင်ပွဲမတိုင်ခင် ခြေစစ်ပွဲမှာ စတင်ပါဝင်ကစားဖို့ရွေးချယ်ခံခဲ့ရပါတယ်။ ဒါကြောင့်လည်း ကန်တီအတွက်ကတော့ ပရီမီယာလိဂ်ကို ပြောင်းရွှေ့ကစားခဲ့ပြီးနောက်ပိုင်း ကံဇာတာကောင်းတွေရရှိခဲ့တယ်လို့တောင် ပြောရမှာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားကန်တီဟာ ပရီမီယာလိဂ် ၅၉ ပွဲမှာ အောင်မြင်မှုရာခိုင်နှုန်းအနေနဲ့ ၆၇ ဒသမ ၇၉ ရရှိထားသူဖြစ်ပြီး ပရီမီယာလိဂ်သမိုင်းမှာတော့ အောင်မြင်မှုအများဆုံးရရှိထားတဲ့ ကစားသမားအဖြစ်လည်း စံချိန်တင်ထားသူဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ရာသီကလည်း သူဘောလုံးလုယူနိုင်မှုဟာ ၁၇၅ ကြိမ်ရှိခဲ့ပြီး ဘောလုံးဖျက်ထုတ်နိုင်မှုကတော့ ၁၅၆ ကြိမ်တောင် ရှိခဲ့တဲ့သူလည်းဖြစ်ပါတယ်။ သူဟာ ကွင်းလယ်ခံစစ်ကနေ အကောင်းဆုံး ဖျက်ထုတ်နိုင်စွမ်းရှိတဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီကသူဟာ လက်စတာအသင်းနဲ့အတူ ပရီမီယာလိဂ်ဆုဖလားကို ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

### ချယ်လ်ဆီးအသင်းနဲ့ အသားကျမှု

အခု အခါမှာတော့ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပြီး ဆုဖလားရရှိဖို့ အခြေအနေကောင်းနေတာကြောင့် ကန်တီဟာ နှစ်နှစ်ဆက်တိုက် ပရီမီယာလိဂ်ဆုဖလားရယူနိုင်ဖို့ရှိနေတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ်သမိုင်းမှာလည်း ကန်တီဟာ မတူညီတဲ့အသင်းမှာ ပရီမီယာလိဂ်ဆုကို ဆက်တိုက်ရရှိတဲ့ ပထမဦးဆုံးကွင်းလယ်ကစားသမားတစ်ဦးအဖြစ်လည်း စံချိန်ဝင်သွားဖို့ရှိနေပါတယ်။

ဒါ့အပြင်ကန်တီသည် ယခုနှစ် ရာသီမှာ ချယ်လ်ဆီးအသင်းမှာ ဘောလုံးပေးပို့နိုင်မှု ဒုတိယအများဆုံး ကစားသမားတစ်ဦးဖြစ်ပြီး တစ်ပွဲမှာ ၆၀ ဒသမ၇ ရာခိုင်နှုန်းရှိတဲ့ သူလည်းဖြစ်ပါတယ်။ ဘောလုံးပေးပို့ရာမှာတိကျမှုကတော့ ၈၇ ဒသမ၇ ရာခိုင်နှုန်း ရှိပါတယ်။ ဒါပေမယ့် ကန်တီအနေနဲ့ အသင်းရဲ့တိုက်စစ်ပိုင်းနဲ့ပတ်သက်ပြီး ဘောလုံး ပေးပို့မှုတွေကိုတော့ အကောင်းဆုံး လုပ်ဆောင်မပေးနိုင်ပေမယ့်တစ်သင်းလုံးအပေါ် အကျိုးပြုနိုင်မှုကတော့ အခြားကစားသမားတော်တော်များများထက်သာတယ်လို့ လည်းပြောရမှာပါ။

### အွန်နရီရဲ့ချီးကျူးမှု

ဒါကြောင့်လည်း အာဆင်နယ်အသင်းဂန္ထဝင်တိုက်စစ်မှူးအွန်နရီက ချယ်လ်ဆီးအသင်းရဲ့လေ့ကျင့်ရေးကွင်းသို့ သွားရောက်လည်ပတ်ခဲ့စဉ်က ဟာဇတ်နဲ့ ကန်တီကိုသာ သတိထားမိခဲ့ကြောင်းနှင့် ကန်တီအနေဖြင့် ယခုနှစ်ရာသီရဲ့ ပရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရရှိသင့်ကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အွန်နရီက "ဒီနှစ်ရာသီကုန်မှာ ကန်တီဟာ ဘာကြောင့် ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မရရှိနိုင်ရမှာလဲ။ သူဟာ အဲ့ဒီဆုအတွက် ထိုက်တန်တဲ့သူလည်းဖြစ်ပါတယ်။ အထူးသဖြင့် ကန်တီတို့လို ကစားသမားမျိုးကို လူတော်တော်များများက သတိမပြုမိတက်ကြပါဘူး။ ဒါပေမယ့်ကန်တီကတော့ ထူးခြားပါတယ်။ သူ့ကိုသတိပြု မိသင့်ပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

ကွင်းလယ်ကစားသမားကန်တီဟာ ချယ်လ်ဆီးအသင်းမှာတော့ တိုက်စစ်မှူး ဒီယေဂိုကော်စတာ၊ ဟာဇတ်တို့လို့ ဂိုးတွေအများကြီးသွင်းယူပေးပြီး အသင်းအတွက် ထင်ထင်ရှားရှား ကစားပြထားနိုင်တဲ့ကစားသမားတစ်ဦးတော့မဟုတ်ပါဘူး။ ဒါပေမယ့် ကန်တီရဲ့ ဒီနှစ်ရာသီမှာ ဘောလုံးလုယူမှု၊ ဖျက်ထုတ်နိုင်မှုတို့ကတော့ ချယ်လ်ဆီးအသင်းရလဒ်ကောင်းတွေ ရရှိဖို့အတွက် အကောင်းဆုံးအကူအညီပေးနိုင်တာကတော့ အမှန်ဖြစ်ပါတယ်။ ဒါကြောင့် ကန်တီဟာ ဒီနှစ်ရာသီမှာလည်း ချယ်လ်ဆီးအသင်းနဲ့ ပရီမီယာလိဂ်ဆုဖလားကို ကိုင်မြှောက်ခွင့် ရရှိနိုင်တဲ့ အများအမြင်မှာ ငုပ်လျှိုးနေတဲ့ အကောင်းဆုံးကွင်းလယ်ကစားသမားတစ်ဦးလို့သာ ဆိုရမှာဖြစ်ပါတယ်။




## ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၁)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၇-၂-၁၇)** | | | |
| နံနက် ၂း၀၀ | အော့စ်ဘတ် | - | လေဗာကူဆင် |
| **စနေနေ့ (၁၈-၂-၁၇)** | | | |
| ည ၉း၀၀ | ဒေါ့မွန် | - | ဝုဗ်ဘတ် |
| ည ၉း၀၀ | မိန့်ဇ် | - | ဝါဒါဘရီမင် |
| ည ၉း၀၀ | ဟာသာဘာလင် | - | ဘိုင်ယန် |
| ည ၉း၀၀ | ဟော့ဖန်ဟိန်း | - | ဒရန်စတတ် |
| ည ၉း၀၀ | ဖရန့်ဖွတ် | - | အင်ဂိုစတတ် |
| နံနက် ၀၀း၀၀ | ဟမ်းဘတ် | - | ဖရိုင်းဘတ် |
| **တနင်္ဂနွေနေ့ (၁၉-၂-၁၇)** | | | |
| ည ၉း၀၀ | ဂလာဘတ်ချ် | - | လိုက်ပဇစ် |
| ည ၁၁း၀၀ | ကိုလုံး | - | ရှော်လ်ကေး |

## စပိန်လာလီဂါပွဲစဉ်(၂၃)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၇-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ဂရန်နာဒါ | - | ဘတ်တစ် |
| **စနေနေ့ (၁၈-၂-၁၇)** | | | |
| ည ၆း၃၀ | ဂီဂျွန် | - | အက်သလက် |
| ည ၉း၄၅ | ရီးရဲ | - | အက်စ်ပန်ညိုု |
| နံနက် ၀၀း၀၀ | ဒီပိုတီဗို | - | အလာဗက်စ် |
| နံနက် ၂း၁၅ | ဆီဗီလာ | - | အီဘာ |
| **တနင်္ဂနွေနေ့ (၁၉-၂-၁၇)** | | | |
| ည ၅း၃၀ | ဆိုစီဒက်စ် | - | ဗီလာရီးရဲ |
| ည ၉း၄၅ | ဗလင်စီယာ | - | ဘီဘာအို |
| နံနက် ၀၀း၀၀ | ဆဲလ်တာဗီဂို | - | အိုဆာဆူနာ |
| နံနက် ၂း၁၅ | ဘာစီလိုနာ | - | လီဂါနက်စ် |
| **တနင်္လာနေ့ (၂၀-၂-၁၇)** | | | |
| နံနက် ၂း၁၅ | မာလာဂါ | - | လက်ပဲလ်မက်စ် |

## စီးရီးအေပွဲစဉ်(၂၅)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၇-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ဂျူဗင်တပ်စ် | - | ပါလာမို |
| **စနေနေ့ (၁၈-၂-၁၇)** | | | |
| ည ၁၁း၃၀ | အတ္တလန္တာ | - | ခရိုတိုနီ |
| နံနက် ၂း၁၅ | အမ်ပိုလီ | - | လာဇီယို |
| **တနင်္ဂနွေနေ့ (၁၉-၂-၁၇)** | | | |
| ည ၆း၀၀ | ဘိုလော့ဂ်နာ | - | အင်တာ |
| ည ၈း၃၀ | ဆမ်ဒိုးရီးယား | - | ကယ်ဂလီယာရီ |
| ည ၈း၃၀ | ပက်စ်ကာရာ | - | ဂျီနိုအာ |
| ည ၈း၃၀ | ချီယေဗို | - | နာပိုလီ |
| ည ၈း၃၀ | အူဒီးနိစ် | - | ဆာဆူအိုလို |
| ည ၁၁း၃၀ | ရိုမာ | - | တိုရီနို |
| နံနက် ၂း၁၅ | မီလန် | - | ဖီအိုရင်တီးနား |

## ပြင်သစ်ပထမတန်းပွဲစဉ်(၂၆)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၇-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ဘက်စတီယာ | - | မိုနာကို |
| **စနေနေ့ (၁၈-၂-၁၇)** | | | |
| ည ၁၀း၃၀ | မာဆေး | - | ရိန်းစ် |
| နံနက် ၁း၃၀ | လောရီယင့် | - | နိုက်စ် |
| နံနက် ၁း၃၀ | အန်ဂျာစ် | - | နန့်စီ |
| နံနက် ၁း၃၀ | ကိန်းစ် | - | လေလီ |
| နံနက် ၁း၃၀ | မက်ဇ် | - | နန့်စ် |
| **တနင်္ဂနွေနေ့ (၁၉-၂-၁၇)** | | | |
| ည ၈း၃၀ | ဘော်ဒိုး | - | ဂူအင်ဂမ့် |
| ည ၁၀း၃၀ | မောင့်ပယ်လီယာ | - | စိန့်အေတီယန် |
| ည ၁၀း၃၀ | လယ်ွန် | - | ဒီဂျွန် |
| နံနက် ၂း၃၀ | ပီအက်စ်ဂျီ | - | တူးလောက်စ် |

## အက်ဖ်အေ ဖလား ပဉ္စမအဆင့်

| | | | |
|---|---|---|---|
| **စနေနေ့ (၁၈-၂-၁၇)** | | | |
| ည ၇း၀၀ | ဘန်လေ | - | လင်ကွန်း |
| ည ၉း၃၀ | မစ်ဒယ်ဘရော | - | အောက်စဖို့ဒ် |
| ည ၉း၃၀ | ဟတ်ဒါဖီးလ် | - | မန်စီးတီး |
| ည ၉း၃၀ | မီလ်ဝေါ | - | လက်စတာ |
| နံနက် ၀၀း၀၀ | ဝုဗ် | - | ချယ်လ်ဆီး |
| **တနင်္ဂနွေနေ့ (၁၉-၂-၁၇)** | | | |
| ည ၈း၃၀ | ဖူလ်ဟမ် | - | စပါး |
| ည ၁၀း၄၅ | ဘလက်ဘန်း | - | မန်ယူ |
| **တနင်္လာနေ့ (၂၀-၂-၁၇)** | | | |
| နံနက် ၂း၂၅ | ဆက်တန် | - | အာဆင်နယ် |

CHAMPIONS LEAGUE

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပ-ကျော့

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၂၁-၂-၁၇)** | | | |
| နံနက် ၂း၁၅ | မန်စီးတီး | - | မိုနာကို |
| နံနက် ၂း၁၅ | လေဗာကူဆင် | - | အက်သလက် |
| **ဗုဒ္ဓဟူးနေ့ (၂၂-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ပေါ်တို | - | ဂျူဗင်တပ်စ် |
| နံနက် ၂း၁၅ | ဆီဗီလာ | - | လက်စတာ |

# (၂၁)ရာစု ပင်လုံကိုကြိုဆို မြစ်ကြီးနားမှ နေပြည်တော်ထိ မသန်စွမ်းအဖွဲ့ချီတက်မည်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၆**

မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်း၌ ဖေဖော်ဝါရီ ၁၄ ရက်က ငြိမ်းချမ်းရေးအတွက် တွဲလက်များဂီတ ဖျော်ဖြေပွဲအခမ်းအနား ကျင်းပသည်။

"ကချင်ပြည်နယ် အတွင်းမှာ တပ်မတော်နဲ့ KIO/ KIA တို့ကြား တိုက်ပွဲတွေ ဖြစ်နေတဲ့အတွက် ကြောင့် မငြိမ်းချမ်းတဲ့နယ်မြေတွေက ဉာဏ်ရည်မသန်စွမ်းတဲ့သူတွေ ပညာသင်ကြားနေမှုတွေ ခက်ခဲပြီး နယ်မြေငြိမ်းချမ်းတဲ့နေရာက ပညာသင်ကြားခွင့်တွေရရှိနေတယ်။ တန်းတူ ပညာသင်ကြားခွင့် ရရှိဖို့အတွက် ငြိမ်းချမ်းရေးက အဓိကပဲ။ ငြိမ်းချမ်းရေး ရဖို့အတွက် လက်နက်ကိုင်ပြီးဖြေရှင်းလို့မရဘူး။ စကားဝိုင်းတွင်သာ ဖြေရှင်းဖို့လိုအပ်ပါတယ်"ဟု ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)ဒုကျောင်းအုပ် ဒေါ်မြသီတာလွင်က အဆိုပါအခမ်းအနားတွင် ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များ ဂီတဖျော်ဖြေပွဲတွင် ရန်ကုန်မျက်မမြင်ကျောင်းနှင့် မြစ်ကြီးနားမျက်မမြင်ကျောင်းမှ မျက်မမြင်များက တေးသီချင်း၊ ငြိမ်းချမ်းရေးအတွက် ကဗျာရွတ်ခြင်း၊ ငြိမ်းချမ်းရေးအတွက် ဟောပြောခြင်းနှင့် ငြိမ်းချမ်းရေးလိုလားသူများ စစ်တမ်းကောက် လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

"ငြိမ်းချမ်းရေးလိုလားပြီး လက်မှတ်ရေးထိုးထားတဲ့ စစ်တမ်းတွေကို လက်ရှိအစိုးရနဲ့ တပ်မတော်လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးကို ပေးပို့သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မြစ်ကြီးနားမှနေပြည်တော်ထိ ချီတက်မည့် ငြိမ်းချမ်းရေးအတွက် Wheel Chair အစီအစဉ် ကိုယ်အင်္ဂါမသန်စွမ်း အဖွဲ့ခေါင်းဆောင် ဦးထိန်လင်းက "ကျွန်တော်တို့ နေပြည်တော်အထိ ချီတက်တဲ့နေရာမှာ ပါဝင်တာကတော့ ဒုတိယအကြိမ်ပြုလုပ်မယ့် (၂၁)ရာစု ပင်လုံညီလာခံကို ကြိုဆိုထောက်ခံတာ။ မသန်စွမ်းပြည်သူတွေကလည်း ငြိမ်းချမ်းရေးကို လိုလားတယ်ဆိုတာကို လမ်းတစ်လျှောက်မှာရှိတဲ့ မိဘပြည်သူတွေ သိရှိစေဖို့အတွက် ပါဝင်ရခြင်းဖြစ်ပါတယ်" ဟုပြောသည်။



ငြိမ်းချမ်းရေးအတွက် Wheel Chair အစီအစဉ်ကို မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်အထိ မြို့နယ် ၁၄ ခုကို ဖြတ်ကျော်သွားမည်ဖြစ်ကာ ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၀ ဦးမှ Wheel Chair များဖြင့် ဖေဖော်ဝါရီ ၁၅ ရက်က မြစ်ကြီးနားမှ စတင်ထွက်ခွာပြီး နေပြည်တော်အထိ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**




## ကလိန်အောင်မြို့ သမိုင်းဝင်ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော် မုခ်ဦးပြာသာဒ် ညီနောင်သုံးဆူ ထီးတော်တင်လှူ

**ကလိန်အောင် ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အမှတ်(၄) ရပ်ကွက်အတွင်းရှိ သမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ မုခ်ဦးပြာသာဒ် ညီနောင်သုံးဆူ ထီးတော်တင် အလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီလ ဒုတိယပတ်က ဆံတော်ရှင်စေတီတော်ဓမ္မာရုံ၌ ကျင်းပသည်။

ဆက်လက်၍ ကလိန်အောင်မြို့ ဆုတောင်းပြည့်ဆံတော်ရှင်ဘုရား ဂေါပကဥက္ကဋ္ဌက မုခ်ဦးပြာသာဒ် ညီနောင်သုံးဆူ ထီးတော်တင်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားတင်ပြကာ ကလိန်အောင်မြို့သဒ္ဓမ္မရံသီအောင်တော်မူ ဝတ်ပြုကျောင်း ဆရာတော် ဦးကောသလ္လထံမှ ငါးပါးသီလနှင့် ဩဝါဒကထာနာယူကြသည်။

အဆိုပါ စေတီတော်မြတ်ကြီး၏ ပြာသာဒ်မုခ်ဦးထီးတော်တင် မတည်အလှူရှင်များမှာ ဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကဝန်ထမ်းများ၊ ဆိုင်ရောင်းသူနှင့် ပန်းရန်အဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဦးသန်းဝင်းနှင့် ဒေါ်ခင်မာအေးမိသားစုတို့က စုပေါင်း၍ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# မိုးဖြဲနယ်မြေ မီးသတ်စခန်းသစ်ဖွင့်ပွဲကျင်းပ

**ဖယ်ခုံ ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဖြဲနယ်မြေတွင် မီးသတ်စခန်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က မီးသတ်စခန်းမြေနေရာသစ်တွင် ကျင်းပရာ မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးဦးတို့က မိုးဖြဲနယ်မြေမီးသတ်စခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မိုးဖြဲနယ်မြေမီးသတ်စခန်းသစ်အတွက် ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဒေါင်ဖန်း(DFAC) ဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးနှင့် ဖော(FAW) ဂါလန် ၇၆၀ ဆံ့ မီးသတ်ယာဉ်တစ်စီး စုစုပေါင်းနှစ်စီးရရှိခဲ့ပြီး ရုံး၊ ကားဂိုဒေါင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် မကြာမီရရှိမည်ဖြစ်ကြောင်း သိရသည်။

မိုးဖြဲဒေသသည် လက်ရှိကျေးရွာအုပ်စုအဆင့်ဖြစ်သော်လည်း မြို့အဆင့်ရရှိရေး ရပ်မိရပ်ဖများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီရရှိမည်ဖြစ်ကြောင်း သိရသည်။ မိုးဖြဲတွင် ရပ်ကွက် ၁၄ ခု၊ အိမ်ခြေ ၂၆၄၀ ခန့်နှင့် လူဦးရေ ၁၂၄၇၇ ဦးခန့် နေထိုင်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ ဖွံ့ဖြိုးတိုးတက်လာသော နေရာဒေသတစ်ခုဖြစ်သည်။

မိုးဖြဲနယ်မြေမီးသတ်စခန်းသစ်တွင် လက်ရှိအားဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်လေးဦးခန့်ထားလျက်ရှိပြီး ဖွဲ့စည်းပုံကိုးဦးပြည့် ထပ်မံခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## ခနော့ဖြူမြို့နယ် မိုးသပြု - ကျူတောရိုးတံတား ပြန်လည်တည်ဆောက်

**ခနော့ဖြူ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနော့ဖြူမြို့နယ် လမန်းကျေးရွာအုပ်စု မိုးသပြု-ကျူတောရိုးတံတားသည် ၂၀၁၆ ခုနှစ် ဇွန်လတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုများကြောင့် ပြိုကျပျက်စီးသွားခဲ့ပြီး ယခုအခါ ခနော့ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (သဘာဝဘေး) ခွင့်ပြုရန်ပုံငွေဖြင့် (၈၀ × ၁၄ × ၁၅) ပေရှိ တံတားအသစ်ကို ပြန်လည်တည်ဆောက်လျက်ရှိသည်။

အဆိုပါ တံတားတည်ဆောက်ပြီးစီးပါက ကျူတောရိုးကျေးရွာ လမန်းကျေးရွာ၊ အရှေ့စုကျေးရွာ၊ လမန်းအနောက်စုကျေးရွာ၊ မိုးသပြုကျေးရွာ၊ ကြီးချောင်းကျေးရွာ၊ ကျုံပိုင်းကျေးရွာ ၊ ခနောင်ရိုက်ကျေးရွာ၊ ဆင်လူးကျေးရွာစသည့် ကျေးရွာရှစ်ရွာရှိ အိမ်ခြေ ၂၄၈၁၁ လုံး၊ လူဦးရေ ၁၀၉၀၅ ဦးမှာ ကုန်စည်စီးဆင်းမှုများ ပိုမိုတိုးတက်လာနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ လွယ်ကူအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# အညာဒေသ အလေ့ကျအပင်များမှ ထွက်ရှိသော ကြောင်ပန်းစေ့များ တရုတ်နိုင်ငံမှဝယ်ယူ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

အညာဒေသ သဲချောင်းဘေးတစ်လျှောက်တွင် အလေ့ကျပေါက်ရောက်နေသည့် ကြောင်ပန်းပင်မှ ထွက်ရှိသော ကြောင်ပန်းစေ့များကို တရုတ်နိုင်ငံမှ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါကြောင်ပန်းပင်မှာ အမြင့် ခုနစ်ပေကျော်ရှိပြီး အရွက်မှာ ကွမ်းရွက်ပုံစံ တစ်ရွက်ခန့်ရှိ၍ နှစ်ရှည်ပင်မျိုးဖြစ်ကာ တစ်နှစ်လျှင် တစ်ကြိမ်သာ အစေ့များ ထွက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ဒီအပင်ကို ထင်းအဖြစ်ခုတ်ပြီး သုံးကြတယ်။ အခုထိလည်း အစေ့ကို ဘယ်လိုသုံးရမလဲဆိုတာ မသိကြသေးဘူး။ တရုတ်ကတော့ ဆေးဖော်စပ်ရာမှာသုံးဖို့ ဝယ်တယ်လို့ သိရတယ်။ မြန်မာနိုင်ငံက အလေ့ကျပေါက်တဲ့အပင်တွေက နိုင်ငံခြားဝင်ငွေရနေတာက ဂုဏ်ယူစရာပါ" ဟု ၎င်းကပြောသည်။

ကြောင်ပန်းစေ့များအား ယခင် ဆယ်စုနှစ်တစ်ခုအတွင်းကပင် တရုတ်နိုင်ငံက စတင်ဝယ်ယူမှုရှိခဲ့သော်လည်း တစ်ပိသာလျှင် ငွေကျပ် ၂၀၀ ဈေးသာရရှိခဲ့ပြီး ယခုငါးနှစ်အတွင်းမှာ ဝယ်လိုအားကောင်းလာသဖြင့် ဈေးမြင့်တက်လာကြောင်း သိရသည်။

"မိုးတွင်းကာလမှာ အညာဒေသ တောင်ကျရေဆင်းတဲ့ သဲချောင်းနဲ့ တောင်ကုန်းတွေမှာပေါက်တဲ့ ကြောင်ပန်းပင်တွေမှာ အပြာရောင်အပွင့်တွေစပြီး ဝေနေတာ ကြည့်လို့အလွန်လှကာ အောက်တိုဘာလမှာ အစေ့ထုတ် ရောင်းကြတာပါ။ ပေါ်ခါစမှာ တစ်ပိဿာကို ငွေကျပ် ၈၀၀ ကစပြီး ယခုဖေဖော်ဝါရီ ၁၃ ရက် ပေါက်ဈေးက ငွေကျပ် ၁၈၀၀ အထိ ဖြစ်နေတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကြောင်ပန်းပင်များကို မြန်မာနိုင်ငံအလယ်ပိုင်း မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ချောက်၊ ဆိပ်ဖြူ၊ မကွေးစသည့် သဲချောင်းများတစ်လျှောက်တွင် အများဆုံး အလေ့ကျ ရှင်သန်ပေါက်ရောက်လေ့ရှိကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မိုးမောက်မြို့နယ်၌ သံဂဟော၊ သံပန်းသင်တန်းဖွင့်

**မိုးမောက် ဖေဖော်ဝါရီ ၁၆**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ မြို့နယ် နှောင်းကွယ်ကျေးရွာ၌ သံဂဟော၊ သံပန်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီလပထမပတ်က ဖွင့်လှစ်ရာ ဗန်းမောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းကို ၁၅ ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# စာပေမြင့်မှ လူမျိုးတင့်မည်

# မျက်စိဝေဒနာရှင်များအားအခမဲ့လာရောက်ကုသပေးမည်

**ဟုမ္မလင်း ဖေဖော်ဝါရီ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဦးစီးဌာနမှ ပါမောက္ခဆရာဝန်ကြီးများနှင့် ဂျာမနီပြည်ထောင်စုမှ မျက်စိဆရာဝန်ကြီး ပါမောက္ခ Volker Klauss ဦးဆောင်သော မျက်စိအထူးကု ဆရာဝန်ကြီးအဖွဲ့သည် မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိအခမဲ့ လာရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိကုသမှုလုပ်ငန်းများကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ မြို့လယ်ကျောင်းဆရာတော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ မျက်စိဝေဒနာရှင်များကို အောင်မြင်စွာခွဲစိတ်ကုသနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂျာမနီ ဆရာဝန်အဖွဲ့များသည် ဟုမ္မလင်းမြို့တွင် သုံးကြိမ်မြောက်အခမဲ့ လာရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်တွင် မျက်စိဝေဒနာရှင် ၁၂၃၁ ဦးခန့် စမ်းသပ်ကုသပေးခဲ့ပြီး အကြီးစားခွဲစိတ်သူပေါင်း ၂၀၂ ဦး၊ အသေးစားခွဲစိတ်သူ ၆၆ ဦး စုစုပေါင်း ၁၄၉၉ ဦးခန့်ရှိပြီဖြစ်ကြောင်း သိရသည်။
**လင်းလင်း(ပြန်/ဆက်)**

# အိမ်တွင်းလက်မှုပညာ စီးကွင့်ထိုးနည်းသင်တန်းဖွင့်

**အင်္ဂပူ ဖေဖော်ဝါရီ ၁၆**
အင်္ဂပူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်အတွင်းမှ အမျိုးသမီးများ ဝင်ငွေတိုးတက်ရရှိရေး အထောက်အကူပြုရန်အတွက် အိမ်တွင်းလက်မှုပညာ စီးကွင့်ထိုးနည်းသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် စာဖတ်ခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောစုမြိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သီသီရှန်တို့က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက လက်ကိုင်အိတ်ထိုးနည်း၊ သော့ချိတ်ပြုလုပ်နည်းများကို လက်တွေ့ သင်ကြားပြသပေးခဲ့သည်။ သင်တန်းသို့ အင်္ဂပူမြို့ပေါ် အမှတ်(၁)၊ (၂)နှင့် (၃) ရပ်ကွက်များမှ အမျိုးသမီးများ တက်ရောက်သင်ကြားကြပြီး သင်တန်းပြီးဆုံးပါက အမျိုးသမီးများအနေဖြင့် မိမိအိမ်တွင်နေထိုင်ရင်း တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေ ရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။
**မန်းကျော်(ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာ ပြုပြင်သင်တန်းဆင်း

**တိုက်ကြီး ဖေဖော်ဝါရီ ၁၆**
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လယ်ထွန်စက်၊ ရိတ်ခြွေလှေ့စက်နှင့် အင်ဂျင်စက်ပြင်သင်တန်း အမှတ်စဉ် (၃/၂၀၁၇) ဆင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် တိုက်ကြီးမြို့နယ် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးလွင်စိုးမင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်မြင့်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်ပြီး သင်တန်းသို့ တိုက်ကြီး မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရ သည်။
**ထွန်းလှိုင်(မြိုင်)**

# လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ဆန်းစစ်ဆွေးနွေး

**ကျောက်တန်း ဖေဖော်ဝါရီ ၁၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ဆန်းစစ်ဆွေးနွေးပွဲကို ကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာ၌ ဖေဖော်ဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် လူထုဗဟိုပြုစီမံကိန်းမှ လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်နှင့် လက်ထောက်နည်းပညာမှူး ဒေါ်မျိုးဟေမာန်လင်းတို့က ရွာသူရွာသားများနှင့် တွေ့ဆုံကာ စီမံကိန်းမိတ်ဆက်အစည်းအဝေး ပြုလုပ်ပြီး လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း၊ ကျေးရွာအတွင်းရှိ အခြေခံအချက်အလက်များ ဖော်ထုတ်ဆွေးနွေးခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများ ဖော်ထုတ်ရေးဆွဲခြင်း၊ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းခြင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲများကို ပီလခတ်ကျေးရွာအပါအဝင် ကျောက်တန်းမြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၂၃ ရွာ၌ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အတွင်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။
**စိုးဝင်း(ကျောက်တန်း)**



# ဆင်းကတ်ပါ Load-Break Switch များ မြင်းခြံမြို့၌ စတင်တပ်ဆင် အသုံးပြုနေ

**မြင်းခြံ ဖေဖော်ဝါရီ ၁၆**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်စေရန်အတွက် ဆင်းကတ်ထည့်သွင်းကာ ချိတ်ဆက်ထိန်းချုပ်နိုင်သည့် Sectionalizer(Auto Line fault) ဖြုတ်စက်နှင့် 11KV Load-Break Switch များကို နေရာငါးခု၌ တပ်ဆင်အသုံးပြုလျက်ရှိပြီး အဆိုပါစက်များ တပ်ဆင်အသုံးပြုခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံး စတင်တပ်ဆင်အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

ဆင်းကတ်ပါ Load-Break Switch များ တပ်ဆင်အသုံးပြုရာတွင် MPT ဆင်းကတ် ထည့်သွင်းအသုံးပြုရပြီး Line Fault ဖြစ်လျှင် သတ်မှတ်ထားသော ဟန်းဖုန်းရှစ်လုံးသို့ အကြောင်းကြားပေးခြင်း၊ ထိန်းချုပ်သူ(တာဝန်ရှိသူ)တစ်ဦးက ဖုန်းလိုင်းမိသည့် မည့်သည့်နေရာမှမဆို ထိန်းချုပ်၍ လိုင်းပြန်တင်ပေးနိုင်ခြင်းတို့ကို ပြုလုပ်ပေးနိုင်ကြောင်း၊ အဆိုပါစနစ်ကို မြန်မာနိုင်ငံတွင် မြင်းခြံမြို့၌ ပထမဆုံး တပ်ဆင်အသုံးပြုခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ထိုဆင်းကတ်ပါ 11KV Load-Break Switch များ တပ်ဆင်ခြင်းလုပ်ငန်းကို မြင်းခြံခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်မြင့်၊ မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးလွင်နှင့် Junction River Trading ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးအောင်ကိုဦးတို့က အနီးကပ်ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိပြီး နေရာငါးခုအနက် လေးခုတွင် တပ်ဆင်ပြီး၍ အသုံးပြုနေပြီဖြစ်ကာ ကျန်နေသည့် တစ်ခုကိုလည်း တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ထို Sectionalizer(Auto Line Fault) ဖြုတ်စက်နှင့် ဆင်းကတ်ပါ 11KV Load-Break Switch များ တပ်ဆင်ခြင်းအတွက် တစ်လုံးလျှင် ပစ္စည်းတန်ဖိုးနှင့် တပ်ဆင်ခ ငွေကျပ်သိန်း ၄၀ ခန့် ကုန်ကျပြီး မြင်းခြံမြို့၌ ဆက်လက်၍လည်း တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ Load-Break Switch များ တပ်ဆင်အသုံးပြုခြင်းဖြင့် မိန်းဓာတ်အားခွဲရုံရှိ ဆားဗစ်နှင့် ဘရိတ်များ ပျက်စီးမှုမရှိစေခြင်းနှင့် ကြာရှည်ခံနိုင်ခြင်း၊ Line Fault များကို အလွယ်တကူ ရှာဖွေနိုင်ခြင်း၊ မီးသုံးစွဲသူ ပြည်သူများအတွက် မလိုအပ်ဘဲ မီးမပျက်ခြင်း၊ မီးပျက်မှုများကို အပိုင်းလိုက် ခွဲခြား၍သိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းလည်း သိရသည်။
**ဇော်မင်းနိုင်(မြင်းခြံ)**



ဆင်းကတ်ပါ 11KV Load-Break Switch များ လိုက်လံတပ်ဆင်နေစဉ်

# မူကြိုကလေးငယ်များအား လေ့လာရေးခရီးပို့ဆောင်ပေး



**ဖျာပုံ ဖေဖော်ဝါရီ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသည့် လူမှုဝန်ထမ်း မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်က ဖျာပုံမြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တု၊ ဆရာဇော်ဂျီ ကြေးသွန်းရုပ်တုနှင့် ဆရာဇော်ဂျီ စာကြည့်တိုက်များသို့ လေ့လာရေးခရီး လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

"ဒီနေ့ဟာ မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့၊ တစ်နည်းပြောရရင် မြန်မာနိုင်ငံ ကလေးများနေ့၊ ဒီလိုနေ့မှာ ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖြူစင်ရိုးသား ပွင့်လင်းတဲ့စိတ်၊ ကိုယ်ကျိုးမဖက်တဲ့စိတ်၊ နိုင်ငံကိုချစ်တဲ့စိတ်၊ တိုင်းပြည်အပေါ် စွန့်လွှတ်အနစ်နာခံတတ်တဲ့ စိတ်တွေကို နိုင်ငံ့ရင်သွေးလေးတွေဖြစ်တဲ့ ကျွန်မတို့မူကြိုက ကလေးတွေရင်ထဲကိန်းအောင်းသွားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီဗိုလ်ချုပ်ကြေးရုပ်ရှေ့ကို ခေါ်လာတယ်။ အလေးဂါရဝပြုစေတယ်။ ပြီးတော့ ဗိုလ်ချုပ်ရဲ့အကြောင်းတွေကို သူတို့လေးတွေနားလည်အောင် ပြောပြတယ်။ ဒီလို လက်တွေ့သင်ပေးခြင်းဖြင့် ကလေးတွေရဲ့ရင်ထဲ မှန်ကန်တဲ့အတွေးအခေါ်တွေ၊ ကောင်းမွန်တဲ့စိတ်ဓာတ်တွေ ရရှိစေဖို့ ရည်ရွယ်ပို့ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်"ဟု ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်တင်တင်အေးက ပြောသည်။

ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနသည် ဖေဖော်ဝါရီ ၁၂ ရက်ကလည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မူကြိုကလေးငယ်များ ဉာဏ စွမ်းရည်ပြိုင်ပွဲကို ဦးစီးကျင်းပပေးခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ရေကန်နှင့် ကန်ပေါင် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုများဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး

**မြိတ် ဖေဖော်ဝါရီ ၁၆**
မြိတ်မြို့ မြစ်ငယ်ရပ်ကွက်တွင်တည်ရှိပြီး မြို့၏ သမိုင်းဝင်ရေကန်ဖြစ်သော ၂၁ ဒသမ ၆၄ ဧကအကျယ်ရှိ ရေကန်နှင့် ကန်ပေါင် စိမ်းလန်းစိုပြည်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရေကန်ပေါင် စိမ်းလန်းစိုပြည်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ရေကန်တူးဖော်ခြင်းလုပ်ငန်းမှာ ပမာဏ ထုထည်ကြီးမားသဖြင့် ရန်ပုံငွေ ရှာဖွေထူထောင်ကာ စနစ်တကျဆောင်ရွက်ရန်၊ ရေကန်တူးဖော်ရာတွင် အစိုးရနှင့် ဒေသခံပြည်သူများ၊ စေတနာရှင်များ စုပေါင်းကာ ဝိုင်းဝန်းဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးခဲ့ကြသည်။



ရေကန်ပေါင် စိမ်းလန်းစိုပြည်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးကော်မတီကိုလည်း စနစ်တကျ ဖွဲ့စည်းခဲ့ကြပြီး ရေကန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရန်ပုံငွေ ထူထောင်၍ လုပ်ငန်းဆပ်ကော်မတီများ ဆက်လက်ဖွဲ့စည်းကာ ယခုနှစ် မိုးရာသီအကုန်တွင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။
**ခိုင်ထူး(မြိတ်)**

# မြစိမ်းရောင်ကျေးရွာ စိုက်ခင်းများအောင်မြင်

**သံတွဲ ဖေဖော်ဝါရီ ၁၆** တောင်ကုတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရန်ခေါ်ကျေးရွာမှ ဦးလုကျော်၏ဂေါ်ဖီစိုက်ခင်းသို့ ဖေဖော်ဝါရီလဒုတိယပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့်အဖွဲ့တို့ သွားရောက်၍ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေမှုအခြေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ အဆိုပါတောင်သူသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင် ရန်ပုံငွေ ကျပ်ငါးသိန်းကို ချေးယူခဲ့ပြီး ဂေါ်ဖီစိုက်ခင်းတစ်ဧကနှင့် မေမြို့ပန်းစိုက်ခင်း၊ ပဲတောင့်ရှည်စိုက်ခင်းများကို ရာသီအလိုက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရွှေယင်မျှော်စေတီတော်တွင် တင်လှူမည့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ လှည့်လည်အပူဇော်ခံ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာကြီး(စံပြ)ကျေးရွာအနီးရှိ သီရိမ္ဗာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့ပြီး မြန်မာမင်းအဆက်ဆက် ပြုပြင်တည်ထား ကိုးကွယ်ခဲ့ကြသည့် သမိုင်းဝင် ရွှေယင်မျှော်စေတီမြတ်တွင် အသစ်တင်လှူ ပူဇော်မည့် ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များကို ဖေဖော်ဝါရီ ၁၄ ရက်က မိတ္ထီလာမြို့နယ်အတွင်း လှည့်လည် အပူဇော်ခံခဲ့ကြောင်း သိရသည်။

ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များကို မန္တလေးမြို့မှ ဖေဖော်ဝါရီ ၁၃ ရက်က ပင့်ဆောင်ခဲ့ပြီး ဝမ်းတွင်းမြို့နယ်၌ တစ်ညတာ ကိန်းဝပ်အပူဇော်ခံခဲ့ကာ ဖေဖော်ဝါရီ ၁၄ ရက်တွင် မိတ္ထီလာမြို့သို့ ရောက်ရှိသည်။ မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ကျောင်းတိုက်မှတစ်ဆင့် ဆင်တော်သုံးစီး၊ မော်တော်ယာဉ်များ၊ ဝင်းခင်းများဖြင့် ထီးတော်ပင့်ဆောင်ပူဇော်ရေးအဖွဲ့မှ ဆရာတော်ကြီးများက ဦးဆောင်၍ မြို့နယ်အတွင်း လှည့်လည် အပူဇော်ခံခဲ့ခြင်းဖြစ်သည်။

နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ်အတွင်း လှည့်လည်အပူဇော်ခံပြီးနောက် ရွှေမြင်တင်စေတီတွင် ခဏရပ်နား အပူဇော်ခံကာ မွန်းလွဲပိုင်းတွင် သာစည်မြို့နယ်သို့ မိတ္ထီလာ-တောင်ကြီးကားလမ်းမအတိုင်း ဆက်လက်ပင့်ဆောင် အပူဇော်ခံပြီးနောက် ရွာကြီး (စံပြ) ကျေးရွာအနီးရှိ ရွှေယင်မျှော်စေတီတော်သို့ ဆက်လက်ပင့်ဆောင်ကာ ထီးတင်ပွဲကျင်းပမည့် ကာလမတိုင်မီ ရက်ပေါင်း ၂၀ ခန့် အပူဇော်ခံထားရှိပြီးမှ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ တင်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရွှေယင်မျှော်စေတီတော်၏ မူလဒါယကာမှာ သီရိမ္ဗာသောကမင်းကြီးဖြစ်ပြီး ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက ဗုဒ္ဓစွယ်တော်ပင့်ဆောင်ပူဇော်လာသည့် ခရီးတစ်ထောက်တွင် သစ်ပင်ချုံနွယ်များအတွင်းမှ ရောင်ခြည်တော်များ ကွန့်မြူးနေသည့် ယိုယွင်းနေသော ရွှေယင်မျှော်စေတီတော်ကို တွေ့ရှိသဖြင့် ဆက်လက်ပြုပြင်တည်ထားကာ ကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေယင်မျှော်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်ကျော် နှစ်ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း ဘုရားသမိုင်းမှတ်တမ်းများအရ သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# မလှိုင်မြို့နယ် ပုထိုးဖြူဆုတောင်းပြည့်ဘုရား၌ ပျူခေတ်ကျောက်စာများ ထိန်းသိမ်းထား

**မလှိုင် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အုပ်ကြီးကျေးရွာအုပ်စု အုပ်ကလေးကျေးရွာရှိ ပုထိုးဖြူ ဆုတောင်းပြည့်စေတီတော် ကုန်းမြေပေါ်၌ ရှေးမြန်မာမင်းများအဆက်ဆက်က ရေးထိုးခဲ့သော ဘုရားသမိုင်းနှင့် သက်ဆိုင်ရာအချက်အလက် ကမ္ပည်းကျောက်စာများကို ထိန်းသိမ်းထားကြောင်း သိရသည်။ ကျောက်စာများကို စေတီတော်ကုန်းမြေပေါ်ရှိ အုပ်ကလေးဘုန်းတော်ကြီးကျောင်း ဆရာတော်နှင့် ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်ကြောင်း သိရ သည်။

"ဆုတောင်းပြည့်စေတီတော် ကုန်းမြေပေါ်မှ ဘုရားသမိုင်းကျောက်စာများဟာ ပျူခေတ်က ကျောက်စာအစစ်များဟု သိရပါတယ်။ မကြာသေးတဲ့ နှစ်ပိုင်း လပိုင်းက ရှေးဟောင်းသုတေသန ကျောက်စာတိုက်က ဒီကျောက်စာများကို စာတမ်းပြုစုပြီး ကျောက်စာတိုက်ကို ဘုရားကုန်းမြေပေါ်မှာ သီးသန့်ထားရှိခဲ့တာပါ"ဟု ဘုရားကုန်းမြေပေါ်ရှိ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်က မိန့်ကြားသည်။

ကျောက်စာတိုက်တွင် ထားရှိထိန်းသိမ်းထားသည့် ကျောက်စာတိုင်များ၏ အရွယ်အစားများမှာ အမြင့် ၄၇ လက်မ × အနံ ၁၆ လက်မအရွယ်၊ အမြင့် ၃၄ လက်မ × အနံ ၁၀ လက်မအရွယ်၊ အမြင့် ၃၁ လက်မ × အနံ ၁၉ လက်မအရွယ်၊ အမြင့် ၇၄ လက်မ× အနံ ၂၈ လက်မအရွယ် စသည်ဖြင့် အမျိုးမျိုးရှိပြီး ခေတ်ကာလ ကြာမြင့်ခြင်းကြောင့် ကျောက်စာများ ပျက်စီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီတော်တွင် ပုဂံခေတ်လက်ရာ ဘုရားပုထိုး စေတီတော်များ အပါအဝင် ရှေးဟောင်း ယဉ်ကျေးမှုအနုပညာ လက်ရာများစွာလည်း တည်ရှိနေကြောင်း၊ စေတီတော်သည် ပန်ထွာဒိတြာမင်းသမီး သားဆုပန်ခဲ့ရာ ဆုတောင်းပြည့်ခဲ့သဖြင့် ဆုတောင်းပြည့်စေတီတော်ဟု အစဉ်အဆက် ခေါ်ဆိုခဲ့ကြပြီး ဒေသအခေါ်အနေဖြင့် ပုထိုးဖြူစေတီတော်ဟု ခေါ်ကြောင်း၊ လက်ရှိအချိန်အထိလည်း မလှိုင်မြို့နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ပြည်သူများပါ လာရောက်ဖူးမြော် သားဆုပန်လေ့ရှိကြကြောင်း စေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

**ကျော်ကျော်(မလှိုင်)**



# မြင်းခြံခရိုင်အတွင်း စိုက်ပျိုးရေရရှိစေရန် လေးလက်မစက်ရေတွင်းပေါင်း ၂၅၀ တူးဖော်

**မြင်းခြံ ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်များမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေပိုမိုရရှိစေရန်အတွက် လေးလက်မ စက်ရေတွင်းပေါင်း ၂၅၀ ကို မန္တလေးတိုင်းဒေသကြီး အစိုးရ၏ သီးသန့်ရန်ပုံငွေဖြင့် တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

စက်ရေတွင်းများ တူးဖော်ပေးရာတွင် မြင်းခြံမြို့နယ်အတွင်း တွင်းပေါင်း ၁၀၀၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် ငါးဇွန်မြို့နယ်များတွင် တွင်းပေါင်း ၅၀ စီ တူးဖော်ပေးနေခြင်းဖြစ်ပြီး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။ စက်ရေတွင်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သီးသန့်ရန်ပုံငွေ ကျပ် ၂၀၃၈ ဒသမ ၅၂ သန်းဖြင့် တူးဖော်ပေးခြင်းဖြစ်ပြီး တင်ဒါရသော ကုမ္ပဏီများအနေဖြင့် မတ် ၁၅ ရက်နောက်ဆုံးထား၍ ပြီးစီးအောင် ဆောင်ရွက်သွားရမည်ဖြစ်ကာ လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)က နည်းပညာပိုင်းဆိုင်ရာများ ကြီးကြပ်ပေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့က ပူးပေါင်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြင်းခြံခရိုင်အတွင်း၌ တောင်သူများ စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အတွင်း၌လည်း စက်ရေတွင်းပေါင်း ၂၁၃၅ တွင်းကို တူးဖော်ပေးခဲ့ပြီးဖြစ်ကာ အဆိုပါ စက်ရေတွင်းများမှရေဖြင့် မိုးစပါးအပြင် ဆောင်းကြက်သွန်နီ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ပဲတီစိမ်း၊ ငှက်ပျော၊ ဗာဂျီးနီးယားစသည့် သီးနှံပင်များကို ရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်**
**(မြင်းခြံ)**

# ငှက်ဖျားရောဂါပိုးရှိ/မရှိ စစ်ဆေးပေးလျက်ရှိ

**ရေး ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် မြို့နယ်အတွင်းမှ ဖျားနာသူအားလုံးကို ငှက်ဖျားရောဂါပိုးရှိ/မရှိ အမြန်သွေးစစ်ကိရိယာ(RDT)ဖြင့် စစ်ဆေးပေးခြင်းနှင့် ငှက်ဖျားပိုးတွေ့ရှိခဲ့ပါက (ACT)ဆေးပေါင်းများဖြင့် အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေးမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း ငှက်ဖျားပိုးစစ်ဆေးသူ ၄၄၀၃ ဦးထဲတွင် ငှက်ဖျားပိုးတွေ့ရှိသူ ၄၇ ဦးရှိပြီး ၂၀၁၄ ခုနှစ်အတွင်းက ရောဂါစစ်ဆေးသူ ၃၁၄၄ ဦးတွင် ရောဂါပိုးတွေ့ရှိသူ ၁၈၃ ဦးရှိခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ရောဂါရှာဖွေစစ်ဆေးသူ ပိုမိုများပြားလာပြီး ရောဂါပိုးတွေ့ရှိသူ လျော့ကျခဲ့ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ရောဂါတွေ့ရှိသူ ၅ ဒသမ ၈ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးမင်းတင်ဇော်ဦးထံမှ သိရသည်။

ရေးမြို့နယ်တွင် ယခင်နှစ်များက ငှက်ဖျားရောဂါ အများဆုံးဖြစ်ပွားသည့် ဒေသမှာ ရေးချောင်းဖျား အရပ်ဒေသများဖြစ်ခဲ့ကြောင်း၊ တောတောင်ထူထပ်ပြီး ချောင်းမြောင်းပေါများခြင်းကြောင့် ငှက်ဖျားခြင်များ ပိုမိုပေါက်ပွားနိုင်သည့် နေရာများဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရေးမြို့နယ်အတွင်း ဒေသများ၌ ငှက်ဖျားရောဂါ ကင်းဝေးရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နိုင်ငံတကာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# မော်ကျွန်းမြို့ ပန်းခတံတားသစ် ဖွင့်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ ကျေးရွာ ၃၀ ၏ လမ်းပန်းဆက်သွယ်ရေးအတွက် အကျိုးပြုမည့် ကျုံလတာကျေးရွာနှင့် လေးအိမ်တန်းကျေးရွာ ဆက်သွယ်သည့် ပန်းခချောင်းကူးတံတားသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။

တံတားသစ်ကို လေးအိမ်တန်းကျေးရွာဆရာတော်၊ ကျုံလတာကျေးရွာဆရာတော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် မတည်အလှူရှင် ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တံတားဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုလွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးက အလှူရှင်များထံ ပေးအပ်ခဲ့သည်။ ပန်းခချောင်းကူးတံတားသစ်သည် အရှည် ၁၁၄ ပေ၊ အကျယ် ၁၁ ပေရှိပြီး အာရ်စီကွန်ကရစ်တံတားဖြစ်ကာ ငွေကျပ်သိန်း ၁၂၀ အကုန်ကျခံ၍ တည်ဆောက်ထားကြောင်းနှင့် ဒေသတွင်းကျေးရွာအုပ်စု ရှစ်ခုအတွင်းရှိ ကျေးရွာ ၃၀ ကျော်မှ ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသောတံတားဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၇ အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၁၇ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ မတ် ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲအဖြစ် အမျိုးသားနှင့် အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ အကြီးတန်းပြိုင်ပွဲများအဖြစ် အသက် ၃၅ နှစ်အထက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၅၅ နှစ်အထက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အသက် ၆၀ နှစ်အထက် အမျိုးသား တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကာ လူငယ်ပြိုင်ပွဲများအဖြစ် အသက် ၁၀ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၂ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲနှင့် အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများအနေဖြင့် ကွင်းတာဝန်ခံ ဒေါ်မေဖြိုးကျော် ဖုန်း - ၀၉-၂၅၀၁၈၇၀၄၀ နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် စုံစမ်းရေးဌာန ဖုန်း- ၀၁-၃၇၂၃၆၀ သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းမောင်(ရန်ကင်း)**

**စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်** (၂၀၁၆-၂၀၁၇ ဗုဒ္ဓဂယာခရီးစဉ်များ)

၈ ရက် / ၁၂ ရက် / ၁၅ ရက် / ၁၅ ရက် (ကိုလ်ကတ္တားပါ) – စရိ(၂)သိန်း + ဒေါ်လာ ၆၅၀ / ဒေါ်လာ ၇၅၀ / ဒေါ်လာ ၈၀၀ / ဒေါ်လာ ၈၅၀ (အမှန်အကန် စရိတ်ငြိမ်း)

- မတ် ၁၅ (၁၃ လို) ၊ ဧပြီ ၁၂ (သင်္ကြန်ပိတ်ရက်) (ပြည့်)။
- မတ် ၆ (၁ လို) ၊ ၁၇(၁ လို)၊ ၂၂ (၂၂ လို) ၊ ဧပြီ ၈ (သင်္ကြန်ပိတ်ရက်)။
- မတ် ၁ (ပြည့်) ၊ ဧပြီ ၁၂ (သင်္ကြန်ပိတ်ရက်)(၉ လို)။
- မတ် ၂၀ (၁ လို) ၊ ၂၅ (၅ လို) ၊ ဧပြီ ၈ (သင်္ကြန်ပိတ်ရက်) (၂၀ လို)။

လိုင်စင်အမှတ် ပခ-၀၂၈၂ | သံရုံးသို့လိုက်ရန်မလို | စရိတ်ငွေချေ/ဦးရာလူစနစ် | Air Bus လေယာဉ်ကြီးများဖြင့်သာ

Website : www.khinnandartravel.com | Email: khinnandartravels@gmail.com

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄






**Dealership Network**

| Yangon | | | | Mandalay | | Nay Pyi Taw | | Sagaing | |
|---|---|---|---|---|---|---|---|---|---|
| (1) L&S | 01-393070 | (5) CACT | 09-454247772 | (10) United Eleven | 09-257199911 | (13) Ayeyar Hinthar | 09-787148795 | (16) CKA | 09-975551944 |
| (2) Aung | 01-655813 | (6) MC Ayeyar | 01-578262 | (11) AIG-MADP | 09-73040366 | (14) Farmer Auto | 09-5601364 | Magway | |
| (3) Myo | 01-400399 | (7) Garmanit Zaya | 09-799996699 | (12) Century Auto | 09-777777085 | Pathein | | (17) Farmer Auto | 09-421035998 |
| (4) Yenadi | 01-201619 | (8) Yangon Suzuki | 09-777735353 | | | (15) CGDC | 09-771212985 | | |
| | | (9) MMC | 09-444785775 | | | | | | |

Always Close to Your Way of Life! SUZUKI MYANMAR MOTOR CALL CENTER 01-2399-777 MON - SAT 09:00-17:00

Suzuki (Myanmar) Motor Co.,Ltd.
Tel: (951) 591 304, 591 305, 591 351, 591 352, 590 529 Fax: (951) 591 302
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd

SUZUKI Way of Life!








ဝန်ဆောင်မှု သံယံ San brotherhood

"စစ်ဆေးစမ်းသပ်(အခမဲ့)"

**Air-Con**, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း






(၃ နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း

1HP 255000Ks

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း အစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ်အခြေအနေ ရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ပြည်ထောင်စုအစိုးရက အသစ်ခန့်အပ်လိုက်သည့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် သံတမန် အသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့ဝင် ၆၀ ကျော်ကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် တွေ့ဆုံခဲ့ပြီး ၎င်း၏ လုပ်ငန်းတာဝန်၊ ဆောင်ရွက်ရသည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဦးသောင်းထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့လည်း တက်ရောက်ခဲ့ကြသည်။** (အောက်ပုံ)



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ အခန်းကဏ္ဍသစ် အနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြား၍ တွေ့ဆုံပွဲကို စတင်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတို့ကို အစိုးရ၏ ဦးစားပေးအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပြီး "အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးမရှိရင် သာယာဝပြောသော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ တည်ဆောက်ဖို့ မျှော်မှန်းနိုင်မှာ မဟုတ်" ဟု အလေးပေး ပြောကြားခဲ့သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❒



# စွန့်ပစ်အမှိုက်ကိုအသုံးပြု၍ လျှပ်စစ်စွမ်းအင် ထုတ်လုပ်သည့်စက်ရုံ စမ်းသပ်လည်ပတ်နေ

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်အတွင်း စွန့်ပစ်အမှိုက်ကို အသုံးပြု၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့် စက်ရုံကို တည်ဆောက်ပြီးစီးလျက်ရှိရာ ဖေဖော်ရီ ၁၁ ရက်မှစ၍ စက်များ စမ်းသပ်လည်ပတ်လျက်ရှိကြောင်း သိရသည်။

စက်ရုံတည်ဆောက်ခြင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ စတင်ခဲ့ပြီး ဆောက်လုပ်ရေးကာလအဖြစ် နှစ်နှစ် သတ်မှတ်ထားသော်လည်း မူလသတ်မှတ်ချိန်ထက်စော၍ ပြီးစီးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အမေရိကန်ဒေါ်လာ ရှစ်သန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အမေရိကန်ဒေါ်လာ ရှစ်သန်း ထည့်ဝင်၍ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စက်ရုံတည်ဆောက်ခြင်းကို (JFEE) ဂျပန်အဖွဲ့နှင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

စက်ရုံစမ်းသပ်လည်ပတ်နေမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က "ကျွန်တော်တို့ မီးရှို့မယ့်စက်က တစ်ရက်

*စာမျက်နှာ ၆ ကော်လံ ၁* ✳

